# ကြေးမုံ

**The Mirror Daily**

Established in 1957

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

e - paper ဖတ်ရှုရန်


**ကောင်းမှုအနည်းငယ်ပြုဖန်များသော် ကောင်းမှုနှင့်ပြည့်**

ငါ၏ အနည်းငယ်မျှသော ကောင်းမှုသည် ငါ့အား အကျိုးမပေးလတ္တံ့ဟု ကောင်းမှုကို မထီမဲ့မြင် မမှတ်ရာ၊ မိုးပေါက်ကျဖန်များသော် ရေအိုးကြီးပင် ပြည့်လေသကဲ့သို့ ကောင်းမှုကို အနည်းငယ် အနည်းငယ်ပြုဖန်များသော် ပညာရှိသည် ကောင်းမှုနှင့် ပြည့်လေ၏။

ပါပဝဂ်(ဓမ္မပဒ-၁၂၂)


၁၃၈၈ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၂ ရက် ကြာသပတေးနေ့။ Thursday, 16 July 2026 ၁၂၄၁


## ဒုတိယသမ္မတ ဒေါ်နန်းနီနီအေး ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ထွက်ခွာ

ရန်ကုန် ဇူလိုင် ၁၅

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါ်နန်းနီနီအေး ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ လင်ကျစ်မြို့၌ ကျင်းပမည့် ပဥ္စမအကြိမ်မြောက် တရုတ်နိုင်ငံ ရှီးဇန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ(တိဘက်)၏ အပြည်ပြည်ဆိုင်ရာ

စာမျက်နှာ ၃ ကော်လံ ၁ သို့ ✰

ဒုတိယသမ္မတ ဒေါ်နန်းနီနီအေး ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့အား ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးအောင်နိုင်သူ၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စမာကျားနှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြစဉ်။



**ယနေ့ ဖတ်စရာ**


**စက်မှုလယ်ယာ အထောက်ကူများ ဝါတောင်သူတို့ အထွက်တိုးဖွား**

ဆောင်းပါး စာမျက်နှာ » ၆

**နေရောင်ခြည် စွမ်းအင်ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ**

စာမျက်နှာ » ၈


## လေဖိအားနည်းရပ်ဝန်း ဆက်လက်တည်ရှိ




နေပြည်တော် ဇူလိုင် ၁၅

ယနေ့မွန်းလွဲ ၃ နာရီ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အနောက်မြောက်ပိုင်း အိန္ဒိယနိုင်ငံ ဩရိဿပြည်နယ်မြောက်ပိုင်းကမ်းလွန်-အနောက်ဘင်္ဂလားပြည်နယ်ကမ်းခြေတို့တွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် ဆက်လက်တည်ရှိနေသည်။ အဆိုပါ လေဖိအားနည်းရပ်ဝန်းသည် နောက် ၄၈ နာရီအတွင်း ပိုမိုအားကောင်းလာနိုင်ပြီး အနောက်မြောက်ဘက်သို့ ရွေ့လျားနိုင်ကာ အိန္ဒိယနိုင်ငံ ဩရိဿပြည်နယ်မြောက်ပိုင်းနှင့် အနောက်ဘင်္ဂလားပြည်နယ်တို့ကို ဖြတ်ကျော်နိုင်သည်ဟု ခန့်မှန်းရသည်။

မိုး/ဇလ

## ကင်းတားရေလှောင်တမံ လက်ဝဲမြောင်းမကြီးမှ မိုးစပါးစိုက်ပျိုးရေ စတင်ပေးဝေ စိုက်ပျိုးမြေဧက ၅၂၀၇၀ အကျိုးပြုမည်

ဝမ်းတွင်း ဇူလိုင် ၁၅

မန္တလေးတိုင်းဒေသကြီး ဝမ်းတွင်းမြို့နယ်ရှိ ကင်းတားရေလှောင်တမံ လက်ဝဲမြောင်းမကြီးမှ ဝမ်းတွင်း၊ မြစ်သားနှင့် တံတားဦးမြို့နယ်တို့ရှိ စိုက်ပျိုးမြေဧက ၅၂၀၇၀ အတွက် မိုးစပါးနှင့် မိုးသီးနှံစိုက်ပျိုးရေကို ဇူလိုင် ၁၅ ရက်မှ စတင်ပေးဝေလျက်ရှိသည်။

ကင်းတားလက်ဝဲမြောင်း ပေတိုင်-၁၃၄၂၀၀ ရှိ စမုံရေငုပ်ပြွန်မှာ ယခင်က ရာဂီမုန်တိုင်းဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သဖြင့်

စာမျက်နှာ ၃ ကော်လံ ၁ သို့ ❒



## မဒေါက်မြို့အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများ ရေဘေးလွတ်ရာနေရာများသို့ ရှောင်ရှား

နေပြည်တော် ဇူလိုင် ၁၅

ယနေ့နံနက် ၆ နာရီခွဲ တိုင်းထွာချက်အရ ချင်းတွင်းမြစ်ရေသည် ဟုမ္မလင်းမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ပေဝက်ကျော်တွင်ရောက်ရှိနေပြီး နောက်တစ်ရက်အတွင်း စိုးရိမ်ရေမှတ်အောက်သို့ ပြန်လည်ကျဆင်းနိုင်သည်။

ယနေ့နံနက် ၆ နာရီခွဲ တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် တစ်ပေခန့်တွင်ရောက်ရှိနေပြီး နောက်တစ်ရက်အတွင်း ပေဝက်ခန့် ကျဆင်းလာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ဟုမ္မလင်းမြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် သတိပြုနေထိုင်ရန်နှင့် မဒေါက်မြို့အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများ ရေဘေးလွတ်ရာနေရာများသို့ ရှောင်ရှားနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

မိုး/ဇလ

**မော်တော်ယာဉ်ပိုင်ရှင် အမည်ပြောင်းဆောင်ရွက်မှုအပေါ် အခွန်စိစစ်ခြင်းနှင့် ကျသင့်ငွေများအား Digital Payment ဖြင့် ငွေပေးချေခြင်းကို Online စနစ်ဖြင့် ဆောင်ရွက်နိုင်ပါကြောင်း အသိပေးကြေညာခြင်း**

စာမျက်နှာ » ၃




ကြေးမုံ

# ပြည်သူ့လူမှုကူညီစောင့်ရှောက်မှု ရေရှည်ဖွံ့ဖြိုးမှုအထောက်အကူပြု

မြန်မာနိုင်ငံသည် ထေရဝါဒဗုဒ္ဓဘာသာအခြေခံသည့် နိုင်ငံဖြစ်သလို ဗြဟ္မစိုရ်တရားထွန်းကားသည့် နိုင်ငံဖြစ်သည်။ ဗုဒ္ဓဘာသာအဆုံးအမဖြစ်သည့် သင်္ဂဟတရားနှင့်အညီ သူတစ်ပါးအပေါ် ချီးမြှင့်ထောက်ပံ့လေ့ရှိသည်။ သင်္ဂဟတရားထွန်းကားသည့် လောကကြီးသည် ငြိမ်းချမ်းသာယာ၏။ အခြေအနေအားလျော်စွာ သင်္ဂဟတရားကျင့်သုံးသူတို့သည် စိတ်ချမ်းသာ၏။ တစ်ဦးနှင့်တစ်ဦး ဆက်ဆံကြရာတွင် သင်္ဂဟတရားသည် အလွန်အရေးကြီး၏။ သင်္ဂဟတရားလေးပါးဖြစ်သည့် ဒါန-ပေးကမ်းချီးမြှင့်ထောက်ပံ့ခြင်း၊ ပေယျဝဇ္ဇ- ချစ်ဖွယ်စကားဖြင့် ချီးမြှင့်ခြင်း၊ အတ္ထစရိယာ- သူ့အကျိုးပြီးမြောက်အောင်ဆောင်ရွက်ခြင်း၊ သမာနတ္တတာ- ကိုယ်နှင့်ထပ်တူ ချီးမြှင့်ခြင်းတို့သည် လောကမင်္ဂလာတရားများဖြစ်သည်။

မြန်မာ့လူ့ဘောင်လောကတွင် အားနည်းသူအမျိုးမျိုးရှိကြသည်။ လူအချင်းချင်း စာနာထောက်ထားမှုဖြင့် လူမှုကာကွယ်စောင့်ရှောက်ရေးစနစ်ကို မြန်မာနိုင်ငံတွင် ကျင့်သုံးလျက်ရှိသည်။ လူမှုကာကွယ်စောင့်ရှောက်ရေးစနစ်ကို နိုင်ငံတော်အစိုးရအနေဖြင့်လည်းကောင်း၊ လူမှုကူညီရေးအဖွဲ့အစည်းများအနေဖြင့်လည်းကောင်း ကူညီဆောင်ရွက်ပေးလျက်ရှိသည်။ လူမှုကာကွယ်စောင့်ရှောက်ရေးစနစ်သည် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး၏ အခြေခံမဏ္ဍိုင်တစ်ခုဖြစ်ပြီး ပြည်သူအားလုံး လူမှုဘဝလုံခြုံမှုရှိစေရေး၊ ဆင်းရဲနွမ်းပါးမှု လျှော့ချနိုင်ရေးနှင့် လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးတို့အပြင် နိုင်ငံ၏စီးပွားရေး၊ လူမှုရေးတို့ကို အထောက်အကူပြုသည့် အရေးပါသောကဏ္ဍတစ်ခုအဖြစ် အသိအမှတ်ပြုထားကြသည်။

လူမှုကာကွယ်စောင့်ရှောက်ရေးဆိုသည်မှာ လူတစ်ဦးချင်းနှင့် အိမ်ထောင်စုများကို စီးပွားရေးနှင့် လူမှုရေးဆိုင်ရာကဏ္ဍများတွင် အန္တရာယ်ကျရောက်နိုင်မှုများမှ ကြိုတင်ကာကွယ်ပေးရေး၊ အခြေခံဝန်ဆောင်မှုများနှင့် အခြေခံအဆောက်အအုံများ အပါအဝင် စီးပွားရေးအခွင့်အလမ်းများ မြှင့်တင်ပေးနိုင်ရေး၊ ရုတ်တရက် ဝင်ငွေဆုံးရှုံးမှုများနှင့် အရေးပေါ်အခြေအနေများကြောင့် ဖြစ်ပေါ်လာသည့် လူသားချင်းစာနာထောက်ထားရေးဆိုင်ရာ အခက်အခဲအကျပ်အတည်းများကို ဖြေရှင်းပေးနိုင်ရေးအတွက် နိုင်ငံတော်အစိုးရက မူဝါဒများ၊ လုပ်ထုံးလုပ်နည်းများ၊ အစီအမံများဖြင့် စနစ်တကျ ချမှတ်ဆောင်ရွက်ပေးလျက်ရှိသည့် လုပ်ငန်းစဉ်များကို ဆိုလိုသည်။

မြန်မာနိုင်ငံ၏ လူမှုကာကွယ်စောင့်ရှောက်ရေး အမျိုးသားအဆင့် မဟာဗျူဟာစီမံချက်တွင် အဓိကလုပ်ငန်းစဉ်(၈)ရပ်ဖြစ်သည့် ကိုယ်ဝန်ဆောင်အမျိုးသမီးများနှင့် အသက် နှစ်နှစ်အရွယ်အထိ ကလေးသူငယ်များကို ထောက်ပံ့ငွေပေးအပ်ခြင်း၊ ယင်းထောက်ပံ့ငွေကို အသက်ပိုကြီးသော ကလေးများအတွက် အဆင့်ဆင့်တိုးချဲ့ထောက်ပံ့ပေးခြင်း၊ မသန်စွမ်းသူများအတွက် ထောက်ပံ့ငွေပေးအပ်ခြင်း၊ ကျောင်းတွင်း အာဟာရကျွေးမွေးသောအစီအစဉ်များ ဆောင်ရွက်ခြင်း၊ အများပြည်သူ အလုပ်အကိုင်ရရှိရေးနှင့် အသက်မွေးဝမ်းကျောင်း ပညာရေးအစီအစဉ်များ ဆောင်ရွက်ခြင်း၊ အသက်ကြီးသူချင်း ကူညီစောင့်ရှောက်ရေးအဖွဲ့များအား ထောက်ပံ့ခြင်းနှင့် ဘက်စုံလူမှုကာကွယ်စောင့်ရှောက်ရေး ဝန်ဆောင်မှုများ ဆောင်ရွက်ပေးခြင်းတို့ကို ရေးဆွဲထားရှိသည်။

အဆိုပါ မဟာဗျူဟာစီမံချက်ကို လူမှုကာကွယ်စောင့်ရှောက်ရေး၏ အဓိကမဏ္ဍိုင် ၄ ရပ်ဖြင့် ဆောင်ရွက်လျက်ရှိသည်။ ဝန်ကြီးဌာနများအလိုက် လက်ရှိဆောင်ရွက်နေသော လူမှုကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများ ထိရောက်အောင်မြင်အောင် ဆောင်ရွက်နိုင်ရန်အတွက် နိုင်ငံတော်အစိုးရအပါအဝင် ပုဂ္ဂလိကလုပ်ငန်းရှင်များ၊ ပြည်တွင်း၊ ပြည်ပ ပရဟိတအဖွဲ့အစည်းများသာမက ပြည်သူများအနေဖြင့်လည်း ပူးပေါင်းပါဝင်ဆောင်ရွက်ကြဖို့ လိုသည်။ မဟာဗျူဟာလုပ်ငန်းစဉ်များအနက်မှ အပြည့်အဝဆောင်ရွက်နိုင်ခြင်းမရှိသေးသည့် လုပ်ငန်းများကိုလည်း ကာလတို၊ ကာလလတ်၊ ကာလရှည်စီမံကိန်းရေးဆွဲပြီး ဆောင်ရွက်သွားရန်လိုသည်။ လူမှုကာကွယ်စောင့်ရှောက်ရေး အမျိုးသားအဆင့်မဟာဗျူဟာစီမံချက်ကို အကောင်အထည်ဖော်ဆောင်ရွက်လာသည်မှာ ၁၀ နှစ်ကျော်လာပြီဖြစ်၍ ပြန်လည်သုံးသပ်ပြီး ခေတ်နှင့်လျော်ညီပိုမိုကောင်းမွန်အောင် ဝိုင်းဝန်းဆောင်ရွက်ကြရမည်ဖြစ်သည်။

လူမှုကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းသည် အစိုးရတစ်ရပ်အနေဖြင့် မဖြစ်မနေဆောင်ရွက်ပေးရမည့် လုပ်ငန်းဖြစ်သကဲ့သို့ ပြည်သူလူထုကိုလည်း အမှန်တကယ်အကျိုးပြုသည့် လုပ်ငန်းများဖြစ်သည်။ လူမှုကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းသည် ပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးကို မြှင့်တင်ပေးရုံသာမက နိုင်ငံရေရှည်တည်တံ့ခိုင်မြဲသည့် ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုပြီး အရေးပါသည့် ရင်းနှီးမြှုပ်နှံမှုဖြစ်သည်။ နိုင်ငံတော်၏ ရည်မှန်းချက်ဖြစ်သည့် "မည်သူတစ်ဦးတစ်ယောက်မျှ နောက်ကျမကျန်စေရ" ဆိုသည့်အချက်ကို အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရန်အတွက် လူမှုကာကွယ်စောင့်ရှောက်ရေးစနစ်များ ပိုမိုအားကောင်းလာအောင် နိုင်ငံတော်အစိုးရက အလေးထားဆောင်ရွက်နေသည့် လူမှုကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းစဉ်များတွင် အားလုံးပါဝင် ဝိုင်းဝန်းလက်တွဲဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။ ။

## (၁၅-၇-၂၀၂၆) ရက်နေ့ရှိ နိုင်ငံခြားငွေကြေးဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏနှင့် ငွေလဲလှယ်နှုန်းများ

| | အမေရိကန်ဒေါ်လာ | တရုတ်ယွမ် | ထိုင်းဘတ် | အိန္ဒိယရူပီး |
|---|---|---|---|---|
| ငွေလဲလှယ်နှုန်း | ၃၆၆၂ ~ ၃၆၆၅.၅ | ၅၅၇.၈ ~ ၅၅၈.၆ | ၁၂၅.၄ ~ ၁၂၅.၅ | ၄၃.၆ |
| ဈေးကွက်အတွင်းရောင်းဝယ်သည့် ပမာဏ | ၁၀,၈၉၆,၈၈၇.၅၃ | ၁၄,၆၀၉,၄၄၀.၀၀ | ၁၅,၇၄၉,၄၅၇.၁၅ | |
| ဗဟိုဘဏ်မှ ဈေးကွက်အတွင်း ရောင်းချပေးသည့် ပမာဏ | | | | |

ဈေးကွက်အတွင်း ရောင်းဝယ်သည့်ပမာဏမှာ စားသုံးဆီ၊ စက်သုံးဆီ၊ ဆေးနှင့်ဆေးဝါးကုန်ကြမ်းပစ္စည်း၊ စက်မှုကုန်ကြမ်း၊ ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်း၊ ဂျုံ၊ စိုက်ပျိုးရေးလုပ်ငန်းသုံးပစ္စည်း၊ ဓာတ်မြေဩဇာ၊ ထုပ်ပိုးမှုပစ္စည်းများ၊ စားသုံးကုန်စည် တင်သွင်းခြင်းတို့အတွက် ရောင်းချပေးခဲ့ခြင်းဖြစ်ပါသည်။ CMP ကဏ္ဍဝင်ရောက်ငွေမှ အမေရိကန်ဒေါ်လာ ၆,၈၄၃.၀၄ အား CMP ကုမ္ပဏီသို့ ရောင်းချပေးခဲ့ပါသည်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်

## ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၌ အခွန်ပညာပေး ရှင်းလင်းဆွေးနွေး

ရန်ကုန် ဇူလိုင် ၁၅

ဝင်ငွေကြေညာလွှာတင်သွင်းခြင်းနှင့် အခွန်ပြေစာ အမှတ်တံဆိပ်အကြောင်း သိကောင်းစရာများနှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေးပွဲကို ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် အခွန်ဦးစီးဌာနမှူးရုံး၌ ဇူလိုင် ၁၃ ရက် မွန်းလွဲပိုင်းက ပြုလုပ်သည်။

ထိုသို့ပြုလုပ်ရာတွင် မြို့နယ်အခွန်ဦးစီးဌာနမှူး ဒေါ်သီသီခိုင်နှင့် မြို့နယ်အခွန်ကောက်ခံမှု အထောက်အကူပြုအဖွဲ့ဝင်များက အခွန်ထမ်းပြည်သူများအား ရှင်းလင်းဆွေးနွေးပြီး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

ကိုထက်

## ထန်းတပင်မြို့နယ်၌ ခွေးရူးပြန်ရောဂါကာကွယ်ရေး အသိပညာပေး

ရန်ကုန် ဇူလိုင် ၁၅

ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ်၌ ခွေးရူးပြန်ရောဂါကာကွယ်ရေး အသိပညာပေးဟောပြောပွဲကို ဇူလိုင် ၁၄ ရက် နံနက်ပိုင်းက အထက(ထန်းတပင်)၌ ပြုလုပ်သည်။

ဦးစွာ မြို့နယ်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါက်တာအင်ကြင်းမေ၊ မြို့နယ်ကျန်းမာရေးဦးစီးဌာန သူနာပြုဆရာမ ဒေါ်မိဖြူနှင့် အထက(ထန်းတပင်)ကျောင်းအုပ်ဆရာကြီး ဦးအေးမောင်တို့က အသိပညာပေးဟောပြောပွဲပြုလုပ်ရခြင်း ရည်ရွယ်ချက်များ၊ ခွေးရူးမှတစ်ဆင့် လူသို့ခွေးရူးပြန်ရောဂါကူးစက်ပျံ့နှံ့ခြင်းအကြောင်းအရာများ၊ ခွေးကိုက်ခံရပါက ခွေးရူးပြန်ရောဂါကာကွယ်ဆေးထိုးရန်လိုအပ်ကြောင်းနှင့် ခွေးရူးပြန်ရောဂါ



အကြောင်း သိကောင်းစရာများကို ကျောင်းသား ကျောင်းသူများအား အသိပညာပေးဟောပြောခဲ့ကြောင်း သိရသည်။

ဇင်မင်းထိုက်(ထန်းတပင်)

## ၁၅ - ၇ -၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ** ငွေကျပ် ၆၉၅၀၀၀၀ ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၁၅ - ၇ - ၂၀၂၆

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၁၈,၀၀၀ | ၁၈,၀၀၀ | ၁,၃၈၇ | ၂၄,၉၆၆,၀၀၀ |
| MTSH | ၈,၄၀၀ | ၈,၄၀၀ | ၁၀,၁၄၀ | ၈၅,၀၇၃,၅၀၀ |
| MCB | ၁၄,၀၀၀ | ၁၄,၀၀၀ | ၁၃ | ၁၈၂,၀၀၀ |
| FPB | ၇,၀၀၀ | ၇,၀၀၀ | ၄၆၉ | ၃,၂၈၃,၀၀၀ |
| TMH | ၃,၈၀၀ | ၃,၈၀၀ | ၃၅ | ၁၃၂,၀၀၀ |
| EFR | ၂,၀၀၀ | ၁,၉၅၀ | ၂,၀၂၀ | ၃,၉၃၉,၉၅၀ |
| AMATA | ၄,၀၀၀ | ၄,၀၀၀ | ၀ | ၀ |
| MAEX | ၆,၃၀၀ | ၆,၄၀၀ | ၈ | ၅၀,၅၀၀ |
| MADPL(PLB) | ၆,၁၀၀ | ၆,၃၀၀ | ၂၄၁ | ၁,၄၉၉,၂၀၀ |
| ASPGB(PLB) | ၇၀,၀၀၀ | ၇၂,၀၀၀ | ၄၅၅ | ၃၂,၄၆၅,၀၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဝင်းနိုင်
စာတည်းမှူး - အေဝမ်းစိုး
စာတည်းများ - စန်းအောင်၊ ခင်ခင်သက်၊ ယုဝါဝါ၊ သီသီမင်း၊ ဟိန်းထက်လင်း၊ သက်ထွေး၊ စန်းယဉ်ဦး၊ နိုင်လင်းကြည်
ဘာသာပြန် - အောင်ကျော်ကျော်၊ စိုးသူရ
အကြီးတန်း သတင်းထောက်များ - ခင်မို့မို့အောင်၊ ခင်မျိုးနိုင်၊ မာမာစိုး၊ ခိုင်သန္တာရွှေ၊ ခင်ယုဆွေ၊ အိအိမွန်
အငယ်တန်း သတင်းထောက်များ - အောင်ကျော်ဦး၊ သန်းတင်အောင်၊ ခင်သက်မွန်၊ မြသီတာ
သုတေသန - ဇင်မာဝင့်
စာပြင် - ခင်နှင်းယုနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - နီလာစိုးနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - စိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
https://www.moi.gov.mm/km

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၂၅
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

## ယာဉ်မောင်းလိုင်စင် ဝန်ဆောင်မှုလုပ်ငန်းများ၏ ကျသင့်ငွေများအား Digital Payment ဖြင့် ငွေပေးချေခြင်းနှင့် “ခ”၊ “ဂ”၊ “ဃ”၊ “င” ယာဉ်မောင်းလိုင်စင်သက်တမ်းတိုးခြင်းအား Online စနစ်ဖြင့် ဆောင်ရွက်နိုင်ပါကြောင်း အသိပေးကြေညာခြင်း

၁။ ပို့ဆောင်ရေးဝန်ကြီးဌာန၊ ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနရှိ နေပြည်တော်ရုံး၊ ခရိုင်ရုံး (ရန်ကုန်အရှေ့ပိုင်း)၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)၊ ခရိုင်ရုံး (ရန်ကုန်တောင်ပိုင်း)နှင့် ခရိုင်ရုံး (ရန်ကုန်မြောက်ပိုင်း)၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)နှင့် ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း)ရုံးများတွင် ယာဉ်မောင်းလိုင်စင်ဝန်ဆောင်မှုလုပ်ငန်းများ၏ ကျသင့်ငွေများအား Digital Payment ဖြင့် ငွေပေးချေခြင်းနှင့် Online စနစ်ဖြင့် “ခ”၊ “ဂ”၊ “ဃ”၊ “င” ယာဉ်မောင်းလိုင်စင်သက်တမ်းတိုးခြင်းအား Online စနစ်ဖြင့် သက်တမ်းမကုန်ဆုံးမီ ရက်ပေါင်း ၉၀ အတွင်း ကြိုတင်သက်တမ်းတိုးခြင်းအား ၁၇-၇-၂၀၂၆ ရက် (သောကြာနေ့)မှစတင်၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။

၂။ ယာဉ်မောင်းလိုင်စင်သက်တမ်းတိုးခြင်းကို အွန်လိုင်းမှဝန်ဆောင်မှုရယူလိုသူများသည် မိမိတို့ Mobile Phone/Tablet အသုံးပြု၍ MM Driver License E-Payment Mobile Application အား Google Play Store မှတစ်ဆင့် download ရယူသုံးစွဲနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

၃။ အဆိုပါစနစ်နှင့်ပတ်သက်၍ အသုံးပြုရန် အသေးစိတ်အချက်အလက်များအား www.mot.gov.mm၊ www.rtad.gov.mm နှင့် www.myanmarrtad.comWebsite များတွင် ဝင်ရောက်ကြည့်ရှုနိုင်ပြီး မရှင်းလင်းသည်များရှိပါက အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်-

- ရုံးချုပ်(နေပြည်တော်) - ၀၆၇-၃၄၀၅၀၉၉
- နေပြည်တော်ရုံး - ၀၆၇-၄၅၁၀၀၆၂၊ ၀၆၇-၄၅၁၀၀၆၄
- တိုင်းဒေသကြီးရုံး(ရန်ကုန်) - ၀၉-၉၅၄၉၂၀၀၀၀
- တိုင်းဒေသကြီးရုံး(မန္တလေး) - ၀၉-၄၃၀၉၆၉၈၀

**ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန**

## မော်တော်ယာဉ်ပိုင်ရှင်အမည်ပြောင်းဆောင်ရွက်မှုအပေါ် အခွန်စိစစ်ခြင်းနှင့် ကျသင့်ငွေများအား Digital Payment ဖြင့် ငွေပေးချေခြင်းကို Online စနစ်ဖြင့် ဆောင်ရွက်နိုင်ပါကြောင်း အသိပေးကြေညာခြင်း

၁။ အခွန်ထမ်းပြည်သူများအနေဖြင့် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနတွင် မှတ်ပုံတင်ထားပြီးဖြစ်သော မော်တော်ယာဉ်များအား လူပုဂ္ဂိုလ်တစ်ဦးချင်း၏ အမည်ပြောင်းမှတ်ပုံတင်နိုင်ရန် အခွန်စိစစ်သည့်ကိစ္စရပ်များကို ၂၀၂၆ ခုနှစ်၊ ဇူလိုင်လ(၁၆) ရက်နေ့မှစ၍ Vehicle Automatic Valuation System (VAVS) ဖြင့် ပြောင်းလဲကျင့်သုံးဆောင်ရွက်ပေးသွားမည် ဖြစ်ပါသည်။

၂။ အခွန်ထမ်းပြည်သူများအနေဖြင့် https://vavs.ird.gov.mm ၌ မိမိ၏ ဖုန်းနံပါတ်ကို အသုံးပြု၍ စနစ်အတွင်းသို့ ဝင်ရောက်ပြီး မော်တော်ယာဉ်အမှတ်နှင့် လိုအပ်သောအချက်အလက်များကို ဖြည့်သွင်းပေးခြင်းဖြင့် စနစ်မှ အလိုအလျောက်တန်ဖိုးစိစစ်၍ အခွန်တွက်ချက်ပေးမည်ဖြစ်ပြီး Online Payment ဖြင့် ကျသင့်အခွန်ကို ပေးဆောင်နိုင်မည် ဖြစ်ပါသည်။

၃။ အခွန်ပေးဆောင်ခြင်းကို VAVS စနစ်နှင့် ချိတ်ဆက်ထားသော IRD’s Tax Payment Hub မှ တစ်ဆင့် MPU Debit Card ဖြင့်လည်းကောင်း၊ MMQR Code ကို အသုံးပြု၍ KBZ Pay၊ AYA Pay၊ CB Pay၊ uab Pay၊ A plus Wallet၊ Citizen Pay၊ OK$၊ Wave Money၊ Trusty Pay၊ Zego Pay၊ M-Pitesan၊ GTB Pay၊ MoMoney စသည်တို့ဖြင့်လည်းကောင်း၊ uab Bank၊ Shwe Bank၊ A Bank တို့၏ Mobile Banking စနစ်များဖြင့်လည်းကောင်း ပေးဆောင်နိုင်ပါသည်။

၄။ အခွန်ပေးဆောင်ပြီးပါက VAVS စနစ်မှ ရရှိသည့် အီလက်ထရောနစ်အခွန်ဆိုင်ရာ စိစစ်ဆောင်ရွက်ပြီးကြောင်း ထောက်ခံချက် (e-Tax Clearance Certificate) QR Form ကို ကြည်လင်ပြတ်သားစွာ ထုတ်ယူ၍ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနတွင် မော်တော်ယာဉ်အမည်ပြောင်းကိစ္စကို ဆက်လက်ဆောင်ရွက်နိုင်မည် ဖြစ်ပါသည်။

၅။ ကနဦးမော်တော်ယာဉ်များ၊ ကုမ္ပဏီအမည်ဖြင့် အမည်ပြောင်းမှတ်ပုံတင်ခြင်းလုပ်ငန်းများ၊ ဝင်ငွေရလမ်းတင်ပြမည့်ကိစ္စရပ်များနှင့်ပတ်သက်၍ မူလဆောင်ရွက်သည့် လုပ်ငန်းစဉ်များအတိုင်း သက်ဆိုင်ရာရုံးများတွင် ဆက်လက်ဆောင်ရွက်ပေးသွားမည် ဖြစ်ပါသည်။

၆။ အသေးစိတ်သိရှိလိုပါက Call Center ဖုန်းနံပါတ် 1515 သို့လည်းကောင်း၊ techsupport. vavs@ird.gov.mm နှင့် callcenter.vavs@ird.gov.mm သို့ အီးမေးလ်ပေးပို့၍လည်းကောင်း၊ အခွန်ဆိုင်ရာဝန်ဆောင်မှုဌာနခွဲ(ရန်ကုန်) (၀၁-၈၃၈၉၃၁၁၊ ၀၁-၈၃၈၉၃၂၂)၊ အခွန်ဆိုင်ရာဝန်ဆောင်မှုရုံး (နေပြည်တော်) (၀၆၇-၃၄၃၀၅၂၂၊ ၀၆၇-၃၄၃၀၅၄၄)၊ အခွန်ဆိုင်ရာဝန်ဆောင်မှုရုံး(မန္တလေး)(၀၂-၄၀၃၀၆၃၇၊ ၀၂-၄၀၃၀၆၃၈)၊ အီလက်ထရောနစ်ဝန်ဆောင်မှုနည်းပညာဆိုင်ရာ အကူအညီပေးရေးစင်တာ (e-Service Help Desk Center)(၀၁-၈၃၇၈၃၇၃၊ ၀၁-၈၃၇၀၁၉၅၊ ၀၁-၈၃၇၉၀၂၁) နှင့် နီးစပ်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အခွန်ဦးစီးဌာနမှူးရုံးများ၊ မြို့နယ်အခွန်ဦးစီးဌာနမှူးရုံးများသို့ ရုံးချိန်အတွင်း လူကိုယ်တိုင် သွားရောက်၍လည်းကောင်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ပြည်တွင်းအခွန်များဦးစီးဌာန**

**☆ ရွှေဖုံးမှ**

ပူးပေါင်းဆောင်ရွက်ရေး ဟိမဝန္တာတောင်တန်းဒေသဖြတ်ကျော်နိုင်ငံများဆိုင်ရာ ဖိုရမ်သို့ တက်ရောက်ရန် ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာကြရာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးအောင်နိုင်သူ၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံအမတ်ကြီး မစ္စမာကျားနှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

ဒုတိယသမ္မတနှင့်အတူ ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဦးနိုင်မင်းကျော်၊ ဒေါက်တာ သောင်းနိုင်ဦး၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ လိုက်ပါသွားကြသည်။

အဆိုပါဖိုရမ်ကို ဟိမဝန္တာတောင်တန်းဒေသတွင် နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုကို နက်ရှိုင်းစေရန်၊ ဒေသတွင်းနှင့် အခြားနိုင်ငံများ၏ ပူးပေါင်းဆောင်ရွက်မှုနှင့် ဘုံဖွံ့ဖြိုးမှုကိုမြှင့်တင်ရန် ရည်ရွယ်၍ ဇူလိုင် ၁၆ ရက်မှ ၁၈ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

**❒ ကင်းတားရေလှောင်တမံမှ**

စိုက်ပျိုးရေပေးဝေမှုများ ရပ်တန့်ခဲ့ရပြီး ၂၀၂၆ ခုနှစ် နွေသီးနှံစိုက်ပျိုးရာသီတွင် ယာယီရေသွယ်လျောက်နှင့် ယာယီရေပေးမြောင်းများ ဆောက်လုပ်ကာ နွေစပါးနှင့် နွေသီးနှံ စိုက်ဧက ၂၀၀၀၀ ကို ဆည်ရေဖြင့် ပေးဝေနိုင်ခဲ့သည်။

**ရာနှုန်းပြည့်ပြီးစီး**

မိုးစပါးနှင့် မိုးသီးနှံများကို အချိန်မီစိုက်ပျိုးရေပေးဝေနိုင်ရန် စမုံရေငုပ်ပြွန်အသစ်ပြန်လည် တည်ဆောက်ခြင်းနှင့် တူးမြောင်းအသစ် မြေဖို့လုပ်ငန်းများကို ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် လုပ်ငန်းပမာဏ ၄၅ ရာခိုင်နှုန်းနှင့် ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်တွင် ကျန်ရှိသည့် ၅၅ ရာခိုင်နှုန်းကို သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အရှိန်အဟုန်ဖြင့် ဆောင်ရွက်ခဲ့ရာ ၂၀၂၆ ခုနှစ် ဇူလိုင်လပထမပတ်တွင် လုပ်ငန်းများအားလုံး ရာနှုန်းပြည့်ပြီးစီးခဲ့ကြောင်း မန္တလေးတိုင်းဒေသကြီး ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေး ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ) ဦးတင်မြင့်အောင်က ပြောသည်။

စမုံရေငုပ်ပြွန်အောက်ပိုင်းရှိ စိုက်ပျိုးမြေများအတွက် ဆည်ရေကို ဇူလိုင် ၁၁ ရက်တွင် စမ်းသပ်လွှတ်ခဲ့ပြီး စမ်းသပ်မှုအောင်မြင်သဖြင့် ဇူလိုင် ၁၅ ရက်မှစတင်၍ မိုးစပါးစိုက်ပျိုးရေကို အပြည့်အဝ ပေးဝေလျက်ရှိကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**



## လက်ပံတန်းမြို့၌ သံဃနာယကနှင့် ဝိနည်းဓိုရ်သင်တန်းဖွင့်

လက်ပံတန်း ဇူလိုင် ၁၅

ပဲခူးတိုင်းဒေသကြီး လက်ပံတန်းမြို့နယ်တွင် ဂိုဏ်းပေါင်းစုံသံဃနာယကအဖွဲ့က ကြီးမှူးကျင်းပသည့် မြို့နယ်အဆင့် သံဃနာယကနှင့် ဝိနည်းဓိုရ်သင်တန်းဖွင့်ပွဲကို ယနေ့နံနက် ၇ နာရီက ဘုရားကြီးကျောင်းတိုက် ဓမ္မာရုံ၌ ကျင်းပသည်။

သံဃနာယကနှင့် ဝိနည်းဓိုရ်သင်တန်းဖွင့်ပွဲ အခမ်းအနားတွင် မြို့နယ်သံဃနာယကဥက္ကဋ္ဌဆရာတော် ဘဒ္ဒန္တကောသရက သြဝါဒချီးမြှင့်တော်မူပြီး မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးနေမင်းအောင်က သာသနာရေးဆိုင်ရာများ လျှောက်ထားသည်။

အဆိုပါသင်တန်းကို ဇူလိုင် ၁၅ ရက်မှ ၁၇ ရက်အထိ ဖွင့်လှစ်မည်ဖြစ်ပြီး လက်ပံတန်းမြို့နယ်အတွင်းရှိ ဂိုဏ်းပေါင်းစုံမှရဟန်းသံဃာ ၄၃ ပါး တက်ရောက်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ချင်းတွင်းမြစ်ရေ ဖောင်းပြင်မြို့တွင် စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်

နေပြည်တော် ဇူလိုင် ၁၅

ယနေ့နံနက် ၆ နာရီခွဲ တိုင်းထွာချက်အရ ချင်းတွင်းမြစ်ရေသည် ဖောင်းပြင်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ပေဝက်ကျော်တွင် ရောက်ရှိနေပြီး နောက်တစ်ရက်အတွင်း ပေဝက်ခန့် မြင့်တက်လာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

**မိုး/ဇလ**

## (၆၂) နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မာရဝိဇယဘုရားကြီး၌ သန့်ရှင်းရေး ကုသိုလ်ပြုဆောင်ရွက်

နေပြည်တော် ဇူလိုင် ၁၅

ပြည်ထဲရေးဝန်ကြီးဌာန (၆၂)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ယနေ့နံနက်ပိုင်းတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ အမြန်လမ်းမကြီးရဲတပ်ဖွဲ့မှူးရုံးမှ တပ်ဖွဲ့ဝင်များက နေပြည်တော် ဒက္ခိဏသီရိမြို့နယ် မာရဝိဇယဗုဒ္ဓဥယျာဉ်တော်အတွင်း၌ စုပေါင်းကုသိုလ်ပြု သန့်ရှင်းရေးဆောင်ရွက်ကြသည်။

**လှူဒါန်း**

အမြန်လမ်းမကြီး ရဲတပ်ဖွဲ့မှူး ဦးစီး၊ အရာရှိ/အရာခံ၊ အကြပ်တပ်သား/ရဲမေတပ်ဖွဲ့ဝင် ၁၃၀ နှင့် မိသားစုဝင် ၂၅ ဦးတို့သည် ဘုရားကြီးရင်ပြင်တော်၊ ရေပန်းရင်ပြင်၊ ကျောက်စာရုံစေတီရင်ပြင်တို့တွင် ဘုရားပန်းကပ်လှူပူဇော်ခြင်း၊ ကြမ်းတိုက်သန့်ရှင်းရေးဆောင်ရွက်ခြင်းတို့ကို ဆောင်ရွက်ကြပြီး ဗုဒ္ဓဥယျာဉ်တော်အတွင်း အသုံးပြုရန်အတွက် ကြမ်းတိုက်တံမြက်စည်း အချောင်း၂၀၊ အဝတ်ကြမ်းတိုက်တံ အချောင်း ၃၀၊ ရေပုံး ၂၅ ပုံးတို့ကို လှူဒါန်းခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**



# လွှတ်တော်ကိုယ်စားလှယ်များ စွမ်းရည်မြှင့်တင်ရေးအတွက် နိုင်ငံတော်၏ ပညာရေးကဏ္ဍ မြှင့်တင်ရေးဆိုင်ရာ ဆောင်ရွက်ချက်များ ပညာရေးဝန်ကြီးဌာန ရှင်းလင်းတင်ပြ



ပြည်ထောင်စုလွှတ်တော် နာယက ဦးအောင်လင်းဒွေး လွှတ်တော်ကိုယ်စားလှယ်များ စွမ်းရည်မြှင့်တင်ရေးအတွက် နိုင်ငံတော်၏ ပညာရေးကဏ္ဍမြှင့်တင်ရေးဆိုင်ရာ ဆောင်ရွက်ချက်များ ပညာရေးဝန်ကြီးဌာန ရှင်းလင်းတင်ပြခြင်းအခမ်းအနားတွင် တက်ရောက်အမှာစကား ပြောကြားစဉ်။

**နေပြည်တော် ဇူလိုင် ၁၅**

လွှတ်တော်များ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရေးအဖွဲ့(JCC)နှင့် ပညာရေးဝန်ကြီးဌာနတို့ ပူးပေါင်း၍ လွှတ်တော်ကိုယ်စားလှယ်များ စွမ်းရည်မြှင့်တင်ရေးအတွက် “နိုင်ငံတော်၏ပညာရေးကဏ္ဍမြှင့်တင်ရေးဆိုင်ရာ ဆောင်ရွက်ချက်များ”အား ပညာရေးဝန်ကြီးဌာနက ရှင်းလင်းတင်ပြခြင်းအခမ်းအနားကို ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ သဘင်ဆောင်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ပြည်ထောင်စုလွှတ်တော် နာယက ဦးအောင်လင်းဒွေး၊ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ ဦးခင်ရီ၊ ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက Jeng Phang နော်တောင်၊ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်အုန်း၊ ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုလွှတ်တော်နာယက ဦးအောင်လင်းဒွေးက ယနေ့ပြုလုပ်သည့် အစီအစဉ်သည် လွှတ်တော်များ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရေးအဖွဲ့(JCC)၏ အစီအစဉ်နှင့် နိုင်ငံတော်၏ ပညာရေးကဏ္ဍနှင့် ပတ်သက်သည့် ဆောင်ရွက်ချက်များကို လွှတ်တော်ကိုယ်စားလှယ်များ သိရှိနိုင်ရန် ရှင်းလင်းတင်ပြသွားမည့် အစီအစဉ်ဖြစ်ကြောင်း၊ ယခုအစီအစဉ်ကို ပြည်ထောင်စုအစိုးရအဖွဲ့နှင့် ပေါင်းစပ်ညှိနှိုင်းပြီး စီစဉ်ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ နိုင်ငံတော်၏ ပညာရေးလုပ်ငန်းစဉ်များ အကောင်အထည်ဖော် ဆောင်ရွက်နေမှုများကို ပိုမိုသိရှိနားလည်ပြီး လွှတ်တော်ကိုယ်စားလှယ်များ တာဝန်ထမ်းဆောင်မှုနှင့် စွမ်းဆောင်ရည်ပိုင်းတွင် ပိုမိုကောင်းမွန်လာစေရန် ရည်ရွယ်ကြောင်း၊ ဝန်ကြီးဌာနများ၏ သတင်းအချက်အလက်များ မျှဝေပေးခြင်းအစီအစဉ်ကို ကဏ္ဍများအလိုက် ဆက်လက်စီစဉ်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း။

ကမ္ဘာပေါ်ရှိ မည်သည့်နိုင်ငံမဆို ရေရှည်တည်တံ့ခိုင်မြဲသည့် ဖွံ့ဖြိုးတိုးတက်မှုကို တည်ဆောက်လိုပါက လူသားအရင်းအမြစ် ဖွံ့ဖြိုးရန်လိုအပ်ကြောင်း၊ လူသားအရင်းအမြစ်ကို ပျိုးထောင်ပေးနေသည့် နည်းလမ်းသည် ပညာရေးကဏ္ဍကို မြှင့်တင်ခြင်းဖြစ်ကြောင်း၊ ပညာရေးသည် လူတစ်ဦးချင်းစီ၏ဘဝ ဖွံ့ဖြိုးတိုးတက်မှုအတွက်သာမက တစ်နိုင်ငံလုံး၏ စီးပွားရေး၊ လူမှုရေးနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး၊ ဆင်းရဲမွဲတေမှုလျှော့ချရေး၊ ဒီမိုကရေစီနှင့် လူမှုရေးတရားမျှတမှု၊ နည်းပညာခေတ်နှင့် လိုက်လျောညီထွေဖြစ်မှုစသည့် ယနေ့ခေတ်ကမ္ဘာလုံးဆိုင်ရာ ပြောင်းလဲမှုများကို ရင်ဆိုင်နိုင်ရေးအတွက် အလွန်ပင်အရေးပါကြောင်း၊ ထို့ကြောင့် ပညာရေးကဏ္ဍမြှင့်တင်ရေးသည် အနာဂတ်နိုင်ငံတော်အတွက် တန်ဖိုးရှိသော ရင်းနှီးမြှုပ်နှံမှုတစ်ခုဖြစ်ကြောင်း။

ပညာရေးသည် နိုင်ငံတစ်နိုင်ငံ ရေရှည်ဖွံ့ဖြိုးတိုးတက်မှုအတွက် ခိုင်မာသော အခြေခံအုတ်မြစ်ဖြစ်ကြောင်း၊ ဖွံ့ဖြိုးဆဲနိုင်ငံနှင့်ဖွံ့ဖြိုးပြီး နိုင်ငံများ၏ အကြားတွင် ပညာရေး၏ ကွာဟမှုမြင့်မားခြင်းကို တွေ့ရမည်ဖြစ်ကြောင်း၊ နိုင်ငံတစ်နိုင်ငံ တိုးတက်ရေးအတွက် အဓိကလုပ်ဆောင်ကြသည့် ကဏ္ဍများတွင် ပညာရေးကဏ္ဍသည် ထိပ်ဆုံးမှပါဝင်ကြောင်း၊ ပညာရေးကဏ္ဍကိုပြုပြင်ပြောင်းလဲသည့်အခါ အတိမ်းအစောင်း အနည်းငယ်သည်ပင်လျှင် ကြီးစွာသော သက်ရောက်မှုကို ဖြစ်ပေါ်စေနိုင်ကြောင်း၊ အထူးသဖြင့် တိုင်းပြည်၏ အနာဂတ်ခေါင်းဆောင်များသည် စာသင်ခန်းများအတွင်းမှ ထွက်ပေါ်လာခြင်းဖြစ်ကြောင်း၊ ထို့ကြောင့်အမြော်အမြင်ကြီးမားသည့် နိုင်ငံ့ခေါင်းဆောင်တိုင်းသည် ပညာရေးကဏ္ဍ တိုးတက်အောင် အဘက်ဘက်က အားပေးဆောင်ရွက်လျက်ရှိကြကြောင်း။

ဥပဒေပြုရေးမဏ္ဍိုင်သည် နိုင်ငံတော်အတွက် အရေးပါသည့် မဏ္ဍိုင်တစ်ရပ်ဖြစ်ကြောင်း၊ ယနေ့ကျင်းပသည့် နိုင်ငံတော်၏ ပညာရေးကဏ္ဍ မြှင့်တင်ရေးနှင့်စပ်လျဉ်းသော ဆွေးနွေးပွဲတွင် ပညာရေးကဏ္ဍ၏ အလွန်အရေးကြီးသည့် အကြောင်းအရာများပါဝင်ကြောင်း၊ ကိုယ်စားလှယ်များအနေဖြင့် မိမိတို့အရည်အသွေး မြှင့်တင်ရေးကို စဉ်ဆက်မပြတ်လေ့ကျင့်တည်ဆောက်ရမည် ဖြစ်သည့်အတွက် ယနေ့ဆွေးနွေးပွဲမှ ကိုယ်စားလှယ်များ၏ စွမ်းရည်ကို ပိုမိုပြည့်စုံ ကောင်းမွန်လာရန် များစွာအထောက်အကူပြုမည်ဟု ယုံကြည်ကြောင်း။

ကိုယ်စားလှယ်များအနေဖြင့် ယနေ့ပညာရေးကဏ္ဍ မြှင့်တင်ရေးနှင့်စပ်လျဉ်းသည့် ဆွေးနွေးပွဲမှ ရရှိလာမည့် အသိပညာ၊ ဗဟုသုတများကို မိမိတို့၏ သက်ဆိုင်ရာ မဲဆန္ဒနယ်များတွင် အကျိုးရှိစွာ ပြန်လည်အသုံးချပြီး နိုင်ငံနှင့်ပြည်သူက အားကိုးအားထားပြုရသည့် အရည်အချင်းပြည့်ဝသည့် ကိုယ်စားလှယ်များဖြစ်အောင် ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားပါရန် တိုက်တွန်းပြောကြားသည်။

ထို့နောက် ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်က နိုင်ငံတော်၏ ပညာရေးကဏ္ဍ မြှင့်တင်ရေးဆိုင်ရာ ဆောင်ရွက်ချက်များနှင့် စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာန၏ မျှော်မှန်းချက်၊ လုပ်ငန်းတာဝန်များ၊ မူဝါဒများ၊ စံတန်ဖိုးများ၊ ပညာရေးဝန်ကြီးဌာနဖွဲ့စည်းပုံ၊ ပညာရေးမြှင့်တင်မှု မဟာဗျူဟာများ၊ ကျောင်းများဖွင့်လှစ်ခြင်း၊ ကျောင်းသားမိဘများ၏ ပညာရေးကုန်ကျစရိတ်လျှော့ချပေးရေး၊ တိုင်းရင်းသားဘာသာစကားသင်ကျောင်းများကို အားပေးပံ့ပိုးရေး၊ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများကို အားပေးပံ့ပိုးရေး၊ ကျောင်းပြင်ပမူလတန်းပညာရေး အစီအစဉ်၊ ကျောင်းပြင်ပ အလယ်တန်းပညာရေးအစီအစဉ်၊ ဆရာအသစ်ခန့်အပ်မှု၊ ကျောင်းများ အခြေခံအဆောက်အအုံများတွင် ရင်းနှီးမြှုပ်နှံရေး၊ မြန်မာ့ပညာရေးရုပ်သံထုတ်လွှင့်နေမှု၊ Naypyitaw State Academy တည်ထောင်ဖွင့်လှစ်ခြင်း၊ ဘာသာရပ်သင်တန်းများ တိုးချဲ့ဖွင့်လှစ်ခြင်း၊ B.A (Law)၊ B.A (Eco) သင်တန်းများဖွင့်လှစ်ရေး၊ ပါရဂူဘွဲ့သင်တန်းများ တိုးချဲ့ဖွင့်လှစ်ရေး၊ ပါရဂူဘွဲ့သင်ကြားနေသောဘာသာရပ်များ၊ ဆရာများ ဖြည့်ဆည်းရေးအတွက်လေ့ကျင့်ပေးသည့်ပညာရေးတက္ကသိုလ်/ဒီဂရီကောလိပ်များ၊ ဆရာဆရာမများ ဖြည့်ဆည်းရေးအတွက် ဖွင့်လှစ်ပို့ချလျက်ရှိသည့် သင်တန်းများ၊ မဟာဝိဇ္ဇာ/မဟာသိပ္ပံ(ပညာရေး) ဘွဲ့သင်တန်းတက်ရောက်ရန် လျှာထားကျောင်းသားစာရင်း၊ တက္ကသိုလ်အသစ်ဖွင့်လှစ်ရာတွင် အနိမ့်ဆုံးလိုအပ်သော သတ်မှတ်ချက်များ၊ လူတိုင်းအကျုံးဝင်ပညာရေး၊ ကျောင်းပြင်ပနှင့် တစ်သက်တာပညာရေး၊ အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးအထက်တန်းကျောင်းများ ဖွင့်လှစ်ခြင်း၊ University of Distance Education တို့နှင့်စပ်လျဉ်း၍လည်းကောင်း။

ပညာရေးသင်ယူမှု အခွင့်အလမ်းဖွင့်တက္ကသိုလ် (Open University)၊ ဘဝတစ်သက်တာလေ့လာသင်ယူနိုင်မှုမြှင့်တင်ရေး၊ ကျောင်းသားဗဟိုပြုလေ့လာသင်ယူမှုအပေါ် အလေးထားဆောင်ရွက်ရေး၊ အပြန်အလှန် သင်ကြားသင်ယူမှု(Interactive Teaching and Learning)၊ ဆရာ ဆရာမများ စွမ်းရည်မြင့်မားရေး၊ ပညာရေးဝန်ထမ်းများအား ခံစားခွင့်ချီးမြှင့်ခြင်း၊ သင်ရိုးညွှန်းတမ်း ပြုပြင်မွမ်းမံရေး၊ ဘာသာ၊ စာပေ၊ ယဉ်ကျေးမှုထိန်းသိမ်းရေး၊ ဥပဒေအသိပညာပြန့်ပွားရေးသင်တန်းများ ပို့ချနေမှု၊ အွန်လိုင်းစနစ်ဖြင့် ကျောင်းသားမှတ်ပုံတင်ခြင်းနှင့် ငွေပေးသွင်းခြင်းစနစ်၊ သင်ယူမှုစီမံခန့်ခွဲရေးစနစ်(LMS)ဆိုင်ရာ အနာဂတ်အစီအစဉ်များ၊ AI + ပညာရေးပေါင်းစပ်အသုံးချမှု၊ တက္ကသိုလ်ဝင်စာမေးပွဲ၊ နှစ်အလိုက် အောင်ချက်ရာခိုင်နှုန်း၊ အနာဂတ်မြန်မာ့ပညာရေး ဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်များ၊ စစ်ဆေးအကဲဖြတ်ခြင်း၊ ထူးချွန်သူများကို ချီးမြှင့်ရေး၊ လူရည်ချွန်စီမံကိန်း၊ အားကစားနှင့်ပညာရေးပေါင်းစပ်သင်ကြားရေး၊ သုတေသနအားပေးဆောင်ရွက်ရေး၊ ဒီဂျစ်တယ်ပညာရေး၊ လက်ရှိပညာရေးဆောင်ရွက်နေမှုများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာများနှင့် စပ်လျဉ်း၍လည်းကောင်း ရှင်းလင်းတင်ပြသည်။

ယင်းနောက် လွှတ်တော်ကိုယ်စားလှယ်များက မြန်မာ့ပညာရေးကဏ္ဍ အဆင့်မြှင့်တင်ရေးအတွက် ဆောင်ရွက်သင့်သည့်အချက်များနှင့် စပ်လျဉ်း၍ ဆွေးနွေးအကြံပြုခြင်းများကို ဆောင်ရွက်ခဲ့ပြီး ဒုတိယဝန်ကြီးက ပြန်လည်ဆွေးနွေးဖြေကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# အမျိုးသားလွှတ်တော် အစိုးရ၏အာမခံချက်များ၊ ကတိများနှင့်တာဝန်ခံချက်များ စိစစ်ရေးကော်မတီ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၁/ ၂၀၂၆)ကျင်းပ



**နေပြည်တော် ဇူလိုင် ၁၅**

အမျိုးသားလွှတ်တော် အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ၏ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၁/၂၀၂၆)ကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော်ရေးရာဆောင် အမှတ် (I-20) အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ ကော်မတီဥက္ကဋ္ဌ ဦးလှသိန်းက အဖွင့်အမှာစကားပြောကြားပြီး တတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး အတွင်း တင်သွင်းမေးမြန်းခဲ့သည့် မေးခွန်းများနှင့်စပ်လျဉ်း၍ ကော်မတီအဖွဲ့ဝင်များက ပို့ဆောင်ရေးဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများအား မေးမြန်းဆွေးနွေးအတည်ပြုခြင်းများ ဆောင်ရွက်ခဲ့မှုအပေါ် သက်ဆိုင်ရာဝန်ကြီးဌာနများ၏ ပြန်လည်ရှင်းလင်းတင်ပြချက်များအား ကော်မတီဥက္ကဋ္ဌက ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

အဆိုပါ အစည်းအဝေးသို့ ကော်မတီဥက္ကဋ္ဌနှင့်အတူ ကော်မတီဝင်များ၊ သက်ဆိုင်ရာဝန်ကြီးဌာနများမှ တာဝန်ရှိသူများနှင့် ကော်မတီရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၂၃ ရက်မြောက်နေ့ ကျင်းပ

**နေပြည်တော် ဇူလိုင် ၁၅**

တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၂၃ ရက်မြောက်နေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ၊ ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်အုန်းနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် လမ်း၊ တံတားဆိုင်ရာ အဆင့်မြှင့်တည်ဆောက်ပေးနိုင်ရေးနှင့် စပ်လျဉ်းသည့် မေးခွန်းခြောက်ခု မေးမြန်းဖြေကြားခြင်းနှင့် အဆိုတစ်ခုဆွေးနွေးခြင်းတို့ကို ဆောင်ရွက်ကြသည်။

ဦးစွာ သီပေါမဲဆန္ဒနယ်မှ ဦးကောင်းသက်စံ၏ **သီပေါမြို့နယ် လောဝ်ခွန်-မူးလေး-တိန်ခမ်း- ဖိုက်ကန် လမ်းပိုင်းအား ကွန်ကရစ်လမ်းအဖြစ် ဆောင်ရွက်ပေးရန်အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်က ဖိုက်ကန်-တဲစန်း-လောဝ်ခွန်-ကွန်ကျောင်း-တိန်ခမ်းလမ်းသည် ၆ မိုင် ၆ ဖာလုံရှိပြီး ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ စီမံခန့်ခွဲသောလမ်းဖြစ်ပါကြောင်း၊ အဆိုပါလမ်းပိုင်းအား ပထမအဆင့်အနေဖြင့် ရာသီမရွေးသွားလာနိုင်စေရန် မြေသားလမ်းအပိုင်းအား ကျောက်ခင်းလမ်းအဖြစ် ၁ မိုင် ဆောင်ရွက်နိုင်ရန် ၂၀၂၇-၂၀၂၈ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ရန်ပုံငွေတွင် လျာထားဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

ကျန်ရှိသော မြေသားလမ်းအပိုင်းများအား ကျောက်ခင်းလမ်းဆောင်ရွက်ပြီးစီးပါက ၁၂ ပေအကျယ် ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင်နိုင်ရန်အတွက် ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ရန်ပုံငွေတွင် နှစ်အလိုက်လျာထားနိုင်ရေး ဆောင်ရွက်ပြီး ရန်ပုံငွေရရှိမှုအပေါ်မူတည်၍ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ချမ်းမြသာစည်မဲဆန္ဒနယ်မှ ဦးကိုကိုဦး၏ **ချမ်းမြသာစည်မြို့နယ် ၁၀၉ လမ်း(၅၅x၅၆)ကြားရှိ ပန်းရုံတော်ချောင်းကူး ကွန်ကရစ်တံတားတည်ဆောက်ပေးနိုင်ရန်ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်က ချမ်းမြသာစည်မြို့နယ်ရှိ ပန်းရုံတော်ချောင်းသည် အရှည် ၂ ဒသမ ၅၂ မိုင်ရှိပြီး အဆိုပါလမ်းပိုင်းတွင် တံတား ၂ စင်းရှိပါကြောင်း၊ ၁၀၉ လမ်း၊ ၅၅ x ၅၆ လမ်းကြားတွင် ပေ ၆၀ အရှည် ပေ ၃၀ အကျယ် တံတား ၁ စင်းအား ၂၀၂၇-၂၀၂၈ ဘဏ္ဍာရေးနှစ်တွင် ထည့်သွင်းလျာထားဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

သဲကုန်းမဲဆန္ဒနယ်မှ ဒေါ်ဥမ္မာမို့မို့ဇော်၏ **သဲကုန်းမြို့နယ် အင်းမချောင်းကူး တံတားအနောက်ဘက်မှ မြို့တွင်းသို့ ၃ ဖာလုံခန့်အား လမ်းသားအမြင့်မြှင့်တင်ပေးရန်အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်က သဲကုန်းမြို့နယ် အင်းမမြို့ ချောင်းကူးအင်းမတံတားမှ အနောက်ဘက် အင်းမမြို့တွင်း ၃ ဖာလုံခန့် လမ်းအပိုင်းသည် ပြည်ထောင်စုမှ စီမံခန့်ခွဲသောလမ်းဖြစ်ပါကြောင်း၊ အဆိုပါ အင်းမချောင်းကူးတံတား အနောက်ဘက်မှ မြို့တွင်း မိုင်တိုင်(၁၅၃/၃ နှင့် ၁၅၃/၆)ကြား ၃ ဖာလုံအား လမ်းသားမြှင့်တင်ခြင်းလုပ်ငန်းကို ၂၀၂၇-၂၀၂၈ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ဖြူးမဲဆန္ဒနယ်မှ ဦးမြင့်ဇော်လင်း၏ **ကညွတ်ကွင်းမြို့အနောက် ရွာချင်းဆက်လမ်းအား ကွန်ကရစ်လမ်းအဖြစ် ဆောင်ရွက်ပေးနိုင်မှု ရှိ၊ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်က ကညွတ်ကွင်း-မြင်ပင်-ရေအိုးစင်လမ်း၏ လက်ရှိလမ်းအခြေအနေမှာ အမာခံလမ်း ၇ မိုင် ၅ ဖာလုံဖြစ်ပါကြောင်း၊ အဆိုပါလမ်း၏ အမာခံလမ်းပိုင်း ပထမအဆင့်အနေဖြင့် ရာသီမရွေးသွားလာနိုင်သော ကျောက်ခင်းလမ်းအဖြစ် ၁ မိုင် ဆောင်ရွက်နိုင်ရန် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ၂၀၂၇-၂၀၂၈ ဘဏ္ဍာရေးနှစ် ရန်ပုံငွေတွင် လျာထားနိုင်ရေး



တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၂၃ ရက်မြောက်နေ့ ကျင်းပစဉ်။

ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

ဆက်လက်၍ ကျန်ရှိသောအမာခံလမ်းပိုင်းအား ကျောက်ခင်းလမ်းအဖြစ်ဆောင်ရွက်ပြီး ကျောက်ခင်းလမ်းဆောင်ရွက်ပြီးစီးပါက ၁၂ ပေအကျယ် ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင်နိုင်ရန် နှစ်အလိုက်လျာထားရေးဆောင်ရွက်ပြီး ရန်ပုံငွေရရှိမှုအပေါ်မူတည်၍ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

မင်းလှမဲဆန္ဒနယ်မှ ဦးရဲထွဋ်အောင်၏ **မင်းလှမြို့နယ် အမှတ်(၇) ရပ်ကွက်ရှိလမ်းသွယ် ၆ လမ်းအား ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင်ခြင်းကို မည်သည့်ဘဏ္ဍာနှစ်တွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်း**မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်က မင်းလှမြို့ ပြည်တော်သာအိမ်ရာအတွင်း၌ ပြည်တော်သာလမ်းသွယ် လမ်းသွယ် ၆ လမ်းရှိပြီး အဆိုပါလမ်းသွယ်များအနက် လမ်းသွယ်(၁ နှင့် ၂)ကို ၂၀၂၇-၂၀၂၈ ဘဏ္ဍာရေးနှစ်တွင် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ ရန်ပုံငွေဖြင့် ကနဦး ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း။

ကျန်ရှိနေသည့် လမ်းသွယ်(၃ နှင့် ၄)နှင့် လမ်းသွယ်(၅ နှင့် ၆)တို့ကို ၂၀၂၉-၂၀၃၀ ဘဏ္ဍာရေးနှစ်တွင် ၁၂ ပေအကျယ် ကွန်ကရစ်လမ်းများအဖြစ် အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများအား ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ ရန်ပုံငွေတွင် ထည့်သွင်းလျာထားဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

သာပေါင်းမဲဆန္ဒနယ်မှ ဦးမောင်မောင်စိုး၏ **သာပေါင်းမြို့နယ်အတွင်းရှိ သာပေါင်း- ရေနံ့သာကားလမ်းမကြီးအား အမြန်ဆုံးပြီးစီးအောင် ဆောင်ရွက်သွားမည့် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်က သာပေါင်းမြို့နယ်အတွင်းရှိ သာပေါင်း-ရေနံ့သာ လမ်းအပိုင်း ၂၃ မိုင်နှင့်စပ်လျဉ်း၍ ပထမအဆင့်အနေဖြင့် ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ၂၀၂၆-၂၀၂၇ဘဏ္ဍာရေးနှစ်တွင် အဆိုပါလမ်းပိုင်းအား ခရီးသွားလာမှု အဆင်ပြေချောမွေ့စေရန် ပြင်ဆင်ထိန်းသိမ်းခြင်း လုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

ဒုတိယအဆင့်အနေဖြင့် အမာခံလမ်းနှင့် မြေသားလမ်းပိုင်းများအား ရာသီမရွေးသွားလာနိုင်မည့် ကျောက်ခင်းလမ်းအဖြစ် ဆောင်ရွက်နိုင်ရန် ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ၂၀၂၇-၂၀၂၈ ဘဏ္ဍာရေးနှစ်မှစတင်၍ နှစ်အလိုက် လျာထားနိုင်ရေးဆောင်ရွက်ပြီး ရန်ပုံငွေရရှိမှုအပေါ်မူတည်၍ လုပ်ငန်းများဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း ဖြေကြားသည်။

ထို့နောက် ကျောင်းကုန်းမဲဆန္ဒနယ်မှ ဒေါက်တာထိန်ဝင်း တင်သွင်းသည့် **"မြန်မာနိုင်ငံ လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းများမှရရှိသော ကိန်းဂဏန်းအချက်အလက်များအား စနစ်တကျ ထိရောက်စွာစီမံခန့်ခွဲ၍ နိုင်ငံတော်၏ လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် မဟာဗျူဟာမြောက်မူဝါဒများ ချမှတ်အကောင်အထည်ဖော်နိုင်ရန် လိုအပ်သည့် "အမျိုးသားလူဦးရေနှင့် ဖွံ့ဖြိုးတိုးတက်မှုကော်မရှင်" တစ်ရပ်ဖွဲ့စည်းဆောင်ရွက်ရန် ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းကြောင်းအဆို"**နှင့် စပ်လျဉ်း၍ ဝန်းသို

မဲဆန္ဒနယ်မှ ဦးစိုးပိုင်က အဆို၏ ရည်ရွယ်ချက်သည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကျိုးရှိသော ရည်ရွယ်ချက်ဖြစ်သည်ကို အသိအမှတ်ပြုပါကြောင်း၊ သို့ရာတွင် ကော်မရှင်အသစ်တစ်ရပ် ဖွဲ့စည်းခြင်းထက် လက်ရှိဆောင်ရွက်နေသည့်ယန္တရားများကို ပိုမိုအားကောင်းအောင်ဆောင်ရွက်ခြင်း၊ ဌာနအချင်းချင်း ညှိနှိုင်းဆောင်ရွက်မှုမြှင့်တင်ခြင်း၊ အချက်အလက်များကို ထိရောက်စွာအသုံးချနိုင်သည့် စနစ်များ တည်ဆောက်ခြင်းတို့က ပိုမိုအရေးကြီးသည်ဟု ခံစားမိပါကြောင်း၊ ထို့ကြောင့် လက်ရှိဆောင်ရွက်နေသော လုပ်ငန်းစဉ်များကို ဆက်လက်အရှိန်အဟုန်မြှင့်ဆောင်ရွက်ရန် လိုအပ်ပါက အမျိုးသားအဆင့် ညှိနှိုင်းရေးယန္တရားကို ဖွဲ့စည်းပုံအတွင်းမှ ပိုမိုအားကောင်းလာအောင် ဆောင်ရွက်သင့်ကြောင်း အဆိုနှင့်စပ်လျဉ်း၍ အကြံပြုဆွေးနွေးသည်။

တမူးမဲဆန္ဒနယ်မှ ဦးအောင်ကိုလတ်က လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းသည် နိုင်ငံ၏လူဦးရေ၊ အသက်အရွယ်ဖွဲ့စည်းပုံ၊ ပညာရေး၊ ကျန်းမာရေး၊ အလုပ်အကိုင်၊ မသန်စွမ်းသူဦးရေ၊ သက်ကြီးရွယ်အိုဦးရေ၊ ကလေးသူငယ်ဦးရေ၊ ရွှေ့ပြောင်းနေထိုင်မှု၊ ပြည်တွင်းပြည်ပ သွားရောက်နေထိုင်လုပ်ကိုင်မှု၊ အိမ်ရာအခြေအနေ၊ စက်ပစ္စည်းများနှင့် ယာဉ်ယန္တရားအခြေအနေများအား သိရှိနိုင်သော အခြေခံအချက်အလက်များကို ပေးစွမ်းနိုင်ပါကြောင်း၊ သို့သော် အချက်အလက်ကောင်းများရှိရုံမျှဖြင့် မလုံလောက်ပါကြောင်း၊ ထိုအချက်အလက်များကို စနစ်တကျစုစည်းခြင်း၊ သုံးသပ်ခြင်း၊ ခွဲခြမ်းစိတ်ဖြာခြင်းနှင့် မူဝါဒချမှတ်ရာတွင် အကျိုးရှိစွာအသုံးချနိုင်မှသာ ပြည်သူများအတွက် အမှန်တကယ်အကျိုးရှိမည်ဖြစ်ပါကြောင်း၊ သို့ဖြစ်ပါ၍ ကော်မရှင်ကို ဖွဲ့စည်းသင့်ပါကြောင်းအဆိုအား ထောက်ခံဆွေးနွေးသည်။

အင်္ဂပူမဲဆန္ဒနယ်မှ ဒေါက်တာဌေးဝင်းက သန်းခေါင်စာရင်း အချက်အလက်များမှတစ်ဆင့် မိမိတို့နိုင်ငံ၏ ပိုမိုခေတ်မီဖွံ့ဖြိုးတိုးတက်သည့် အနာဂတ်နိုင်ငံအဖြစ်သို့ ကျန်းမာသော၊ ဉာဏ်ရည်ဖွံ့ဖြိုးသော၊ အာဟာရပြည့်ဝသော၊ လူငယ်လူရွယ်များဖြင့်ဖွဲ့စည်းသည့် ပိုမိုကောင်းမွန်သော အနာဂတ်စီမံကိန်းများ ရေးဆွဲအကောင်အထည်ဖော်ရာတွင် နိုင်ငံတော်အစိုးရ၊ လူမှုအဖွဲ့အစည်းများ၊ အချက်အလက်အသုံးပြုသူများနှင့် ပြည်သူလူထုအားလုံးအတွက် အထောက်အကူပြု ပံ့ပိုးပေးနိုင်မည်ဖြစ်ပါကြောင်း အဆိုနှင့်စပ်လျဉ်း၍ ထောက်ခံဆွေးနွေးသည်။

တောင်တွင်းကြီး မဲဆန္ဒနယ်မှ ဒေါက်တာကျော်ဆွေက ယခုအခါ ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်းကို အောင်မြင်စွာကောက်ယူပြီးစီးကာ နောက်ဆုံးရအချက်အလက်အသစ်များ ရရှိထားပြီဖြစ်သောကြောင့် ဤအချိန်သည် သက်သေအခြေပြု အမျိုးသားလူဦးရေ မဟာဗျူဟာတစ်ရပ် ချမှတ်အကောင်အထည်ဖော်ရန် အသင့်ဆုံးအချိန်ဖြစ်ပါကြောင်း။

လူဦးရေဆိုင်ရာအခွင့်အလမ်းအရ အလုပ်လုပ်နိုင်သောအသက်အုပ်စု (၁၅-၆၄နှစ်)သည် မှီခိုသူဦးရေထက် အချိုးအစားများပြားလာသည့်အခါ ထုတ်လုပ်မှုစွမ်းအားမြင့်တက်ပြီး စီးပွားရေးတိုးတက်မှုကို တွန်းအားပေးနိုင်ပါကြောင်း၊ ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့၏ ၂၀၂၅ ခုနှစ် သုံးသပ်ချက်အရ မြန်မာနိုင်ငံသည် ယခုအခါ ဤအခွင့်အလမ်းကို အသုံးချရန် အရေးကြီးသောကာလသို့ ရောက်ရှိနေပြီဖြစ်၍ လူငယ်များအတွက် ရင်းနှီးမြှုပ်နှံမှုများကို အရှိန်မြှင့်ရန် လိုအပ်ပါကြောင်း။

ကလေးမွေးဖွားနှုန်းကျဆင်းခြင်းနှင့် သက်တမ်းရှည်လာခြင်းတို့ကြောင့် သက်ကြီးရွယ်အိုဦးရေတိုးလာခြင်းသည် လူမှုဖူလုံရေး၊ ကျန်းမာရေးစောင့်ရှောက်မှုနှင့် စီးပွားရေးတို့အပေါ် ဖိအားသက်ရောက်စေသည့်အတွက် ကြိုတင်ပြင်ဆင်မှုများပြုလုပ်ရန် လိုအပ်ပါကြောင်း အဆိုနှင့်စပ်လျဉ်း၍ ထောက်ခံဆွေးနွေးသည်။

စေတုတ္တရာမဲဆန္ဒနယ်မှ ဦးမိုးတင်က ယနေ့ခေတ်သည် လျင်မြန်စွာပြောင်းလဲနေသော လူမှုစီးပွားအခြေအနေများကို တုံ့ပြန်ရန်ကြိုးစားနေရသည်မှာ အလွန်ခက်ခဲလှပါကြောင်း၊ အချက်အလက်များကို စနစ်တကျကောက်ယူပြီး နိုင်ငံတော်၏ မူဝါဒများ ချမှတ်ရာတွင် အချိန်နှင့်တစ်ပြေးညီ အသုံးချနိုင်မည့် "အမျိုးသားလူဦးရေနှင့် ဖွံ့ဖြိုးတိုးတက်ရေးကော်မရှင်" ပေါ်ထွန်းလာရန် အလွန်လိုအပ်ပါကြောင်း၊ ကော်မရှင်သာပေါ်ပေါက်လာပါက မည်သည့်ဒေသတွင် ကျွမ်းကျင်မှုလိုအပ်ကြောင်း၊ မည်သည့်လုပ်ငန်းခွင်သို့ လူငယ်အင်အားလွှဲပြောင်းပေးရမည်ကို တိကျသော အချက်အလက်ဖြင့် ညွှန်ပြနိုင်မည်ဖြစ်ပါကြောင်း၊ သို့ဖြစ်ပါ၍ ကော်မရှင်ဖွဲ့စည်းခြင်းကို ထောက်ခံပါကြောင်း ဆွေးနွေးသည်။

ဗဟန်းမဲဆန္ဒနယ်မှ ဒေါက်တာလှတင့်က ကော်မရှင်တစ်ရပ်ဖွဲ့စည်းခြင်းဖြင့် နိုင်ငံတော်နှင့် ပြည်သူလူထုအတွက် ရေရှည်မဟာဗျူဟာမြောက် အကျိုးကျေးဇူးအဖြစ် ဘတ်ဂျက်နှင့် နိုင်ငံတော်အရင်းအမြစ်များကို လေလွင့်မှုမရှိဘဲ ထိရောက်စွာ သုံးစွဲနိုင်ခြင်း၊ ယခင်က မိမိတို့နိုင်ငံတွင် ဒေသန္တရဖွံ့ဖြိုးရေးဘတ်ဂျက်များ ချထားရာတွင် သမိုင်းကြောင်းအရသော်လည်းကောင်း၊ ခန့်မှန်းခြေဖြင့်သော်လည်းကောင်း ခန့်မှန်းခွဲဝေခဲ့ကြခြင်းကြောင့် လိုအပ်ချက်နှင့် ထောက်ပံ့မှုလွဲချော်မှုများ ရှိခဲ့သည်ကို သုံးသပ်နိုင်မည်ဖြစ်ပါကြောင်း၊ ယခု ကော်မရှင်က သန်းခေါင်စာရင်းအချက်အလက်များကို Advanced Analytics နည်းပညာဖြင့် တိတိကျကျဆန်းစစ်ပေးမည်ဖြစ်သည့်အတွက် အမှန်တကယ် ဆင်းရဲနွမ်းပါးမှုအမြင့်ဆုံးဒေသ၊ အလုပ်လက်မဲ့ အများဆုံးဒေသနှင့် အခြေခံအဆောက်အအုံ အလိုလားဆုံးဒေသများကို တိကျစွာဖော်ထုတ်ပြီး နိုင်ငံ့ဘဏ္ဍာငွေ တစ်ကျပ်တစ်ပြားမကျန် အထိရောက်ဆုံး ဦးတည်သုံးစွဲနိုင်မည့် အကျိုးကျေးဇူးများကို ရရှိမည်ဖြစ်ပါကြောင်း၊ သို့ဖြစ်ပါ၍ ကော်မရှင်ဖွဲ့စည်းရန်အဆိုကို ထောက်ခံပါကြောင်း ဆွေးနွေးသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးရန်ကျန်ရှိသည့် လွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးခြင်းအစီအစဉ်ကို ဇူလိုင် ၁၆ ရက်တွင် ကျင်းပမည့် ပြည်သူ့လွှတ်တော်အစည်းအဝေးတွင် ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း ကြေညာသည်။

တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၂၃ ရက်မြောက်နေ့ကို ရပ်နားလိုက်ပြီး အစည်းအဝေး ၂၄ ရက်မြောက်နေ့ကို ဇူလိုင် ၁၆ ရက်တွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

ပြည်သူ့လွှတ်တော်
ရုပ်သံဖိုင်ကြည့်ရန်

# စက်မှုလယ်ယာ အထောက်ကူများ ဝါတောင်သူတို့ အထွက်တိုးပွား

**မြန်မာနိုင်ငံ၏ လယ်ယာစိုက်ပျိုးရေးသမိုင်းစဉ်တစ်လျှောက်တွင် ဝါသီးနှံသည် ပြည်သူတို့၏ အခြေခံဝတ်ဆင်မှုဖူလုံရေးနှင့် ပြည်တွင်းအထည်အလိပ်လုပ်ငန်း ကုန်ထုတ်လုပ်မှုမြင့်မားရေးအတွက် မရှိမဖြစ်လိုအပ်သော “ဖြူစင်သည့် ရွှေဝါဂွမ်း” သို့မဟုတ် “အဖြူရောင်ရွှေ” အဖြစ် တင်စားခေါ်ဝေါ်ခြင်းခံခဲ့ရသည်။**

**မောင်မန်းညို (မဟာဝိဇ္ဇာ)**

ရှေးမြန်မာမင်းများလက်ထက် မိရိုးဖလာ စိုက်ပျိုးထုတ်လုပ်မှုမှသည် ယနေ့ခေတ်ပြိုင်ကာလ အထိ ဝါသည် တောင်သူလယ်သမားများ၏ လူမှုစီးပွားဘဝကို မြှင့်တင်ပေးရုံသာမက နိုင်ငံတော်၏ စက်မှုကုန်ထုတ်လုပ်ငန်းများအတွက် အခြေခံအကျဆုံး အရေးပါသော လယ်ယာထွက်ကုန် တစ်ခုအဖြစ် ရပ်တည်လျက်ရှိသည်။

ယနေ့အချိန်အခါတွင် နိုင်ငံတော်အကြီးအကဲ၏ အမြော်အမြင်ကြီးမားသော မူဝါဒလမ်းညွှန်ချက်များနှင့်အညီ မြန်မာ့ဝါစိုက်ပျိုးထုတ်လုပ်မှုကဏ္ဍကို အရှိန်အဟုန်မြှင့်တင်ရန်နှင့် နိုင်ငံတကာ စံချိန်စံညွှန်းမီ အရည်အသွေးမြင့်မားသော ချည်မျှင်ရှည်ဝါများ ပိုမိုထွက်ရှိစေရန် နိုင်ငံတော်နှင့် ဝါစိုက်တောင်သူတို့ ဟန်ချက်ညီညီ လက်တွဲဆောင်ရွက်လျက်ရှိရာ ယင်းဆောင်ရွက်ချက်များသည် မျှော်မှန်းထားသည့် အောင်မြင်မှုပန်းတိုင်သို့ မလွဲမသွေ ရောက်ရှိတော့မည်ဖြစ်ကြောင်း သိသာထင်ရှားလျက်ရှိပါသည်။

ယခုနှစ်များအတွင်း အရှိန်အဟုန်မြှင့် အကောင်အထည်ဖော်လျက်ရှိသည့် မူဝါဒနှစ်ခု ဖြစ်သော “စက်မှုလယ်ယာစနစ်သို့ ကူးပြောင်းခြင်း” နှင့် “အရည်အသွေးမြင့်မားသော မျိုးကောင်း မျိုးသန့် (F1) တင်းကျပ်စွာ အသုံးပြုခြင်း”တို့သည် မိရိုးဖလာစိုက်ပျိုးရေးမှ ခေတ်မီစက်မှုလယ်ယာ စနစ်သို့ ကူးပြောင်းပေးနိုင်သည့် တော်လှန်ရေး တစ်ရပ်ပင်ဖြစ်သည်။ ဤဆောင်းပါးဖြင့် နိုင်ငံတော်နှင့် တောင်သူတို့ ဟန်ချက်ညီစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် ထူးခြားသောအောင်မြင်မှု အခြေအနေများကို ကဏ္ဍအလိုက် အပြည့်အစုံ... 

**၁။ စက်မှုလယ်ယာစနစ်သို့ ကူးပြောင်းခြင်း– ထွန်ယက်ခြင်းမှ သိမ်းဆည်းခြင်းအထိ**

လယ်ယာစိုက်ပျိုးရေးကဏ္ဍတွင် ရှေးရိုးစွဲ လုပ်ကိုင်မှုများကြောင့် ကြုံတွေ့ရလေ့ရှိသော အဓိကအတားအဆီးတစ်ခုမှာ ရာသီဥတုပြောင်းလဲမှုနှင့်အတူ သီးနှံများအချိန်မီ မစိုက်ပျိုးနိုင်ခြင်း၊ မရိတ်သိမ်းနိုင်ခြင်းနှင့် လုပ်သားရှားပါးခြင်းတို့ဖြစ်သည်။ စိုက်ပျိုးရေးလုပ်ငန်းခွင်၌ လုပ်သားရှားပါးမှုနှင့် လုပ်ခလစာတိုးမြင့်လာမှုသည် တောင်သူများ အတွက် ကုန်ထုတ်လုပ်မှုစရိတ်ကို ကြီးမားစွာ ဝန်ထုပ်ဝန်ပိုးဖြစ်စေခဲ့သည်။ ယင်းကိုကျော်လွှားရန် စက်မှုလယ်ယာဦးစီးဌာနသည် ဝါစိုက်တောင်သူများအတွက် မြေပြုပြင်ခြင်း၊ မျိုးစေ့ချခြင်းမှအစ ဝါဆွတ်ခူးခြင်းအထိ လိုအပ်သော ခေတ်မီစက်ယန္တရားများကို စနစ်တကျ ပံ့ပိုးကူညီပေးလျက်ရှိသည်။

စက်မှုလယ်ယာကို ကူးပြောင်းခြင်းကြောင့် တောင်သူများအနေဖြင့် အောက်ပါထူးခြားသည့် ရလဒ်ကောင်းများကို ခံစားရရှိလာကြသည်ကို တွေ့ရပါသည် –

- **အချိန်ကိုက်စိုက်ပျိုးနိုင်ခြင်း။** ထွန်ယက်ခြင်းနှင့် မျိုးစေ့ချခြင်းလုပ်ငန်းများကို ထွန်စက်ကြီးများနှင့် ခေတ်မီမျိုးစေ့ချစက်များဖြင့် ဆောင်ရွက်ခြင်းကြောင့် မြေဆီလွှာအစိုဓာတ်မခန်းခြောက်မီ အချိန်တိုအတွင်း စိုက်ပျိုးနိုင်ခဲ့သည်။
- **ကုန်ကျစရိတ် သိသိသာသာလျှော့ကျခြင်း။** လူအင်အား အမြောက်အမြားသုံး၍ ရက်ရှည်လုပ်ကိုင်ရသည့် လုပ်ငန်းစဉ်များကို စက်ကိရိယာဖြင့် နာရီပိုင်းအတွင်း ပြီးစီးစေနိုင်သဖြင့် လုပ်သားခကုန်ကျစရိတ်ကို ၅၀ ရာခိုင်နှုန်းထက်မနည်း လျှော့ချနိုင်ခဲ့သည်။
- **ရိတ်သိမ်းဆွတ်ခူးမှု သန့်စင်ခြင်း။** စက်ဖြင့် စနစ်တကျ ရိတ်သိမ်းဆွတ်ခူးခြင်းကြောင့် ဝါသီးနှံထဲသို့ မြေကြီး၊ သစ်ရွက်ခြောက်နှင့် အခြားအမှိုက်သရိုက်များ ရောနှောဝင်ရောက်မှုနည်းပါးသွားပြီး စက်ရုံများက အဆင့်မြင့်ဝါအဖြစ် ဈေးကောင်းပေးဝယ်ယူရန် လွယ်ကူစေသည်။

**၂။ မျိုးကောင်းမျိုးသန့် တင်းကျပ်စွာ စစ်ဆေးခြင်း– ဝါအထွက်နှုန်းမြင့်မားရေး သော့ချက်**

ဝါစိုက်ပျိုးရေးတွင် အရေးအကြီးဆုံးသော ကုန်ထုတ်စွမ်းအားမှာ “မျိုးစေ့” ဖြစ်သည်။ ယခင်က တောင်သူအချို့သည် စရိတ်သက်သာလိုသဖြင့် သို့မဟုတ် အသိပညာအားနည်းမှုကြောင့် ယခင်နှစ်ကထွက်ရှိသော ဝါစေ့များကို ပြန်လည်၍ (ဒုတိယမျိုးဆက် – F2) အဖြစ် စိုက်ပျိုးခဲ့ကြသည်။ ဤသို့ F2 မျိုးစေ့များကိုပြန်လည်စိုက်ပျိုးခြင်းကြောင့် မျိုးဗီဇပြောင်းလဲကာ ရောဂါမခံနိုင်ခြင်း၊ အပင်ပေါက်နှုန်းမညီမျှခြင်းနှင့် အမျှင်တိုခြင်းစသည့် ဆိုးကျိုးများကိုကြုံတွေ့ရပြီး တောင်သူများ အရှုံးနှင့် ရင်ဆိုင်ခဲ့ရသည်။

“မျိုးကောင်းမှ အပင်သန်၊ အပင်သန်မှ အထွက်တိုးမည်”ဟူသော ဆိုရိုးစကားအတိုင်း အရည်အသွေးမြင့်မားပြီး သက်တမ်းအလိုက် မျိုးဗီဇခိုင်မာသော ပထမမျိုးဆက် (F1) မျိုးကောင်းမျိုးသန့်များကိုသာ စနစ်တကျသုံးစွဲစေရေးသည် နိုင်ငံတော်၏ အထူးဦးစားပေး လုပ်ငန်းစဉ်ဖြစ်လာသည်။

ယခုအခါ စိုက်ပျိုးရေးဦးစီးဌာနက တောင်သူများအား F2 မျိုးစေ့များ စိုက်ပျိုးခြင်းမှ တားမြစ်ကာ စံချိန်စံညွှန်းမီ မျိုးကောင်းမျိုးသန့်များကို ဖြန့်ဖြူးပေးလျက်ရှိသည်။ စိုက်ပျိုးရေးဥပဒေ (၂၀၁၅) နှင့်အညီ အမျိုးအမည်မသိ သို့မဟုတ် စံမမီသောမျိုးစေ့များ ဈေးကွက်အတွင်း လှည့်လည်ရောင်းချခြင်း မရှိစေရန် တင်းကျပ်စွာစစ်ဆေးခြင်းသည် တောင်သူများကို လိမ်လည်ခံရမှုမှ အကာအကွယ်ပေးရုံသာမက နိုင်ငံတော်၏ ဝါကုန်ထုတ်လုပ်မှုအရည်အသွေးကိုပါ တည်ငြိမ်စေသည်။

| နှိုင်းယှဉ်ချက်အချက်အလက် | F1 (ပထမမျိုးဆက် မျိုးစေ့) | F2 (ဒုတိယမျိုးဆက် ပြန်စိုက်မျိုးစေ့) |
|---|---|---|
| အပင်ပေါက်ရောက်မှုနှုန်း | ၉၀% နှင့် အထက် (ညီညာထွားကြိုင်းသည်) | ၆၀% အောက် (အပင်ပေါက်မညီပါ) |
| ပိုးမွှားခံနိုင်ရည်စွမ်း | မြင့်မားသည် (ဝါသီးလုံးဖောက်ပိုး ဒဏ်ခံနိုင်သည်) | နိမ့်ကျသည် (ရောဂါကျလွယ်သည်) |
| အထွက်နှုန်း (တစ်ဧက) | တင်း ၆၀ မှ ၈၀ အထိ | တင်း ၃၀ အောက်သာရှိသည် |
| အမျှင်အရည်အသွေး | အမျှင်ရှည်ပြီး ဖြူစင်သန့်ရှင်းသည် | အမျှင်တိုပြီး အရောင်မွဲသည် |

**၃။ နိုင်ငံတော်နှင့် ဝါစိုက်တောင်သူတို့ ဟန်ချက်ညီညီ လက်တွဲဆောင်ရွက်မှုအင်အား**

စိုက်ပျိုးရေးကဏ္ဍ၏ အောင်မြင်မှုဟူသည် တစ်ဦးတစ်ယောက်တည်း သို့မဟုတ် ဌာနတစ်ခုတည်းဖြင့် ဆောင်ရွက်၍မရနိုင်ပါ။ အစိုးရ၏ ဦးဆောင်မှု၊ မူဝါဒလမ်းညွှန်မှုနှင့် နည်းပညာပံ့ပိုးမှုတို့အပေါ်တွင် တောင်သူလယ်သမားထု၏ တက်ကြွစွာ ပူးပေါင်းပါဝင်မှုတို့ ပေါင်းစပ်မှုသာ အောင်မြင်မှုပန်းတိုင်သို့ ရောက်ရှိနိုင်မည်ဖြစ်သည်။

နိုင်ငံတော်အစိုးရက ဝါစိုက်ပျိုးမှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် သွင်းအားစုများဖြစ်သော ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေးနှင့် စိုက်ပျိုးရေရရှိရေးတို့ကို ဦးစားပေး ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိသည်။ အထူးသဖြင့် မိုးနည်းရေရှားရပ်ဝန်းဒေသများဖြစ်သည့် မန္တလေး၊ စစ်ကိုင်းနှင့် မကွေးတိုင်းဒေသကြီးများတွင် မြစ်ရေတင်စီမံကိန်းများနှင့် ဆိုလာရေတင်စနစ်များကို အကောင်အထည်ဖော်ပေးခြင်းဖြင့် “မိုးကြိုဝါ” စိုက်ပျိုးသူများအတွက် ရေသွင်းစိုက်ပျိုးမှုကို အဆင်ပြေချောမွေ့စေခဲ့သည်။

အပြန်အလှန်အားဖြင့် တောင်သူများကလည်း နိုင်ငံတော်၏ လမ်းညွှန်ချက်အတိုင်း ရာသီဥတုနှင့် ကိုက်ညီသော စိုက်ပျိုးနည်းစနစ်သစ်များ၊ စက်မှုလယ်ယာဝန်ဆောင်မှုများကို ယုံကြည်စိတ်ချစွာ အသုံးပြုလာကြသည်။ ဤသို့ ဟန်ချက်ညီညီ ပေါင်းစပ်ဆောင်ရွက်ခြင်းသည် လယ်ယာကဏ္ဍကို စီးပွားရေးအရ တွက်ခြေကိုက်ပြီး ရေရှည်တည်တံ့သော တန်ဖိုးကွင်းဆက် (Value Chain) တစ်ခု ဖြစ်လာစေရန် တွန်းအားပေးလျက်ရှိသည်။

**၄။ ဒေသတွင်းစက်မှုလုပ်ငန်းများနှင့် ချိတ်ဆက်မှု**

ဝါစိုက်ပျိုးရေးကဏ္ဍသည် စိုက်ပျိုးရုံသာမက ထွက်ရှိလာသောဝါများကို ပြည်တွင်းရှိ ချည်မျှင်နှင့် အထည်အလိပ်စက်ရုံများသို့ ကုန်ကြမ်းအဖြစ် အချိန်မီစီးဆင်းစေရန် အရေးကြီးသည်။ စိုက်ပျိုးရေး ဦးစီးဌာနက တောင်သူများနှင့် ဝါကြိတ်စက်ရုံများ၊ ချည်မျှင်စက်ရုံများအကြား တိုက်ရိုက်ချိတ်ဆက်နိုင်သော ပွဲစားကင်းစင်သည့်စနစ်တစ်ခုကို အားပေးလျက်ရှိသည်။ ဤသို့ဆောင်ရွက်ခြင်းဖြင့် တောင်သူများသည် မိမိတို့ထုတ်လုပ်သော ဝါအတွက် ထိုက်တန်သောဈေးနှုန်းကို တိုက်ရိုက်ရရှိပြီး စက်ရုံများဘက်ကလည်း အရည်အသွေးအာမခံချက်ရှိသော ကုန်ကြမ်းများကို ကြားပွဲစားစရိတ်သက်သာစွာဖြင့် ပုံမှန်ရရှိနိုင်မည်ဖြစ်သည်။

ထို့ပြင် ဝါစေ့မှ စားသုံးဆီထုတ်လုပ်ခြင်းနှင့် တိရစ္ဆာန်အစာ ဝါစေ့ဖတ်များ ထုတ်လုပ်ခြင်း စသည့် ဘေးထွက်ပစ္စည်း စီးပွားရေးလုပ်ငန်းများသည်လည်း ဒေသတွင်း၌ အလုပ်အကိုင်အခွင့်အလမ်းသစ်များကို ဖန်တီးပေးလျက်ရှိသည်။ ဤသည်မှာ လယ်ယာကဏ္ဍမှသည် စက်မှုကဏ္ဍသို့ ကူးပြောင်းရာတွင် အရေးပါသော ကွင်းဆက်တစ်ခုပင်ဖြစ်သည်။

**၅။ အနာဂတ်မျှော်မှန်းချက်နှင့် သုံးသပ်ချက်**

နိုင်ငံတော်အကြီးအကဲ၏ မူဝါဒလမ်းညွှန်ချက်များနှင့်အညီ စက်မှုလယ်ယာဝန်ဆောင်မှုများနှင့် မျိုးကောင်းမျိုးသန့်စနစ် တင်းကျပ်မှုများကို ဆက်လက်အရှိန်အဟုန်မြှင့် ဆောင်ရွက်သွားမည်ဆိုပါက မြန်မာနိုင်ငံသည် ပြည်ပမှချည်မျှင်နှင့် အထည်အလိပ် တင်သွင်းနေရမှုကို လျှော့ချနိုင်ရုံသာမက ပြည်ပသို့ အရည်အသွေးမြင့်ချည်မျှင်ရှည်ဝါများ ပြန်လည်တင်ပို့နိုင်သည်အထိ အောင်မြင်မှုရရှိမည်မှာ ဧကန်မလွဲဖြစ်ပါသည်။

ခေတ်မီဆန်းသစ်သော စိုက်ပျိုးရေးနည်းပညာများနှင့် ခေတ်မီစက်ကိရိယာများသည် တောင်သူတို့၏ ပင်ပန်းဆင်းရဲမှုကိုလျှော့ချပေးပြီး ထုတ်လုပ်မှုကိုမြှင့်တင်ပေးနိုင်သော လက်နက်ကောင်းများ ဖြစ်ကြသည်။ နိုင်ငံတော်က ပံ့ပိုးပေးသော စက်မှုလယ်ယာဝန်ဆောင်မှုများကို တောင်သူများက ပိုမိုတွင်ကျယ်စွာအသုံးချပြီး အရည်အသွေးမီ မျိုးစေ့များကိုသာ ရွေးချယ်စိုက်ပျိုးခြင်းဖြင့် “စက်မှုလယ်ယာအထောက်ကူများ ဝါတောင်သူတို့ အထွက်တိုးပွား”စေကာ မြန်မာ့လယ်ယာကဏ္ဍသည် ကမ္ဘာ့အဆင့်မီ ဖွံ့ဖြိုးတိုးတက်လာတော့မည် ဖြစ်ပါသည်။

အချုပ်အားဖြင့်ဆိုရသော် နိုင်ငံတော်အစိုးရ၏ အမြော်အမြင်ရှိသော မူဝါဒများ၊ သက်ဆိုင်ရာဌာနဆိုင်ရာများ၏ အစွမ်းကုန်ပံ့ပိုးကူညီမှုများနှင့် တောင်သူလယ်သမားတို့၏ စိတ်အားထက်သန်စွာ ဟန်ချက်ညီ လက်တွဲဆောင်ရွက်မှုသည် မြန်မာ့ဝါစိုက်ပျိုးရေးကဏ္ဍကို စီးပွားရေးအရ အောင်မြင်မှုပန်းတိုင်ဆီသို့ မလွဲမသွေ ပို့ဆောင်ပေးနိုင်မည် ဖြစ်ကြောင်း ဂုဏ်ယူဝမ်းမြောက်စွာဖြင့် သုံးသပ်တင်ပြအပ်ပါသည်။ ။

**❛ခေတ်မီဆန်းသစ်သော စိုက်ပျိုးရေးနည်းပညာများနှင့် ခေတ်မီစက်ကိရိယာများသည် တောင်သူတို့၏ ပင်ပန်းဆင်းရဲမှုကို လျှော့ချပေးပြီး ထုတ်လုပ်မှုကိုမြှင့်တင်ပေးနိုင်သော လက်နက်ကောင်းများဖြစ်ကြသည်။ နိုင်ငံတော်က ပံ့ပိုးပေးသော စက်မှုလယ်ယာဝန်ဆောင်မှုများကို တောင်သူများက ပိုမိုတွင်ကျယ်စွာအသုံးချပြီး အရည်အသွေးမီမျိုးစေ့များကိုသာ ရွေးချယ်စိုက်ပျိုးခြင်းဖြင့် “စက်မှုလယ်ယာ အထောက်ကူများ ဝါတောင်သူတို့ အထွက်တိုးပွား” စေကာ မြန်မာ့လယ်ယာကဏ္ဍသည် ကမ္ဘာ့အဆင့်မီ ဖွံ့ဖြိုးတိုးတက်လာတော့မည်❜**

# ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်း ပူးပေါင်းကော်မတီ အစည်းအဝေးကျင်းပ



**နေပြည်တော် ဇူလိုင် ၁၅**

ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်းပူးပေါင်းကော်မတီသည် လွှတ်တော်နှစ်ရပ် သဘောကွဲလွဲသော အွန်လိုင်းလိမ်လည်မှုတိုက်ဖျက်ရေးဆိုင်ရာ ဥပဒေကြမ်းနှင့်စပ်လျဉ်းသည့် အစည်းအဝေးကို ယနေ့မွန်းလွဲ ၂ နာရီတွင် ပြည်ထောင်စုလွှတ်တော် D ဆောင် ဒုတိယထပ်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက ဥပဒေကြမ်းပူးပေါင်းကော်မတီဥက္ကဋ္ဌ ဦးဂျဲန်ဖန်နော်တောင် (ခ)ဦးနော်တောင်၊ ဒုတိယဥက္ကဋ္ဌများ၊ အတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူးနှင့် ကော်မတီဝင်များ၊ ဒီဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန၊ ဥပဒေရေးရာဝန်ကြီးဌာန၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်နှင့် ပြည်ထောင်စုလွှတ်တော်ရုံးတို့မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံ သီလဝါစက်မှုဇုန်ရှိ ပြည်ပပို့ကုန် ထုတ်လုပ်တင်ပို့နေသောစက်ရုံများ ကြည့်ရှုစစ်ဆေး



**နေပြည်တော် ဇူလိုင် ၁၅**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံသည် ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး သန်လျင်ခရိုင် ကျောက်တန်းမြို့နယ် သီလဝါ အထူးစီးပွားရေးဇုန်ရှိ Lightion Myanmar Co., Ltd. ၏ အီလက်ထရောနစ် ပစ္စည်းများ၊ စပီကာများ၊ ဆားကစ်ဘုတ်များ တပ်ဆင်ထုတ်လုပ်သည့် စက်ရုံသို့ ရောက်ရှိပြီး စက်ရုံလုပ်ငန်းခွင်အတွင်း ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် Guston Amava Co., Ltd. ၏ CMP စနစ်ဖြင့် ပြည်ပပို့ကုန် အထည်ချုပ်စက်ရုံသို့ ရောက်ရှိပြီး ပို့ကုန်အထည်များ ချုပ်လုပ်နေမှုကို လည်းကောင်း၊ Showa Glove Myanmar Co., Ltd. ၏ လက်အိတ်အမျိုးမျိုး ထုတ်လုပ်သည့် စက်ရုံမှ ပြည်ပသို့ တင်ပို့ရန် လက်အိတ်များ ချုပ်လုပ်နေမှုကိုလည်းကောင်း၊ Koyorad Co., Ltd. ၏ ကားရေတိုင်ကီနှင့် ဆက်စပ် အစိတ်အပိုင်းများ ထုတ်လုပ်နေမှုတို့ကိုလည်းကောင်း ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



# ပျဉ်းမနားမြို့နယ်၌ အခွန်ဆိုင်ရာအသိပညာပေး ဟောပြော

**ပျဉ်းမနား ဇူလိုင် ၁၅**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ပျဉ်းမနားမြို့နယ် အခွန်ဦးစီးဌာနမှူးရုံးက ကြီးမှူးကျင်းပသည့် အခွန်ဆိုင်ရာအသိပညာတိုးတက်ရေးနှင့် အခွန်တာဝန်လေးစားလိုက်နာမှုတိုးတက်ရေး လူထုလှုပ်ရှားမှုအစီအစဉ်ဖြင့် အသိပညာပေးဟောပြောပွဲကို ယမန်နေ့နံနက်ပိုင်းတွင် ပျဉ်းမနားမြို့ အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။

ဦးစွာ ပျဉ်းမနားမြို့နယ် အခွန်ဦးစီးဌာနမှူးရုံး လက်ထောက်ညွှန်ကြားရေးမှူး ဦးနိုင်ဦးက အခွန်ဆိုင်ရာအသိပညာတိုးတက်ရေးနှင့် အခွန်တာဝန်လေးစားလိုက်နာမှုတိုးတက်ရေး လူထုလှုပ်ရှားမှုအစီအစဉ်လုပ်ငန်းစီမံချက်၏ ရည်ရွယ်ချက်များ၊ ပြည်တွင်းအခွန်များဦးစီးဌာနက ကောက်ခံလျက်ရှိသည့် အခွန်အမျိုးအစားနှင့် အခွန်အကြောင်းသိကောင်းစရာများကို ရှင်းလင်းဆွေးနွေးပြီး အမေးအဖြေကဏ္ဍတွင် ပါဝင်ခဲ့ကြသည့် ကျောင်းသား ကျောင်းသူ ၃၇ ဦးတို့အား ဆုများပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၏ ၂၀၂၆ ခုနှစ် မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲအခမ်းအနား ကျင်းပ

**နေပြည်တော် ဇူလိုင် ၁၅**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၏ ၂၀၂၆ ခုနှစ် မိုးရာသီစုပေါင်း သစ်ပင်စိုက်ပျိုးပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ဇမ္ဗူသီရိမြို့နယ် ဝဏ္ဏသိဒ္ဓိရပ်ကွက်၌ ကျင်းပသည်။



ဦးစွာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းက စိန်ပန်းပင်ကို သတ်မှတ်နေရာ၌ ဦးဆောင်စိုက်ပျိုးပေးပြီး ဒုတိယဝန်ကြီး ဒေါက်တာသန်းစိုးနှင့် တက်ရောက်လာသူများက ပျိုးပင်များကို သတ်မှတ် နေရာများတွင် ဆက်လက်စိုက်ပျိုးကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများက အရာထမ်း၊ အမှုထမ်းများ၊ ဝန်ထမ်းများ ပျိုးပင်များ တပျော်တပါး စုပေါင်းစိုက်ပျိုးနေမှုများကို လှည့်လည်ကြည့်ရှုအားပေးသည်။ ယနေ့ မိုးရာသီစုပေါင်း သစ်ပင်စိုက်ပျိုးပွဲတွင် စိန်ပန်း၊ ပန်းမဲဇလီ၊ သရာနှင့် ကံ့ကော် စုစုပေါင်းပျိုးပင် ၂၃၀ ကို စိုက်ပျိုးပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



# မြောက်ဥက္ကလာပမြို့နယ်၌ နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်များ ကွင်းဆင်းဆောင်ရွက်ပေး

**ရန်ကုန် ဇူလိုင် ၁၅**

ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ်၌ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြောက်ဥက္ကလာပမြို့နယ်ဦးစီးမှူးရုံး မြို့နယ်ဦးစီးမှူး ဦးဆောင်သည့် ဝန်ထမ်းများသည် ယနေ့နံနက်ပိုင်းက (က)ရပ်ကွက် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း၌ ကျောင်းတက်ရောက်နေသည့် ကျောင်းသား ကျောင်းသူများအား နိုင်ငံသားစိစစ်ရေးကတ် ပြုလုပ်ပေးခြင်းနှင့် ဇီဝဆိုင်ရာအချက်အလက်ကောက်ယူကာ UID ကတ်ထုတ်ပေးခြင်း လုပ်ငန်းများကို ကွင်းဆင်းဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် အသက် (၁၀) နှစ်ပြည့် ကျောင်းသား ကျောင်းသူ ၆၃ ဦးအား နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်များကို နေ့ချင်းပြီး စိစစ်ဆောင်ရွက်ပေးကာ မြောက်ဥက္ကလာပမြို့နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူများက ကျောင်းသား ကျောင်းသူများ၏ လက်ဝယ်အရောက်ပေးအပ်ခဲ့ကြောင်း သိရသည်။ **သက်လွင်စိုး(ပြန်/ဆက်)**

# ပြည်ခရိုင် လူထုအခြေပြုဗဟိုဌာန၌ ပရိဘောဂပစ္စည်းများ ပေးအပ်လှူဒါန်း

**ပြည် ဇူလိုင် ၁၅**

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနခန်းမတွင် ပရိဘောဂပစ္စည်းများ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ဇူလိုင် ၁၂ ရက်က ကျင်းပသည်။

ဦးစွာ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူးက ကျေးဇူးတင်စကားပြောကြားပြီး သီဟသုဓမ္မသိင်္ဂီ ဒေါက်တာယဉ်ဝေလွင် (ဦးစိန်ခိုဆေးတိုက်)က ပရိဘောဂပစ္စည်းများ လှူဒါန်းရခြင်းရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။



ဆက်လက်ပြီး သီဟသုဓမ္မသိင်္ဂီဒေါက်တာယဉ်ဝေလွင်(ဦးစိန်ခိုဆေးတိုက်) က ငွေကျပ် ၁၉၀၀၀၀၀ တန်ဖိုးရှိ (ဆက်တီတစ်စုံ) ပရိဘောဂပစ္စည်းများကို လွှဲပြောင်းပေးအပ်ရာ လက်ထောက်ညွှန်ကြားရေးမှူးက ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

**အေးမိုး(ပြန်/ဆက်)**

# နေရောင်ခြည်စွမ်းအင်ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ

**နေပြည်တော် ဇူလိုင် ၁၅**

နိုင်ငံတော်၏ လျှပ်စစ်ဓာတ်အားသုံးစွဲနိုင်မှုတွင် ဆိုလာဓာတ်အားစနစ် သိသာစွာတိုးမြှင့်ပါဝင်လာစေရန် ရည်ရွယ်သည့် အလုပ်ရုံဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် Horizon Lake View Resort ၌ ကျင်းပရာ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင်က တက်ရောက် အမှာစကားပြောကြားသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရန်နှင့် ပြည်သူလူထု၏ လူမှုစီးပွားဘဝမြှင့်မားရန်အတွက် လျှပ်စစ်ဓာတ်အားလုံလောက်စွာရရှိရေးသည် အလွန်အရေးကြီးပါကြောင်း၊ နိုင်ငံတော်၏ လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုသည် ရေအားလျှပ်စစ်နှင့် သဘာဝဓာတ်ငွေ့အရင်းအမြစ်များအပေါ်တွင် အဓိကမှီခိုအားထားနေရပါကြောင်း၊ ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်များကြောင့် ရေအားလျှပ်စစ်ထုတ်လုပ်မှုတွင် စိန်ခေါ်မှုများရှိနေသကဲ့သို့ ကမ္ဘာ့စွမ်းအင်ဈေးနှုန်း မတည်ငြိမ်မှုများသည်လည်း မိမိတို့၏စွမ်းအင်လုံခြုံရေးအတွက် ရေရှည်တွင် စဉ်းစားစရာဖြစ်လာပါကြောင်း၊ မိမိတို့ဝန်ကြီးဌာနအနေဖြင့် ပြည်တွင်းရှိလျှပ်စစ်နှင့်စွမ်းအင်အရင်းအမြစ်များအပေါ်အခြေခံပြီး နိုင်ငံတော်အတွက် သင့်လျော်သည့် လျှပ်စစ်ဓာတ်အားထုတ်လုပ်မှု(Generation Mix)ကို သတ်မှတ်ဆောင်ရွက်နိုင်ရန် တွက်ချက်စီမံလျက်ရှိပါကြောင်း။



"နေရောင်ခြည်စွမ်းအင်"သည် မိမိတို့နိုင်ငံ၏ ပထဝီဝင်အနေအထားအရ သဘာဝပေးအရင်းအမြစ်ကြွယ်ဝခြင်း၊ အခြားသော ဓာတ်အားပေးစနစ်များနှင့် နှိုင်းယှဉ်ပါက စီမံကိန်းကာလတိုတောင်းခြင်းတို့ကြောင့် နိုင်ငံတော်၏မဟာဓာတ်အားလိုင်းများအတွင်းသို့ သင့်တင့်သည့် အချိုးအစားဖြင့် ဆိုလာစနစ်ထည့်သွင်းနိုင်ရေးနှင့် တစ်ဦးချင်းဖြစ်စေ၊ အစုအဖွဲ့အလိုက်ဖြစ်စေ မိမိတို့အစီအစဉ်ဖြင့် Solar Home System စနစ် တပ်ဆင်အသုံးပြုနိုင်ရေး နည်းလမ်း နှစ်ခုဖြင့် အားပေးဆောင်ရွက်လျက်ရှိပါကြောင်း၊ အဆိုပါ တွေ့ကြုံနေရသည့် နည်းပညာဆိုင်ရာကန့်သတ်ချက်များနှင့် စီမံခန့်ခွဲမှုဆိုင်ရာ အခက်အခဲများကို ယနေ့ပြုလုပ်သည့် အလုပ်ရုံဆွေးနွေးပွဲတွင် ဝိုင်းဝန်းအကြံပြု၊ ဆွေးနွေး၊ အဖြေရှာခြင်းဖြင့် အကျိုးရှိထိရောက်သည့် အစီအမံများနှင့် စီမံကိန်းများသည် လျင်မြန်စွာအကောင်အထည်ပေါ်လာမည်ဖြစ်ပါကြောင်း၊ ဆိုလာဓာတ်အားပေးစနစ်ကို စွမ်းရည်မြင့်မားစွာနှင့် ထိထိရောက်ရောက်အသုံးချနိုင်ရန် လိုအပ်ပါကြောင်း ပြောကြားသည်။

ထို့နောက် အလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်လာကြသည့် စာတမ်းရှင်များ၊ ဟောပြောဆွေးနွေးသူများက သက်ဆိုင်ရာခေါင်းစဉ်များအလိုက် ရှင်းလင်းဆွေးနွေးကြရာ တက်ရောက်လာသူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးခဲ့ကြပြီး အသိပညာရှင်၊ အတတ်ပညာရှင်များကလည်း "မြန်မာနိုင်ငံတွင် နေရောင်ခြည်စွမ်းအင်ဖွံ့ဖြိုးတိုးတက်မှုကို အရှိန်အဟုန်မြှင့်တင်ခြင်းနှင့် လျှပ်စစ်ဓာတ်အားစနစ်၏တည်ငြိမ်စိတ်ချမှုကိုထိန်းသိမ်းခြင်း" ခေါင်းစဉ်ဖြင့် စကားဝိုင်းဆွေးနွေးပွဲ ပြုလုပ်ကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံ၏ ပေါကြွယ်ဝလှသော နေရောင်ခြည်စွမ်းအင်အရင်းအမြစ်ကို အပြည့်အဝအသုံးချ၍ ဓာတ်အားထုတ်လုပ်ခြင်းဖြင့် စွမ်းအင်ဖူလုံပြီး စိမ်းလန်းစိုပြည်သော အနာဂတ်နိုင်ငံတော်ကြီးဆီသို့ အောင်မြင်စွာ ရှေ့ဆက်တက်လှမ်းနိုင်ပါစေကြောင်း နိဂုံးချုပ်အမှာစကားပြောကြားသည်။

ယနေ့ကျင်းပသည့် အလုပ်ရုံဆွေးနွေးပွဲသို့ ပြည်ထောင်စုအတိုင်ပင်ခံကောင်စီဝင် ဦးကိုကိုလှိုင်၊ ဒုတိယဝန်ကြီးများ၊ ဝန်ကြီးဌာန ကြီးကြပ်မှုအောက်ရှိ ဦးစီးဌာန/လုပ်ငန်းများမှ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ၊ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းချုပ်၊ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်တို့မှ ပညာရှင်များ၊ အခြားဌာနဆိုင်ရာများမှ ဝန်ထမ်းများ၊ အကျိုးတူ ပူးပေါင်းဆောင်ရွက်လျက်ရှိသော ပြည်တွင်း/ပြည်ပကုမ္ပဏီများမှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ၊ စိတ်ပါဝင်စားသူများ စုစုပေါင်း ၄၇၅ ဦး တက်ရောက်ဆွေးနွေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



# ချင်းပြည်နယ်ဝန်ကြီးချုပ် ချင်းပြည်နယ် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးအေဂျင်စီ အစည်းအဝေးတက်ရောက်

**ဟားခါး ဇူလိုင် ၁၅**

ချင်းပြည်နယ် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးအေဂျင်စီ အစည်းအဝေးကို ယနေ့ နံနက် ၁၀ နာရီက ဟားခါးမြို့ ချင်းပြည်နယ် အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ ချင်းပြည်နယ် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေး အေဂျင်စီနာယက ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာ ဝုန်ဆွန်းထန်က အမှာစကားပြောကြားပြီး ပြည်နယ်လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးခင်မောင်ထွေးနှင့် ပြည်နယ်စီမံကိန်း၊ စီးပွားရေးနှင့် ဘဏ္ဍာရေးဝန်ကြီး ဒေါက်တာလျန်ဇခုပ်တို့က MSME အေဂျင်စီ ဗဟိုဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတို့၏ လမ်းညွှန်ချက်များကို ချင်းပြည်နယ် MSME အေဂျင်စီ၏ လုပ်ငန်းလမ်းညွှန်များအဖြစ်ခံယူ၍ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တင်ပြကြသည်။

ယင်းနောက် ချင်းပြည်နယ် အေဂျင်စီအဖွဲ့ဝင်များက MSME အမျိုးအစားအလိုက် ငွေထုတ်ချေးပေးနိုင်မှုအခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြကြပြီး တက်ရောက်လာကြသည့် လုပ်ငန်းရှင်များက မြေပိုင်ဆိုင်မှု အထောက်အထားရရှိနိုင်ရေး၊ ချေးငွေများ ချေးယူနိုင်ရေးအတွက် လုပ်ငန်းစဉ်များ၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးအတွက် အစိုးရမှ ဆောင်ရွက်ပေးစေလိုသည့်အချက်များကို ဆွေးနွေးတင်ပြကြရာ ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်ချက်များ ပေါင်းစပ်ညှိနှိုင်းပေးခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# ဒုတိယဝန်ကြီး ဦးမျိုးမြင့် ချင်းပြည်နယ် ဖလမ်းမြို့၌ နေရပ်စွန့်ခွာ၍ ပြန်လည်ဝင်ရောက်လာသည့် ပြည်သူများအား ထောက်ပံ့ပစ္စည်းများပေးအပ်

**နေပြည်တော် ဇူလိုင် ၁၅**

ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးမြင့်သည် ချင်းပြည်နယ်အတွင်း ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးကော်မတီဝင်များနှင့်အတူ ယနေ့တွင် ချင်းပြည်နယ် ဖလမ်းမြို့ မြို့တော်ခန်းမ၌ နေရပ်စွန့်ခွာ၍ ပြန်လည်ဝင်ရောက်လာသည့် ပြည်သူများအား ထောက်ပံ့ပစ္စည်းများပေးအပ်သည့် အခမ်းအနားသို့တက်ရောက်အမှာစကားပြောကြားပြီး ကော်မတီဝင်များနှင့်အတူ နေရပ်စွန့်ခွာ၍ ပြန်လည်ဝင်ရောက်လာသည့် ပြည်သူ ၂၃၃ ဦးအတွက် ဆန် ၇၂ အိတ်နှင့် ဆီ ၂၇၃ ပိဿာ ထောက်ပံ့ပေးအပ်သည်။

ထို့နောက် ပြန်လည်ဝင်ရောက်လာသည့် ပြည်သူများကိုယ်စား မြို့မိမြို့ဖတစ်ဦးက ကျေးဇူးတင်စကားပြောကြားပြီး လိုအပ်ချက်များကိုတင်ပြရာ ဒုတိယဝန်ကြီးက တင်ပြချက်များအပေါ် တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းပေးပြီး အားပေးစကားပြောကြားသည်။

ယင်းနောက် ဖလမ်းမြို့ ပြည်သူ့ကျန်းမာရေးဦးစီးဌာန မိခင်နှင့်ကလေး ကျန်းမာရေးဌာနသို့ ရောက်ရှိပြီး ကိုယ်ဝန်ဆောင်မိခင်များအား ကာကွယ်ဆေးထိုးဆောင်ရွက်မှု၊ (၅) နှစ်အောက်ကလေးများအား တိုးချဲ့ကာကွယ်ဆေးထိုးဆောင်ရွက်မှုအခြေအနေများကို တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြရာ ဒုတိယဝန်ကြီးက တင်ပြချက်များအပေါ် တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းပေးကာ ဆေးခန်းအတွင်းရှိ ကိုယ်ဝန်ဆောင် မိခင်များနှင့် ကလေးများအား တစ်ဦးချင်း ရင်းရင်းနှီးနှီး အားပေးစကားပြောကြားပြီး ထောက်ပံ့ငွေများ ပေးအပ်သည်။

ယနေ့ထိ ဖလမ်းမြို့တွင် ပြည်သူ့ကျန်းမာရေးဦးစီးဌာန မိခင်နှင့်ကလေးကျန်းမာရေးဌာနက ကိုယ်ဝန်ဆောင်မိခင် ၃၄ ဦးနှင့် (၅) နှစ်အောက် ကလေး ၆၂ ဦးအား ကာကွယ်ဆေးထိုးပေးခြင်းများ ဆောင်ရွက်ပေးပြီး၊ တီးတိန်၊ တွန်းဇံနှင့် ဖလမ်းမြို့များတွင် ကိုယ်ဝန်ဆောင်မိခင် ၁၅၈၀၂ ဦးနှင့် (၅) နှစ်အောက်ကလေး ၇၇၈၀ တို့အား ကာကွယ်ဆေးထိုးပေးခြင်းများနှင့် အသိပညာပေးခြင်းများ ဆောင်ရွက်ပေးပြီးဖြစ်သည်။

နိုင်ငံတော်မှ ကိုယ်ဝန်ဆောင်မိခင်များနှင့် (၅) နှစ်အောက်ကလေးများအတွက် လိုအပ်သည့် ကာကွယ်ဆေးနှင့် ဆေးပစ္စည်းများကို အချိန်နှင့် တစ်ပြေးညီ ထောက်ပံ့ ပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**



# Polytechnic University (မြိတ်)၌ ယာဉ်စည်းကမ်းလမ်းစည်းကမ်း အသိပညာပေး

**မြိတ် ဇူလိုင် ၁၅**

တနင်္သာရီတိုင်းဒေသကြီး Polytechnic University (မြိတ်)၌ တက္ကသိုလ်ကျောင်းသားကျောင်းသူများအား အမှတ်(၇၆) ယာဉ်ထိန်းရဲတပ်ဖွဲ့စု(မြိတ်)မှ ဇူလိုင် ၁၃ ရက်က တက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမတွင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဟောပြောသည်။

အသိပညာပေးဟောပြောရာတွင် Polytechnic University (မြိတ်) နည်းပညာမဟာဌာနနှင့် ကွန်ပျူတာမဟာဌာနတို့၌ အမှတ်(၇၆)ယာဉ်ထိန်းရဲတပ်ဖွဲ့စု(မြိတ်)မှ ဒုတိယရဲအုပ် စိုးမင်းက မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်များ မောင်းနှင်ရာတွင် လိုက်နာရမည့်အချက်များ၊ ဆောင်ရန်/ ရှောင်ရန် အချက်များနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ ဥပဒေနှင့် စည်းမျဉ်း/စည်းကမ်းများ၊ ပြစ်မှုပြစ်ဒဏ်များကို အသိပညာပေးဟောပြောပြီး ပညာပေးလက်ကမ်းစာစောင်များ ဝေငှခဲ့ကြောင်း သိရသည်။

**ခိုင်ထူး(ပြန်/ဆက်)**

# နိုင်ငံရဲ့စွမ်းအင်ကဏ္ဍတိုးတက်ဖို့အတွက် ပညာရှင်တွေ၊ စီးပွားရေးလုပ်ငန်းရှင်တွေအားလုံးက အစိုးရနဲ့အတူ ပူးပေါင်းဆောင်ရွက်ဖို့လိုအပ်သလို နောင်မျိုးဆက်သစ်လူငယ်တွေကိုလည်း ပြည့်ဖြိုးမြဲစွမ်းအင်ကဏ္ဍနဲ့ပတ်သက်ပြီး မြှင့်တင်ကြိုးစားပေးကြဖို့ တိုက်တွန်းပြောကြားလိုပါတယ်

**ဒေါ်မြမြအေး**

နေပြည်တော် ဇူလိုင် ၁၅

နိုင်ငံတော်၏ လျှပ်စစ်ဓာတ်အားသုံးစွဲနိုင်မှုတွင် ဆိုလာဓာတ်အားစနစ် သိသာစွာ တိုးမြှင့်ပါဝင်လာစေရန်ရည်ရွယ်သည့် နေရောင်ခြည်စွမ်းအင်ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို ဇူလိုင် ၁၅ ရက် နံနက်ပိုင်းတွင် နေပြည်တော်ရှိ Horizon Lake View Resort ၌ ကျင်းပသည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲသို့ ဆိုလာနည်းပညာ၊ ဘက်ထရီနည်းပညာ၊ ဆိုလာဓာတ်အားပေးစနစ်တို့နှင့် ပတ်သက်သည့် ပညာရှင်များ၊ လုပ်ငန်းရှင်များ၊ သက်ဆိုင်ရာအဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ ဆိုလာနည်းပညာနှင့်ပတ်သက်၍ ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်နေကြသည့် ကုမ္ပဏီများမှ တာဝန်ရှိသူများနှင့် စိတ်ပါဝင်စားသူများ တက်ရောက်ကြသည်။

ဆွေးနွေးပွဲမှတစ်ဆင့် မြန်မာနိုင်ငံတွင် နေရောင်ခြည်စွမ်းအင် ဖွံ့ဖြိုးတိုးတက်မှုကို အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်နိုင်ရေးအတွက် သက်ဆိုင်ရာကဏ္ဍအလိုက် ဆောင်ရွက်သွားမည့်အခြေအနေနှင့် စပ်လျဉ်း၍ ဆွေးနွေးပွဲတက်ရောက်လာကြသူများအား တွေ့ဆုံမေးမြန်းခဲ့သည်များကို ဖော်ပြအပ်ပါသည် –


ဦးအောင်သူထွန်း


ဦးထောင်းဇိုခိုင်


ဦးကောင်းဆက်သူ


ဦးဇေယျာဝင်း


ဦးဟန်ဇော်


ဒေါ်မြမြအေး

**ဦးအောင်သူထွန်း**

**Executive Director၊ Head of Power Systems၊**

**ZEYA & ASSOCIATES Co., Ltd.**

ကျွန်တော်တို့နိုင်ငံအတွက် လိုအပ်နေတဲ့ဓာတ်အားကို ဆိုလာကနေ ပိုမိုအကျိုးရှိရှိနဲ့ effective ဖြစ်အောင် ဖြည့်ဆည်းပေးနိုင်ဖို့အတွက် ဆွေးနွေးပွဲတက်ရောက်လာတဲ့ ပညာရှင်တွေ၊ လုပ်ငန်းရှင်တွေ၊ ဌာနဆိုင်ရာတာဝန်ရှိသူတွေရဲ့ ဆွေးနွေးချက်တွေ၊ အကြံဉာဏ်တွေကို လာရောက်လေ့လာတာဖြစ်ပါတယ်။ ကျွန်တော်တို့အနေနဲ့ ဆိုလာစီမံကိန်းတွေ ထပ်ပြီးအကောင်အထည်ဖော်ဆောင်ရွက်ဖို့လည်း ရှိပါတယ်။ တိုးတက်ပြောင်းလဲလာတဲ့ နည်းပညာဆိုင်ရာ လိုအပ်ချက်တွေနဲ့ ကိုက်ညီပြီး အရည်အသွေးကောင်းတဲ့ ဓာတ်အားထုတ်လုပ်ရေး စီမံကိန်းတွေကို ဆောင်ရွက်နေတာလည်းရှိပါတယ်။ ဆိုလာစနစ်ဆိုတာ ကမ္ဘာမြေကြီးက လူသားတွေအားလုံးကို အညီအမျှပေးထားတဲ့ အမြဲတမ်း မကုန်ခန်းနိုင်တဲ့စွမ်းအင်တစ်ခုပဲဖြစ်ပါတယ်။ ဒီစွမ်းအင်ကို ကျွန်တော်တို့က အကျိုးရှိရှိအသုံးချနိုင်ရင် တစ်နိုင်ငံလုံးလိုအပ်နေတဲ့ လျှပ်စစ်စွမ်းအားကို အချိန်တိုအတွင်းမှာ အမြန်ဆုံးရရှိနိုင်မှာ ဖြစ်ပါတယ်။

**ဦးထောင်းဇိုခိုင်**

**ဒုတိယညွှန်ကြားရေးမှူးချုပ်၊ လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့်ကွပ်ကဲရေးဦးစီးဌာန**

ဒီနေ့ဆွေးနွေးပွဲမှာ ဆိုလာစွမ်းအင် ဖွံ့ဖြိုးတိုးတက်ဖို့နဲ့ ဆိုလာစွမ်းအင်ကို စနစ်တကျနဲ့ တစ်ပိုင်တစ်နိုင် ဘယ်လိုအသုံးချမလဲ၊ တစ်ဦးတစ်ယောက်ချင်းစီဖြစ်စေ၊ အဖွဲ့အစည်းအလိုက်ဖြစ်စေ ထုတ်လုပ်နိုင်မှုတွေနဲ့ ဓာတ်အားစနစ်မရောက်သေးတဲ့ နေရာတွေမှာလည်း ဘယ်လိုအသုံးချနိုင်မလဲဆိုတဲ့ အဖြေတွေရရှိဖို့ ရည်ရွယ်ဆောင်ရွက်တာ ဖြစ်ပါတယ်။ ပြီးတော့ ဆွေးနွေးပွဲမှာ ဓာတ်အားထုတ်လုပ်တဲ့ အခြေအနေတွေမှာ ကြုံတွေ့ရတဲ့အတွေ့အကြုံတွေ၊ အခက်အခဲတွေကို ကျော်ဖြတ်ပြီး ဆိုလာဓာတ်အားပေးစက်ရုံတွေ ဘယ်လိုတည်ဆောက်ခဲ့တယ်ဆိုတဲ့ အချက်တွေ၊ နောက်ပြီး ဓာတ်အားစနစ်အတွင်းမှာ ဆိုလာပါဝင်မှု ရာခိုင်နှုန်းက သင့်တင့်မျှတတဲ့ အနေအထားဖြစ်ဖို့၊ အိမ်သုံးဆိုလာစနစ်တွေကို စနစ်တကျနဲ့ တစ်ပိုင်တစ်နိုင်လုပ်ငန်းတွေမှာ ဆောင်ရွက်သွားနိုင်မယ့် အခြေအနေတွေကို ဆွေးနွေးသွားမှာဖြစ်ပါတယ်။

ဒီနေ့ဆွေးနွေးပွဲမှာ အသိပညာရှင်၊ အတတ်ပညာရှင်တွေအနေနဲ့ မြန်မာနိုင်ငံမှာ နေရောင်ခြည်စွမ်းအင်ဖွံ့ဖြိုးတိုးတက်မှု အရှိန်အဟုန်မြှင့်တင်ရေးနဲ့ လျှပ်စစ်ဓာတ်အားစနစ်ရဲ့ တည်ငြိမ်စိတ်ချရမှုကို ထိန်းသိမ်းခြင်းဆိုတဲ့ခေါင်းစဉ်နဲ့ ဆွေးနွေးသွားကြမှာဖြစ်ပါတယ်။ ဒီအလုပ်ရုံဆွေးနွေးပွဲမှာထွက်ပေါ်လာတဲ့ မူဝါဒ၊ လမ်းညွှန်ချက်တွေအပေါ် ကျွန်တော်တို့အနေနဲ့ ဆက်လက်ဆွေးနွေးဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

**ဦးကောင်းဆက်သူ**

**Huawei Top Partner, SEC Solar**

ကျွန်တော်တို့အနေနဲ့ လူနေအိမ်တွေ၊ ဌာနဆိုင်ရာတွေ၊ စက်မှုလုပ်ငန်းတွေအတွက် ဆိုလာစနစ်တွေ ဆောင်ရွက်ပေးနေပါတယ်။ ပြီးတော့ ပြည်သူတစ်ဦးချင်းစီသုံးနိုင်တဲ့ အိမ်သုံးဆိုလာ product တွေကိုလည်း ရောင်းချပေးနေပါတယ်။ ကျွန်တော်တို့ကို ဆက်သွယ်လာပြီဆိုရင် တစ်အိမ်ချင်းစီမှာလိုအပ်တဲ့ စွမ်းအင်ပမာဏအပေါ်မူတည်ပြီး ပစ္စည်းတွေ အကုန်မှာယူလို့ရပါတယ်။ ဆိုလာကတော့ သန့်စင်တဲ့ green energy ဖြစ်ပါတယ်။ ပြီးရင် ဆိုလာဘက်ထရီသက်တမ်းတွေက အခုဆိုရင် နှစ် ၂၀ ကနေ ၂၅ နှစ်အထိ အသုံးခံနေကြပြီဖြစ်ပါတယ်။ ဒါကြောင့် အခုအချိန်မှာ ဆိုလာစွမ်းအင်ကို ရွေးချယ်မယ်ဆိုရင် မြန်မာနိုင်ငံနဲ့ အသင့်တော်ဆုံးဖြစ်တယ်ဆိုတာ အကြံပြုချင်ပါတယ်။

**ဦးဇေယျာဝင်း**

**Head of Department၊ Myanmar Padauk Power Co.,Ltd.**

လက်ရှိဆိုလာစနစ် ဆောင်ရွက်လာတဲ့အခါမှာ လျှပ်စစ်မီးတွေ ပိုမိုရရှိလာပြီး နိုင်ငံတော်အတွက် အထောက်အကူလည်း ဖြစ်စေပါတယ်။ အခုဆိုရင် အိမ်တွေ၊ စက်ရုံတွေမှာ တစ်နိုင်တစ်ပိုင်ဆိုလာလေးတွေကို တပ်ဆင်ပြီးတော့ အသုံးပြုလာကြပါပြီ။ ကျွန်တော်တို့အနေနဲ့ မဟာဓာတ်အားလိုင်းမရတဲ့နေရာတွေမှာ ဆိုလာစနစ်တွေ တပ်ဆင်ဆောင်ရွက်သွားဖို့ စီစဉ်ဆောင်ရွက်နေပါတယ်။ ဆိုလာစနစ်ကို အသုံးပြုမယ့်သူတွေအတွက် စဦးတပ်ဆင်ကုန်ကျစရိတ်ရှိပေမယ့် zero carbon ဖြစ်ပါတယ်။ ရေရှည်အတွက် အကျိုးရှိတဲ့အတွက် သန့်စင်တဲ့စွမ်းအင်ဖြစ်တာမို့ အသုံးပြုသင့်ပါတယ်။

**ဦးဟန်ဇော်**

**အထွေထွေမန်နေဂျာ၊ ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း**

ဒီနေ့ကျင်းပတဲ့ အလုပ်ရုံဆွေးနွေးပွဲကတော့ ကျွန်တော်တို့အတွက် အများကြီးအကျိုးရှိတဲ့ အလုပ်ရုံဆွေးနွေးပွဲတစ်ခုပဲဖြစ်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ လက်ရှိအခြေအနေအရ green energy ကနေ ဓာတ်အားကွန်ရက်ကို အထောက်အကူပြုနိုင်မယ့်နည်းလမ်းတွေ အသုံးပြုပြီး ကိုယ်ပိုင်လည်းထုတ်လို့ရမယ်၊ နောက်ပြီး နိုင်ငံတော်ရဲ့ grid နဲ့လည်း ချိတ်ဆက်ပြီးတော့ သုံးစွဲလို့ရမယ့် ဆိုလာစနစ်ကို အဓိက ဦးစားပေးဖော်ဆောင်တဲ့ အလုပ်ရုံဆွေးနွေးပွဲဖြစ်ပါတယ်။

ဆိုလာရဲ့ သဘာဝကိုက တစ်နိုင်တစ်ပိုင်လုပ်လို့ရတယ်။ အိမ်ထောင်စု တစ်ခုချင်းစီကနေ နိုင်ငံတော်အဆင့်အထိ သန့်စင်တဲ့စွမ်းအင်အဖြစ် အသုံးပြုဆောင်ရွက်နိုင်တယ်ဆိုတာကို အသိပညာပေးမျှဝေတဲ့သဘောလည်း ပါပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ လက်ရှိဌာနမှာသုံးနေတဲ့ စည်းမျဉ်းစည်းကမ်းတွေနဲ့ ဘယ်လိုချိတ်ဆက်ပြီး လုပ်ရမယ်၊ နည်းပညာပိုင်းအရ ဘာတွေလိုအပ်တယ်ဆိုတာတွေကိုလည်း ဆွေးနွေးကြတာဖြစ်ပါတယ်။

**ဒေါ်မြမြအေး**

**မန်နေဂျင်းဒါရိုက်တာ၊ ကောင်းကျော်စေ အင်ဂျင်နီယာလုပ်ငန်း ကုမ္ပဏီလီမိတက်**

ဆိုလာစွမ်းအင်က နေရောင်ခြည်က ရတာဖြစ်တဲ့အတွက် သန့်ရှင်းတဲ့စွမ်းအင်ဖြစ်တယ်။ တွင်းထွက်ရေနံက အကန့်အသတ်စွမ်းအင်ဖြစ်ပြီးတော့ ရှားပါးလာတဲ့အနေအထား ဖြစ်ပါတယ်။ ဆိုလာက တစ်အိမ်ချင်း လွယ်လွယ်ကူကူ တပ်ဆင်အသုံးပြုလို့ရတယ်။ အိမ်တစ်အိမ်မှာ သုံးကီလိုဝပ် သုံးမယ်ဆိုရင် ငါးကီလိုဝပ် ဆိုလာစနစ်တပ်ဆင်ထားလိုက်တာနဲ့ လွယ်လွယ်ကူကူအသုံးပြုလို့ရတယ်။ ပြည့်ဖြိုးမြဲစွမ်းအင်တိုင်းမှာ အားသာချက်၊ အားနည်းချက်ရှိတယ်။ ကျွန်မတို့ဆိုလာစနစ်စလုပ်တဲ့ ၂၀၀၆ ခုနှစ်ဝန်းကျင်က ဆိုလာဆိုတာ ပြည်သူတွေကြားမှာ ရင်းနှီးမှုမရှိသေးသလို စီးပွားရေးအရလည်း တွက်ခြေမကိုက်သေးပါဘူး။ ဆိုလာပြားတွေ၊ အင်ဗာတာတွေကလည်း ဈေးကြီးပါသေးတယ်။ အဲဒီအချိန်အခါက ကျွန်မတို့အနေနဲ့ သန့်ရှင်းတဲ့စွမ်းအင်တစ်ခုအဖြစ် နည်းပညာမျှဝေမှုတွေကိုပါ လုပ်ဆောင်ခဲ့ပါတယ်။ အခုကတော့ ဆိုလာပြားတွေ၊ အင်ဗာတာတွေက ဈေးနှုန်းသက်သာလာတယ်။ မဟာဓာတ်အားလိုင်း မရောက်သေးတဲ့နေရာတွေအတွက် အကောင်းဆုံးရွေးချယ်စရာဖြစ်လာတယ်။ ကျွန်မတို့နိုင်ငံရဲ့ စွမ်းအင်ကဏ္ဍ တိုးတက်ဖို့အတွက် ပညာရှင်တွေ၊ စီးပွားရေးလုပ်ငန်းရှင်တွေ အားလုံးက အစိုးရနဲ့အတူ ပူးပေါင်းဆောင်ရွက်ဖို့လိုအပ်သလို နောင်မျိုးဆက်သစ် လူငယ်တွေကိုလည်း ပြည့်ဖြိုးမြဲစွမ်းအင်ကဏ္ဍနဲ့ပတ်သက်ပြီး မြှင့်တင်ကြိုးစားပေးကြဖို့ တိုက်တွန်းပြောကြားလိုပါတယ်။

**သတင်းစဉ်**



## ပုသိမ်မြို့၌ အခွန်ဆိုင်ရာအသိပညာပေးဟောပြော

ပုသိမ် ဇူလိုင် ၁၅

ဧရာဝတီတိုင်းဒေသကြီး အခွန်ဦးစီးဌာနမှူးရုံးက ကြီးမှူးကျင်းပသော အခွန်ဆိုင်ရာအသိပညာ တိုးတက်ရေးနှင့် အခွန်တာဝန်လေးစားလိုက်နာမှု တိုးတက်ရေး လူထုလှုပ်ရှားမှု အစီအစဉ်အရ အခွန်ဆိုင်ရာ အသိပညာပေး ဟောပြောပွဲကို ယနေ့နံနက်ပိုင်းက ပုသိမ်တက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည်။

ဦးစွာ ပုသိမ်တက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာ သွယ်လင်းကိုက အမှာစကား ပြောကြားပြီး ပုသိမ်မြို့နယ် ပြည်တွင်းအခွန်များဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်ကိုဦးက အခွန်ဆိုင်ရာအသိပညာ တိုးတက်ရေးနှင့် အခွန်တာဝန်လေးစားလိုက်နာမှု တိုးတက်ရေးအတွက် လူထုလှုပ်ရှားမှုအစီအစဉ် လုပ်ငန်းစီမံချက်၏ ရည်ရွယ်ချက်များ၊ ပြည်တွင်းအခွန်များဦးစီးဌာနက ကောက်ခံလျက်ရှိသည့် အခွန်အမျိုးအစားများနှင့် အခွန်အကြောင်း သိကောင်းစရာများကို ရှင်းလင်းဆွေးနွေးရာ တက်ရောက်လာကြသော ဆရာ ဆရာမများ၊ ကျောင်းသားကျောင်းသူများက သိရှိလိုသည်များကိုမေးမြန်းရာ တာဝန်ရှိသူများက ပြန်လည် ဖြေကြားခဲ့ကြကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# မြန်မာ့အလုပ်သမားထု သတိပြုဆင်ခြင်နိုင်ကြစေဖို့ ...

လုပ်သားမောင်

**မြန်မာနိုင်ငံသည် ကုလသမဂ္ဂ၏ လက်အောက်ခံအဖွဲ့အစည်းတစ်ခုဖြစ်သော အပြည်ပြည်ဆိုင်ရာအလုပ်သမားရေးရာအဖွဲ့ (ILO) သို့ လွတ်လပ်ရေးရရှိသည့် ၁၉၄၈ ခုနှစ်ကတည်းက အဖွဲ့ဝင်အဖြစ် ဝင်ရောက်ခဲ့သည်။ ထိုအချိန်မှစ၍ လွတ်လပ်စွာအသင်းအပင်း ဖွဲ့စည်းခွင့် (ကွန်ဗင်းရှင်း ၈၇)၊ အဓမ္မခိုင်းစေမှုပပျောက်ရေး (ကွန်ဗင်းရှင်း ၂၉)၊ အလုပ်လုပ်ကိုင်နိုင်သည့် အငယ်ဆုံးအသက် သတ်မှတ်ခြင်းဆိုင်ရာ ကွန်ဗင်းရှင်း အမှတ် (၁၃၈)နှင့် ကလေးသူငယ်များအား အဆိုးရွားဆုံးပုံစံဖြင့် ခိုင်းစေခြင်းဆိုင်ရာ (ကွန်ဗင်းရှင်း ၁၈၂)အပါအဝင် အခြေခံကျသည့် နိုင်ငံတကာအလုပ်သမားရေးရာ ကွန်ဗင်းရှင်းပေါင်း ၁၉ ခုကို အတည်ပြုလက်ခံကာ လိုက်နာကျင့်သုံးလျက်ရှိသည်။**

သို့သော်လည်း ယနေ့အချိန်တွင်မူ ILO ၏ ရပ်တည်ချက်နှင့် လုပ်ဆောင်ချက်များသည် အခြေခံအလုပ်သမားထု၏ ရပိုင်ခွင့်များထက် နိုင်ငံရေးအရ ဖိအားပေးလိုသည့် ရည်ရွယ်ချက်များဆီသို့ ဦးတည်နေသည်ကို စိတ်မကောင်းဖွယ်ရာ တွေ့မြင်လာရသည်။

**သုံးပွင့်ဆိုင်ကိုယ်စားပြုမှု ပျက်ပြားခြင်းနှင့် ခြောက်နှစ်တာ လစ်ဟာမှု**

ILO ၏ အဓိက ထူးခြားချက်မှာ **အစိုးရ၊ အလုပ်ရှင်၊ အလုပ်သမား**ဟူသော "သုံးပွင့်ဆိုင် (Tripartite)" စနစ်ဖြင့် ဖွဲ့စည်းထားခြင်းဖြစ်သည်။ မြန်မာနိုင်ငံသည် နှစ်စဉ် ဇွန်လတွင် ကျင်းပမြဲဖြစ်သည့် အပြည်ပြည်ဆိုင်ရာအလုပ်သမားရေးရာ ညီလာခံ (International Labour Conference – ILC) သို့ ILO ၏ သတ်မှတ် ချက်များနှင့်အညီ သုံးပွင့်ဆိုင်ကိုယ်စားလှယ်အဖွဲ့များဖြင့် အစဉ်တစိုက် တက်ရောက်ခဲ့သည်။

သို့သော် ၂၀၂၁ ခုနှစ် နောက်ပိုင်း နိုင်ငံရေး အပြောင်းအလဲများတွင် အဖွဲ့ဝင်နိုင်ငံဖြစ်သည့် မြန်မာနိုင်ငံအစိုးရနှင့် ပြည်ပရောက်(နိုင်ငံတော်မှ အကြမ်းဖက်အဖွဲ့အစည်း ကြေညာထားသည့်) NUG အဖွဲ့တို့မှ သုံးပွင့်ဆိုင်ကိုယ်စားလှယ်အမည်စာရင်းများ အပြိုင်တင်သွင်းလာခြင်းကြောင့်ဟု အကြောင်းပြကာ အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာ ညီလာခံခန့်အပ်လွှာစိစစ်ရေး ကော်မတီက ညီလာခံတက်ရောက်ခွင့်ကို ခွင့်မပြုခဲ့ပေ။ ရလဒ်အနေဖြင့် မြန်မာနိုင်ငံသည် မိမိတို့အလုပ်သမားရေးရာ အခွင့်အရေးနှင့် တင်ပြချက်များကို ဆွေးနွေးခွင့်မရဘဲ ညီလာခံသို့ တက်ရောက်ခွင့် ဆုံးရှုံးခဲ့ရသည်မှာ ယခု ၂၀၂၆ ခုနှစ်အထိ ခြောက်နှစ်တိုင်တိုင် ရှိခဲ့ပြီဖြစ်သည်။

**မြေပြင်အခြေအနေနှင့် ဖီလာဆန့်ကျင်နေသော စွပ်စွဲချက်များ**

ILO နှင့် ပြည်ပရောက်လူတစ်စုက မြန်မာနိုင်ငံတွင် အလုပ်သမားသမဂ္ဂများကို ဖြိုခွင်းနေကြောင်းနှင့် လွတ်လပ်စွာဖွဲ့စည်းခွင့်မရှိကြောင်း စွပ်စွဲကြသည်။ သို့သော် မြေပြင်ကိန်းဂဏန်းများက ထိုစွပ်စွဲချက်များကို အခိုင်အမာ ငြင်းဆိုနေသည်။

**အလုပ်သမား အဖွဲ့အစည်းဥပဒေ (၂၀၁၁) နှင့် အလုပ်သမားရေးရာ အငြင်းပွားမှုဥပဒေ(၂၀၁၂)၊** မြန်မာနိုင်ငံသည် ကွန်ဗင်းရှင်းအမှတ် (၈၇) နှင့်အညီ အလုပ်သမားအဖွဲ့အစည်း ဥပဒေ(၂၀၁၁) ကို ပြဋ္ဌာန်းပေးခဲ့ပြီး လွတ်လပ်စွာ ဖွဲ့စည်းခွင့်ပြုထားသည်။ အလုပ်သမားရေးရာ အငြင်းပွားမှုဥပဒေ(၂၀၁၂)အရလည်း အလုပ်သမားအနေဖြင့် စုပေါင်းတောင်းဆိုခွင့်ရှိပြီးဖြစ်ပါသည်။

**မှတ်ပုံတင်ထားမှုအခြေအနေ၊** ၁၂-၆-၂၀၂၆ ရက်အထိ ပြည်တွင်း၌ အသိအမှတ်ပြုလက်မှတ် ထုတ်ပေးပြီးသည့် အလုပ်သမား / အလုပ်ရှင် အဖွဲ့အစည်း စုစုပေါင်း **၃၁၃၆ ဖွဲ့**ထိ ရှိနေပြီဖြစ်သည်။

**လွတ်လပ်ခွင့်၊** အလုပ်သမားအဖွဲ့အစည်းများအား ရန်ပုံငွေထားရှိခွင့်၊ စည်းမျဉ်းရေးဆွဲခွင့်နှင့် အလုပ်အမှုဆောင်များကို လွတ်လပ်စွာရွေးချယ်ခွင့်ပေးထားပြီး အစိုးရအနေဖြင့် ဝင်ရောက်စွက်ဖက်ခြင်း မရှိပေ။

ထို့ကြောင့် ၎င်းတို့ စွပ်စွဲနေသည့် အစိုးရထောက်ပံ့ပေးထားသော (Yellow Union) ဖွဲ့စည်းခြင်း သို့မဟုတ် အလုပ်သမားအရေး ဆောင်ရွက်သူများကို အကြောင်းမဲ့ဖမ်းဆီး အကြမ်းဖက်နေသည်ဆိုခြင်းမှာ အခြေအမြစ်မရှိသည့် တစ်ဖက်သတ်စွပ်စွဲချက်များသာ ဖြစ်သည်။

**CTUM ၏ အပြောင်းအလဲနှင့် အစစ်အမှန်ကိုယ်စားပြုမှု ပြဿနာ**

မြန်မာနိုင်ငံလုံးဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့ (CTUM) ကို ၂၀၁၅ ခုနှစ်တွင် တရားဝင် မှတ်ပုံတင်ခဲ့ပြီး ပြည်သစ်ညွှန့်ဝေ (ခ) မောင်မောင်အပါအဝင် အမှုဆောင် ၂၉ ဦးဖြင့် ဖွဲ့စည်းခဲ့သည်။ သို့သော် ၂၀၂၁ ခုနှစ်နောက်ပိုင်းတွင် ၎င်းခေါင်းဆောင်အချို့သည် နိုင်ငံတကာ အထည်ချုပ်လုပ်ငန်းများ မြန်မာနိုင်ငံမှ ပြန်လည်ထွက်ခွာသွားရန် တောင်းဆိုမှုများပြုလုပ်ခြင်း၊ နိုင်ငံတော်မတည်မငြိမ်ဖြစ်စေရန်နှင့် CDM/DCS ကဲ့သို့သော လှုပ်ရှားမှုများတွင် စက်ရုံအလုပ်သမားများ ပါဝင်လာစေရန် လှုံ့ဆော်ခြင်းတို့ကြောင့် တည်ဆဲဥပဒေနှင့်အညီ အရေးယူသည့်အချိန်တွင် အလုပ်သမားအရေးကို စွန့်လွှတ်ကာ ပြည်ပသို့ တရားမဝင်ထွက်ပြေးတိမ်းရှောင်သွားခဲ့ကြသည်။

၎င်းတို့ ပြည်ပသို့ ရောက်ရှိသွားချိန်တွင် ပြည်တွင်း၌ ကျန်ရှိနေသည့်အလုပ်သမားထုမှာ ဦးဆောင်မည့် အမှုဆောင်အဖွဲ့မရှိတော့ဘဲ အမှုဆောင်အဖွဲ့သက်တမ်းကုန်ဆုံးသွားခဲ့သည်။ ထို့အတွက်ကြောင့် ပြည်တွင်းရှိ အစစ်အမှန် အလုပ်သမားများ၏ အကျိုးစီးပွားကို ကာကွယ်ရန်အတွက် လက်ရှိလုပ်ကိုင်နေသော အဖွဲ့ဝင်အလုပ်သမားများက **၂၀၂၅ ခုနှစ် ဖေဖော်ဝါရီလ**တွင် အလုပ်သမားအများဆန္ဒအရ ညီလာခံခေါ်ယူကာ ဥပဒေနှင့်အညီ CTUM အလုပ်အမှုဆောင်အဖွဲ့သစ်ကို ပြန်လည်ရွေးချယ်တင်မြှောက်ခဲ့ကြသည်။ အလုပ်သမားများ အကျိုးစီးပွားအတွက် အင်တိုက်အားတိုက် ဆောင်ရွက်လျက်ရှိကြသည်ကို မှတ်တမ်းဓာတ်ပုံများက ပြဆိုနေပေသည်။




အဆိုပါ ပြည်ပရောက်လူတစ်စုက ထိုသို့ ပြန်လည်ဖွဲ့စည်းခဲ့ရသည့် CTUM ကိုလည်း အတုအယောင် အဖွဲ့အစည်းကို ဖန်တီးသည်ဟု စွပ်စွဲပြောဆိုနေပြန်ပါသည်။ ထို့အပြင် အလုပ်အမှုဆောင်သက်တမ်း ကုန်ဆုံးသွားသောကြောင့် အဖွဲ့အစည်းစည်းမျဉ်းနှင့်အညီ ပြန်လည်ဖွဲ့စည်းထားသည့် CTUM ကို ILO ပြည်ပရောက်လူတစ်စု၏စကားကို နားယောင်ကာ အသိအမှတ်မပြုခြင်းသည်လည်း ILO ကဲ့သို့သော အစဉ်အလာကြီးမားသည့် သုံးပွင့်ဆိုင် အဖွဲ့အစည်းကြီး၏ လွတ်လပ်စွာ သင်းပင်းဖွဲ့စည်းခွင့်နှင့် ပတ်သက်သည့်ရပ်တည်မှုအပေါ် စဉ်းစားစရာဖြစ်နေပါသည်။

ဝမ်းနည်းဖွယ်ကောင်းသည်မှာ ILO နှင့် နိုင်ငံတကာအလုပ်သမားသမဂ္ဂများအဖွဲ့ချုပ် (International Trade Unions Confederation–ITUC) တို့က ပြည်တွင်းရှိ ပကတိအလုပ်သမားထု၏ ကိုယ်စားလှယ်များကို မျက်ကွယ်ပြုပြီး နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ ထွက်ခွာစေရန်၊ နိုင်ငံကို အရေးယူမှုပြုရန် တစ်ချိန်လုံး အရေးဆိုနေသည့် အဆိုပါပြည်ပရောက် လူတစ်စုကိုသာ ITUC ၏ အလုပ်သမားကိုယ်စားလှယ်များအဖြစ် ယခု ၂၀၂၆ ခုနှစ် ဇွန်လတွင်ကျင်းပသည့် (၁၁၄) ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာ ညီလာခံတွင် တက်ရောက်ခွင့်ပြုခဲ့ခြင်းပင်ဖြစ်သည်။

ITUC အောက်မှ တက်ရောက်သည့် အလုပ်သမားကိုယ်စားလှယ်များသည် မြန်မာနိုင်ငံအတွင်းရှိ အလုပ်သမားစစ်စစ်များကို ကိုယ်စားပြုထားခြင်း မရှိသကဲ့သို့ မြန်မာနိုင်ငံအစိုးရကို ဆန့်ကျင်သူများလည်းဖြစ်ပါသည်။ လက်တွေ့တွင် အလုပ်သမားများ၏ အကျိုးစီးပွားများအတွက် ILO ကို နှစ်စဉ် ဆွစ်ဖရန့်ပေါင်းများစွာ ထည့်ဝင်ကြေးပေးသွင်းကာ ဆောင်ရွက်နေသည့် အစိုးရသုံးပွင့်ဆိုင်ကိုယ်စားလှယ်များကို ညီလာခံတက်ရောက်ခွင့်မပေးဘဲ ရန်သူ၏ ရန်သူသည် မိတ်ဆွေဖြစ်သည်ဆိုသည့်အတိုင်း မြန်မာနိုင်ငံအတွင်းရှိ အလုပ်သမားစစ်စစ်များကို ကိုယ်စားပြုထားခြင်း မရှိသကဲ့သို့ အစိုးရကိုဆန့်ကျင်နေသည့် လူတစ်စုကိုသာ အလုပ်သမားကိုယ်စားလှယ်အဖြစ် ညီလာခံတက်ရောက်ခွင့်ပြုသည်ကို ကြည့်ခြင်းဖြင့် ILO ကဲ့သို့သော သုံးပွင့်ဆိုင်အဖွဲ့အစည်းကြီးအပေါ် မည်မျှအထိ ယုံကြည်ရမည်နည်းဟူ၍ မေးခွန်းထုတ်ဖွယ်ဖြစ်နေပေသည်။

**အလုပ်သမားအရေးထက် နိုင်ငံရေးကို ရှေးရှုခြင်း၏ နောက်ဆက်တွဲ သားကောင်များ**

ITUC ကိုယ်စားလှယ်အဖြစ် တက်ရောက်ခွင့်ရခဲ့သည့် ပြည်ပရောက် မောင်မောင်၊ ဖြိုးစန္ဒာစိုး၊ ခိုင်ဇာအောင်နှင့် စိုးစန္ဒာကျော်တို့သည် ညီလာခံတွင် အလုပ်သမားများအတွက် တကယ့်လိုအပ်ချက်ဖြစ်သော **လုပ်ခလစာတိုးမြှင့်ရေး၊ လုပ်ငန်းခွင်ဘေးအန္တရာယ် ကင်းရှင်းရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများ ရရှိရေး** စသည့် အလုပ်သမားရေးရာများကို လုံးဝဆွေးနွေးခြင်းမရှိခဲ့ကြပေ။

ဆန့်ကျင်ဘက်အနေဖြင့် ၎င်းတို့သည် နိုင်ငံရေးအရ တိုက်ခိုက်မှုများကိုသာ ဖောင်းပေးပြောဆိုခဲ့ကြပြီး ILO က အရေးယူမည့်ပုဒ်မ (၃၃) ကို ကြိုဆိုကြောင်း၊ ပိုမိုထိရောက်စေရန် ILO ကို တောင်းဆိုကြောင်းဆိုသည့် အချက်များကိုသာ ပြောကြားခဲ့ကြသည်။ စဉ်းစားစရာအချက်မှာ ထိုသို့ အရေးယူပြီး နိုင်ငံတကာ အထည်ချုပ်လုပ်ငန်းများ ထွက်ခွာသွားပါက အမှန်တကယ်နစ်နာဆုံးရှုံးသွားမည့်သူမှာ အဆင့်မြင့်လူတန်းစားများ မဟုတ်ပေ။ မိသားစုကို လုပ်ကျွေးပြုစုနေရသည့် အမျိုးသမီးအများစုပါဝင်သော အခြေခံအထည်ချုပ်အလုပ်သမား ခြောက်သိန်းကျော်နှင့် ၎င်းတို့အပေါ် မှီခိုနေရသည့်မိသားစုဝင်များသာ ဖြစ်သည်။

ILO သည် ပြည်တွင်းရှိ အလုပ်သမားအစစ်အမှန်များကို လျစ်လျူရှုပြီး ပြည်ပရောက် လူတစ်စု၏ နိုင်ငံရေးတိုက်ခိုက်သည့်သတင်းစကားများကိုသာ အရေးတယူပြုလျက် တစ်ဖက်သတ်ဆုံးဖြတ်ချက်များချမှတ်နေခြင်းမှာ အလုပ်သမားအရေးအကြောင်းပြကာ အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံကို နိုင်ငံရေးအရ ဖိအားပေးရန် ရည်ရွယ်ချက်ရှိရှိ အသုံးချနေသည်မှာ ထင်ရှားလှသည်။ အပြန်အလှန်ပင် တစ်ဖက် အဖွဲ့အစည်းသည်လည်း ပြည်တွင်းရှိ အလုပ်သမားများ အကျိုးစီးပွားအတွက် လုပ်ဆောင်ခဲ့သည့်လုပ်ရပ် တစ်ခုတလေပင်မရှိ၊ အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာညီလာခံကြီးတွင်ပင် ပြည်တွင်းရှိအလုပ်သမားများ အကျိုးစီးပွားအတွက် တစ်ခွန်းတလေမျှပင် ပြောကြားခြင်းအလျှင်းမရှိဘဲ ဖိအားပေးရန်တောင်းဆိုနေခြင်းသည် ILO ကို နိုင်ငံရေးအရ အသုံးချနေခြင်းဟု ဆိုနိုင်ပေသည်။

၎င်းတို့၏ တောင်းဆိုချက်များ၊ ILO ၏ တစ်ဖက်သတ် ဆုံးဖြတ်ချက်များကြောင့် ဖြစ်ပေါ်လာမည့် နိုင်ငံတကာ ပိတ်ဆို့မှုများသည် နိုင်ငံရေးသမားများကို မထိခိုက်စေဘဲ အခြေခံလူတန်းစားပြည်သူများ၏ ပညာရေး၊ ကျန်းမာရေးနှင့် လူမှုစီးပွားဘဝကိုသာ တိုက်ရိုက်ရိုက်ခတ်ပျက်စီးစေမည် ဖြစ်သည်။

သို့ဖြစ်၍ မိဘပြည်သူများနှင့် အလုပ်သမားထုတစ်ရပ်လုံးအနေဖြင့် ပြည်ပရောက် ဆန့်ကျင်ဘက်အဖွဲ့အစည်းများနှင့်လူပုဂ္ဂိုလ်များ ဖြန့်ဝေနေသည့်သတင်းအမှားများကို သတိပြုဆင်ခြင်ကာ မြေပြင်အခြေအနေမှန်ကို မိမိတို့ကိုယ်တိုင် ဝေဖန်ပိုင်းခြားပြီး မိသားစုနှင့် မိမိတို့နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် လက်တွဲပူးပေါင်း ဆောင်ရွက်သွားကြရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။ ။

**❛ ITUC အောက်မှ တက်ရောက်သည့် အလုပ်သမားကိုယ်စားလှယ်များသည် မြန်မာနိုင်ငံအတွင်းရှိ အလုပ်သမားစစ်စစ်များကို ကိုယ်စားပြုထားခြင်းမရှိသကဲ့သို့ မြန်မာနိုင်ငံအစိုးရကို ဆန့်ကျင်သူများလည်းဖြစ်ပါသည်။ လက်တွေ့တွင် အလုပ်သမားများ၏ အကျိုးစီးပွားများအတွက် ILO ကို နှစ်စဉ် ဆွစ်ဖရန့်ပေါင်းများစွာ ထည့်ဝင်ကြေးပေးသွင်းကာ ဆောင်ရွက်နေသည့် အစိုးရသုံးပွင့်ဆိုင်ကိုယ်စားလှယ်များကို ညီလာခံတက်ရောက်ခွင့်မပေးဘဲ ရန်သူ၏ ရန်သူသည် မိတ်ဆွေဖြစ်သည်ဆိုသည့်အတိုင်း မြန်မာနိုင်ငံအတွင်းရှိ အလုပ်သမားစစ်စစ်များကို ကိုယ်စားပြုထားခြင်းမရှိသကဲ့သို့ အစိုးရကိုဆန့်ကျင်နေသည့် လူတစ်စုကိုသာ အလုပ်သမားကိုယ်စားလှယ်အဖြစ် ညီလာခံတက်ရောက်ခွင့်ပြုသည်ကို ကြည့်ခြင်းဖြင့် ILO ကဲ့သို့သော သုံးပွင့်ဆိုင်အဖွဲ့အစည်းကြီးအပေါ် မည်မျှအထိ ယုံကြည်ရမည်နည်းဟူ၍ မေးခွန်းထုတ်ဖွယ်ဖြစ် ❜**



## ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် မြန်မာနိုင်ငံဆိုင်ရာ ပါကစ္စတန်နိုင်ငံ သံအမတ်ကြီး H.E. Mr. Tariq Karim နှင့် အဖွဲ့အား လက်ခံတွေ့ဆုံ

ရန်ကုန် ဇူလိုင် ၁၅

ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးအောင်နိုင်သူနှင့် တိုင်းဒေသကြီးဝန်ကြီးများသည် မြန်မာနိုင်ငံဆိုင်ရာ ပါကစ္စတန်နိုင်ငံသံအမတ်ကြီး H.E. Mr. Tariq Karim နှင့် အဖွဲ့အား ယနေ့နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး သံတမန်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာနိုင်ငံနှင့် ပါကစ္စတန်နိုင်ငံတို့အကြား ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုများ၊ ချစ်ကြည်ရင်းနှီးမှုနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

ဖွဲ့ထက်ကို(ပြန်/ဆက်)

## လမ်းမတော်မြို့နယ်၌ အခွန်ဆိုင်ရာဟောပြောပွဲ ကျင်းပ



ရန်ကုန် ဇူလိုင် ၁၅

ရန်ကုန် တိုင်းဒေသကြီး ပြည်တွင်းအခွန်များ ဦးစီးဌာနက အခွန်ဆိုင်ရာ အသိပညာ တိုးတက်ရေးနှင့် အခွန်တာဝန် လေးစားလိုက်နာမှု တိုးတက်ရေး လူထုလှုပ်ရှားမှု အစီအစဉ်အရ အခွန်ဆိုင်ရာ ဟောပြောပွဲကို ယနေ့မွန်းလွဲပိုင်းက လမ်းမတော်မြို့နယ် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များ အသင်းချုပ် (UMFCCI) မင်္ဂလာခန်းမ၌ ကျင်းပသည်။

ဦးစွာ ရန်ကုန်တိုင်းဒေသကြီး စီမံကိန်း၊ စီးပွားရေးနှင့် ဘဏ္ဍာရေးဝန်ကြီး ဒေါက်တာမေသန်းနွယ်က အမှာစကားပြောကြားပြီး ပြည်တွင်းအခွန်များဦးစီးဌာန အခွန်ဆိုင်ရာဝန်ဆောင်မှုဌာနခွဲ ညွှန်ကြားရေးမှူး ဦးခိုင်လျှံကျင့်ထန်က အခွန်ဆိုင်ရာ အသိပညာတိုးတက်ရေးနှင့် အခွန်တာဝန် လေးစားလိုက်နာမှု တိုးတက်ရေးအတွက် လူထုလှုပ်ရှားမှုအစီအစဉ် လုပ်ငန်းစီမံချက်၏ ရည်ရွယ်ချက်များ၊ ပြည်တွင်းအခွန်များဦးစီးဌာနက ကောက်ခံလျက်ရှိသည့် အခွန်အမျိုးအစားများနှင့် အခွန်အကြောင်း သိကောင်းစရာများကို ရှင်းလင်းဟောပြောခဲ့ကြောင်း သိရသည်။

ကျော်ဆန်းမြင့်(ပြန်/ဆက်)

## ပန်းတောင်းမြို့နယ်၌ စားအုန်းဆီများ စနစ်တကျခွဲဝေရောင်းချမှု ရှိ/မရှိ စစ်ဆေး

ပန်းတောင်း ဇူလိုင် ၁၅

ပဲခူးတိုင်းဒေသကြီး ပန်းတောင်းမြို့နယ်၌ ယမန်နေ့နံနက်ပိုင်းက စားအုန်းဆီ လက်လီအရောင်းဆိုင်များသို့ စားအုန်းဆီများ သတ်မှတ်ရည်ညွှန်းဈေးနှုန်းဖြင့် စနစ်တကျ ခွဲဝေရောင်းချမှု ရှိ/မရှိ တာဝန်ရှိသူများက ကြည့်ရှုစစ်ဆေးသည်။



**စစ်ဆေး**

ခရိုင်အဆင့်ကြီးကြပ်မှုကော်မတီ အဖွဲ့ဝင်များနှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ ပူးပေါင်းအဖွဲ့က စားအုန်းဆီ လက်လီရောင်းချသည့် ကုန်စုံဆိုင်များ၌ စားအုန်းဆီများအား စာအုပ်များဖြင့် စနစ်တကျ မှတ်တမ်းတင်ရောင်းချခြင်း ရှိ/မရှိ၊ သတ်မှတ်ထားရှိသည့် ရည်ညွှန်းဈေးနှုန်းများအတိုင်း ရောင်းချခြင်း ရှိ/မရှိ၊ ရရှိသည့် ခွဲတမ်းများအတိုင်း ပြည်သူများထံ စနစ်တကျခွဲဝေရောင်းချပေးခြင်း ရှိ/မရှိ တို့ကို စစ်ဆေးသည်။

စားအုန်းဆီ ရောင်းချရာတွင် ညွှန်ကြားချက်များ အတိုင်း လိုက်နာဆောင်ရွက်ခြင်း မရှိပါက တည်ဆဲဥပဒေများ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည် ဖြစ်ကြောင်း သိရသည်။

လပြည့်လင်း(ပြန်/ဆက်)

## စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် မျိုးစေ့များပေးအပ်ပွဲနှင့် ကွင်းသရုပ်ပြသပွဲ တက်ရောက်

မုံရွာ ဇူလိုင် ၁၅

အိန္ဒိယသမ္မတနိုင်ငံ၏ အထောက်အပံ့ဖြင့် Quick Impact Project (QIP) အစီအစဉ်အရ အရည်အသွေးနှင့် အထွက်နှုန်းကောင်းမွန်သည့် ဝါနှင့် မတ်ပဲမျိုးစေ့များကို တောင်သူများသို့ ပေးအပ်ခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးကိုလေး၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ တိုင်းဒေသကြီး/ ခရိုင်/ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ မုံရွာမြို့နယ်အတွင်းရှိ ကျေးရွာ ၁၁ ရွာမှ ဒေသခံတောင်သူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကား ပြောကြားပြီး မုံရွာမြို့နယ်အတွင်းရှိ ကျေးရွာ ၁၁ ရွာမှ ဒေသခံတောင်သူ ၁၀၀ အတွက် ဝါမျိုးစေ့၊ မတ်ပဲမျိုးစေ့နှင့် သွင်းအားစုများကို ပေးအပ်ကြကာ ဒေသခံတောင်သူများက တောင်သူ ဦးအေးကျော်၏ ကွင်းအမှတ်- ၆၆၅ စိုက်ကေ လေးကေအတွင်း မိုးနှောင်းချည်မျှင်ရှည်ဝါ စနစ်တကျစိုက်ပျိုးခြင်း ကွင်းသရုပ်ပြသမှုကို အတူတကွကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)



## သထုံမြို့၌ လူငယ်ရေးရာအသိပညာပေး ဟောပြော

သထုံ ဇူလိုင် ၁၅

မွန်ပြည်နယ် သထုံမြို့နယ်တွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာ ဦးစီးဌာနတို့ ပူးပေါင်း၍ လူငယ်ရေးရာအသိပညာပေး ဟောပြောပွဲကို ဇူလိုင် ၁၄ ရက်က လိပ်အင်းရပ်ကွက် အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း နဝဒေးခန်းမ၌ ကျင်းပသည်။



ဟောပြောပွဲတွင် အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်းမှ အထက်တန်းပြဆရာ ဦးပြည့်ဖြိုးက အမှာစကားပြောကြားပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန လက်ထောက် ညွှန်ကြားရေးမှူး ဒေါ်လှလှဌေးက ဟောပြောပွဲကျင်းပရသည့် ရည်ရွယ်ချက်နှင့် ကျောင်းသား ကျောင်းသူ လူငယ်များ ဗလငါးတန် ဖွံ့ဖြိုးအောင် စာပေများဖတ်ရှုကြရေး၊ အွန်လိုင်းများပေါ်မှ သတင်းအတု/ သတင်းအမှားများ ဂရုပြုနိုင်ရေးစသည့် လူငယ်များ ဘက်စုံဖွံ့ဖြိုးရေးဆိုင်ရာများကို ဆွေးနွေးဟောပြောခဲ့သည်။

ခရိုင်(ပြန်/ဆက်)

## အင်းစိန်မြို့နယ်၌ အခြေခံပညာကျောင်းပေါင်းစုံ U-14 ဘောလုံးပြိုင်ပွဲ ကျင်းပ

ရန်ကုန် ဇူလိုင် ၁၅

အင်းစိန်မြို့နယ်၌ မြို့နယ်အဆင့် ၂၀၂၆-၂၀၂၇ ပညာသင်နှစ် အခြေခံပညာကျောင်းပေါင်းစုံ U-14 ဘောလုံးပြိုင်ပွဲဖွင့်ပွဲကို ဇူလိုင် ၁၃ ရက်တွင် အောင်ဆန်း အထက(၃) ဘောလုံးအားကစားကွင်း၌ ကျင်းပသည်။



ဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးမျိုးမြင့်က အမှာစကားပြောကြားသည်။ ထို့နောက် မြို့နယ်ပညာရေးမှူး ဒေါ်ယဉ်ယဉ်လှိုင်က ပြိုင်ပွဲ စည်းကမ်းချက်များကို ရှင်းလင်းပြောကြားသည်။

အဆိုပါ ဘောလုံးပြိုင်ပွဲကို ဇူလိုင် ၁၃ ရက်မှ ၂၀ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

မြင့်ဦး



## အလုံမြို့နယ်၌ အခွန်ဆိုင်ရာအသိပညာတိုးတက်ရေးဟောပြောပွဲ ကျင်းပ

အလုံ ဇူလိုင် ၁၅

ရန်ကုန်တိုင်းဒေသကြီး အလုံမြို့နယ် အခွန်ဆိုင်ရာအသိပညာ တိုးတက်ရေးနှင့် အခွန်တာဝန်လေးစားလိုက်နာမှုတိုးတက်ရေး လူထုလှုပ်ရှားမှုဟောပြောပွဲကို ယမန်နေ့က အမှတ်(၇)အခြေခံပညာအထက်တန်းကျောင်း သဇင်ခန်းမ၌ ကျင်းပသည်။

အဆိုပါဟောပြောပွဲတွင် ပြည်တွင်းအခွန်များဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးအေးမင်းသိန်းက ပြည်တွင်းအခွန်များဦးစီးဌာန၏ ကောက်ခံလျက်ရှိသော အခွန်အမျိုးအစားများကို ရှင်းလင်းဟောပြောသည်။ အဆိုပါဟောပွဲသို့ ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

ကိုထွဋ်

# လူငယ်ရေးရာအသိပညာပေးဟောပြောပွဲ ကျင်းပ



**နေပြည်တော် ဇူလိုင် ၁၅**

မြန်မာနိုင်ငံ လူငယ်ရေးရာ ဗဟိုကော်မတီနှင့် နေပြည်တော်ကောင်စီ လူငယ်ရေးရာကော်မတီတို့ ပူးပေါင်းဆောင်ရွက် ကျင်းပသည့် လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲ ကို ယနေ့ မွန်းလွဲပိုင်းတွင် "လူငယ်နှင့်အသိပညာ" ခေါင်းစဉ်ဖြင့် နေပြည်တော် ဇမ္ဗူသီရိမြို့နယ် အမှတ်(၁၄) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။

ဦးစွာ လူငယ်ရေးရာဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌ (၁) လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမောင်သင်းက အမှာစကား ပြောကြားပြီး အားကစားပစ္စည်းများ ပေးအပ်လှူဒါန်းရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်စန်းစန်းက လက်ခံရယူ၍ လူငယ်အသိပညာပေးဟောပြောမည့် စာရေးဆရာမ ဒေါ်သက်သက်နွယ် (ရန်ကုန်တက္ကသိုလ်) အား ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးကံမြင့်သန်းက နှုတ်ခွန်းဆက်အမှာစကား ပြောကြားပြီး စာရေးဆရာမ ဒေါ်သက်သက်နွယ် (ရန်ကုန်တက္ကသိုလ်) အား ဂုဏ်ပြုလက်ဆောင်ပေးအပ်၍ အမှတ် (၁၄) အခြေခံပညာအထက်တန်းကျောင်း အတွက် အလှူငွေ ကျပ် ၁၀ သိန်းကို ကျောင်းအုပ်ဆရာမကြီးထံ ပေးအပ်လှူဒါန်းသည်။

ယင်းနောက် စာရေးဆရာမ ဒေါ်သက်သက်နွယ် (ရန်ကုန်တက္ကသိုလ်)က "လူငယ်နှင့် အသိပညာ" ခေါင်းစဉ်ဖြင့် လူငယ်အသိပညာပေးဟောပြောပြီး နေပြည်တော် လူငယ်ရေးရာဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးကြည်စိုးလင်းက ဉာဏ်စမ်းပဟေဠိများကို ကျောင်းသား ကျောင်းသူများကို မေးမြန်းရာ မှန်ကန်စွာ ဖြေဆိုနိုင်သည့် ကျောင်းသား ကျောင်းသူများအား ဌာနဆိုင်ရာများက ဆုလက်ဆောင်များပေးအပ် ချီးမြှင့်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# သီပေါမြို့နယ်ရှိ ကွန်ကရစ်ဇလီဖားစက်ရုံ ပြန်လည် လည်ပတ်ခြင်းဖွင့်ပွဲ ကျင်းပ



**နေပြည်တော် ဇူလိုင် ၁၅**

ရှမ်းပြည်နယ် (မြောက်ပိုင်း) သီပေါမြို့ရှိ ကွန်ကရစ်ဇလီဖား စက်ရုံ ပြန်လည် လည်ပတ်ခြင်း ဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် အဆိုပါစက်ရုံ၌ ကျင်းပရာ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်မြိုင်၊ သီပေါမြို့နယ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်၊ ကျောက်မဲခရိုင်နှင့် သီပေါမြို့နယ်ရှိဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဒေသခံပြည်သူများ၊ ရပ်မိရပ်ဖများ တက်ရောက်ကြသည်။

ဦးစွာ မြန်မာ့မီးရထား အထွေထွေမန်နေဂျာ(မြို့ပြ)က ကွန်ကရစ်ဇလီဖားစက်ရုံ (သီပေါ)အား ပြန်လည် လည်ပတ်နိုင်ရေးအတွက် လုပ်ငန်းဆောင်ရွက်ခဲ့မှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး ဒုတိယဝန်ကြီး၊ သီပေါမြို့နယ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်၊ ဦးဆောင်ညွှန်ကြားရေးမှူး (ပူးတွဲ) နှင့် ကျောက်မဲခရိုင် အထွေထွေအုပ်ချုပ်ရေးမှူးတို့က ကွန်ကရစ်ဇလီဖားစက်ရုံ (သီပေါ)ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးပြီး ဒုတိယဝန်ကြီးက ကွန်ကရစ်ဇလီဖားစက်ရုံ (သီပေါ) ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးကာ စက်ရုံအတွင်း ကွန်ကရစ် ဇလီဖားတုံးများ ထုတ်လုပ်နေမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

မန္တလေး - လားရှိုး ရထားလမ်းပိုင်း အဆင့်မြှင့်တင် ပြုပြင်ထိန်းသိမ်းရာတွင် လိုအပ်လျက်ရှိသည့် ကွန်ကရစ်ဇလီဖားတုံးများအား မန္တလေး - လားရှိုးရထားလမ်းပိုင်းတွင် အသုံးပြု၍ ပြန်လည်ပြေးဆွဲနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ရာ ရထားများ ပြန်လည်ပြေးဆွဲလျှင် ဒေသခံပြည်သူများ အဆင်ပြေချောမွေ့စွာ ခရီးသွားလာနိုင်မည်ဖြစ်ပြီး ဒေသထွက်ကုန်ပစ္စည်းများကို ကုန်ကျစရိတ်သက်သာစွာ ဖြင့် များများနှင့်မြန်မြန် သယ်ယူပို့ဆောင်နိုင်တော့မည် ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**



# မြဝတီမြို့နယ်၌ ပြည်ဝင်ခရီးသွားစစ်တမ်း ကောက်ယူရေးလုပ်ငန်းများ ဆောင်ရွက်

**မြဝတီ ဇူလိုင် ၁၅**

ကရင်ပြည်နယ် မြဝတီမြို့နယ် ထိုင်း - မြန်မာချစ်ကြည်ရေး အမှတ် (၁) တံတား၌ ဇူလိုင် ၁၃ ရက်တွင် ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာနက ၂၀၂၆-ခုနှစ်အတွင်း ပြည်ဝင်ခရီးသွားဧည့်သည်များ၏ ခရီးသွားလုပ်ငန်းဆိုင်ရာ အချက်အလက်များကို သိရှိစေရန်အတွက် ပြည်ဝင်ခရီးသွားစစ်တမ်း(Inbound Tourism Survey– 2026) ပထမအကြိမ် ကောက်ယူခြင်းလုပ်ငန်း ဆောင်ရွက်ကြသည်။

ထိုသို့ဆောင်ရွက်ရာတွင် မြဝတီခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးရဲလင်းမောင်၊ နယ်မြေခံတပ်မှ ဒုတိယဗိုလ်မှူးကြီး မျိုးလွင်၊ ခရိုင်ရဲတပ်ဖွဲ့ ဒုတိယရဲမှူးကြီး မိုးကျော်ဟိန်း၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်မော်အောင်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများပါဝင်သော ပူးပေါင်းအဖွဲ့က အပြည်ပြည်ဆိုင်ရာ ဝင်၊ ထွက်ဂိတ်ရှိသည့် မြဝတီမြို့တွင် ပြည်ဝင်ခရီးသွားဧည့်သည်များ၏ ခရီးသွားလာမှုအနေအထားများ၊ မြန်မာနိုင်ငံသို့ လည်ပတ်ရခြင်းရည်ရွယ်ချက်၊ နေထိုင်မှုကာလ၊ အသုံးစရိတ်၊ ဝန်ဆောင်မှုဆိုင်ရာ အချက်အလက်များ ကောက်ယူခြင်းလုပ်ငန်းနှင့် ဟိုတယ်များတွင်တည်းခိုသော ပြည်ဝင်ခရီးသွားများထံမှ QR Code ဖြင့် Online Survey ကောက်ယူခြင်းလုပ်ငန်းများကို ပူးပေါင်းဆောင်ရွက်ကြသည်။

ကရင်ပြည်နယ် ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန မြဝတီရုံးခွဲမှ ထိုင်း - မြန်မာချစ်ကြည်ရေးတံတား အမှတ်(၁) နယ်စပ်ဂိတ်တွင် ဇူလိုင် ၁၃ ရက်မှ ၁၆ ရက်အထိ ထိုင်းဘာသာ Form ဖြင့် ပြည်ဝင်ခရီးသွားစစ်တမ်း-၂၀၂၆ ပထမအကြိမ် ကောက်ယူသွားမည်ဖြစ်ကြောင်း သိရသည်။ **ဆောင်းနှင်းဖြူ(ပြန်/ဆက်)**

# ပေါင်းတည်မြို့နယ်၌ ကျောင်းသား ကျောင်းသူများအား နိုင်ငံသားစိစစ်ရေးကတ်များဆောင်ရွက်ပေး



**ပေါင်းတည် ဇူလိုင် ၁၅**

ပဲခူးတိုင်းဒေသကြီး ပေါင်းတည်မြို့နယ် အထက (မင်းကွက်)တွင် ဇူလိုင်လ ဒုတိယပတ်က မြို့နယ်လဝကဦးစီးမှူး ဦးဟံငွေးနှင့် ဝန်ထမ်းများက အသက် ၁၀ နှစ်နှင့်အထက် ကျောင်းသား ကျောင်းသူများအား နိုင်ငံသားစိစစ်ရေးကတ်များ ကွင်းဆင်းဆောင်ရွက်ပေးသည်။

အဆိုပါ ကွင်းဆင်းဆောင်ရွက်နေမှုများကို တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါ်ဝင်းဝင်းမော်နှင့် မြို့နယ်ပညာရေးမှူးရုံးမှ တာဝန်ရှိသူများ ကြည့်ရှုအားပေးကာ ကျောင်းသား ကျောင်းသူတစ်ဦးချင်းစီအား နိုင်ငံသားစိစစ်ရေးကတ်များပေးအပ်ခဲ့ကြကြောင်း သိရသည်။ **ပေါင်းတည်(ပြန်/ဆက်)**

# ကျုံပျော်မြို့၌ ရေဘေးအန္တရာယ် တုံ့ပြန်ဆောင်ရွက်ရေး ဇာတ်တိုက်လေ့ကျင့်

**ကျုံပျော် ဇူလိုင် ၁၅**

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နယ်၌ ရေဘေးအန္တရာယ် တုံ့ပြန်ဆောင်ရွက်ရေး ဇာတ်တိုက်လေ့ကျင့်ခြင်း အခမ်းအနားကို မြဝတီရပ်ကွက် ဒါးကချောင်းအတွင်း၌ ဇူလိုင် ၁၄ ရက်က ဆောင်ရွက်သည်။

ထိုသို့ ဆောင်ရွက်ရာတွင် မြို့နယ်သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြင့်ထွန်း၊ မီးသတ်ဦးစီးဌာန ဦးစီးအရာရှိ ဦးအောင်စိန်ဘွင့်နှင့် တပ်ဖွဲ့ဝင်များ၊ မြို့နယ်သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ ပြည်သူများ ပူးပေါင်းပါဝင်၍ သဘာဝဘေးအန္တရာယ် ဖြစ်ပေါ်ပါက အရေးပေါ် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်နိုင်ရန် ကြိုတင်ဇာတ်တိုက်လေ့ကျင့်ခြင်း၊ အထောက်အကူပြုပစ္စည်းများဖြင့် သဘာဝဘေးအန္တရာယ်များ ကြုံတွေ့ရသည့်သူများအား ရှာဖွေကယ်ဆယ်ခြင်း၊ အသက်ကယ်အင်္ကျီ ဝတ်ဆင်နည်း၊ ရေးဦးသူနာပြုစုကုသခြင်းတို့ကို သရုပ်ပြဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**နေဝင်းမြင့် (ပြန်/ဆက်)**



## တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးဇော်နိုင်ဦး တည်ဆောက်ရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး



**ထားဝယ် ဇူလိုင် ၁၅**

တနင်္သာရီတိုင်း ဒေသကြီး ဝန်ကြီးချုပ် ဦးဇော်နိုင်ဦးသည် တိုင်းဒေသကြီး ဝန်ကြီးများနှင့် အတူ ယနေ့နံနက်ပိုင်းတွင် အဆင့်မြှင့်တင် ဆောင်ရွက်မည့် ရွှေဝယ်သီရိ အားကစားခန်းမကို ကြည့်ရှုစစ်ဆေးပြီး စခန်းသွင်း လေ့ကျင့်နေသည့် မျိုးဆက်သစ် အားကစား မောင်မယ်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ဆက်လက်၍ ရွှေဝယ်သီရိ ဂျူဒိုရုံ၊ လက်ဝှေ့လေ့ကျင့်ရေးရုံ၊ စားပွဲတင်တင်းနစ်ရုံ၊ ကာယဗလ လေ့ကျင့်ရေးရုံ၊ ဖူဆယ်အားကစား ရုံ၊ တင်းနစ်ကွင်း၊ တိုင်းဒေသကြီး အားကစားကွင်း၊ အားကစား ခန်းမ၊ ဒိုင်ဗင်ပါရေကူးကန် တည်ဆောက်မည့် နေရာတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထို့ပြင် တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ်ဖလား မြို့နယ် ပေါင်းစုံ(အမျိုးသား/အမျိုးသမီး) ပိုက်ကျော်ခြင်းပြိုင်ပွဲ ဗိုလ်လုပွဲနှင့် အမျိုးသား (၃)ယောက်တွဲ ထားဝယ်မြို့နယ်အသင်းနှင့် မြိတ်မြို့နယ်အသင်းတို့ ယှဉ်ပြိုင်ကစားနေမှုကို ကြည့်ရှုအားပေးကြရာ ထားဝယ်မြို့နယ်အသင်းက အနိုင်ရရှိသွားပြီး ပိုက်ကျော်ခြင်း ဆပ်ကော်မတီက ဆုရရှိသည့် အသင်းများအား ဂုဏ်ပြုဆုငွေကျပ် ၁၂ သိန်း ပေးအပ်ချီးမြှင့်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တိုင်းဒေသကြီးဝန်ကြီးများက ဆုရရှိသည့် အသင်းများကို တစ်ဦးချင်း ဆုတံဆိပ်နှင့် ငွေသားဆုများ၊ တံခွန်စိုက်ဖလားတို့ကို ပေးအပ်ကြသည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**

## ကျောက်တန်းမြို့၌ မီးဘေးကြိုတင်ကာကွယ်ရေး ဇာတ်တိုက်လေ့ကျင့်

**ကျောက်တန်း ဇူလိုင် ၁၅**

ရန်ကုန်တိုင်းဒေသကြီး ကျောက်တန်းမြို့နယ် မြန်မာ့ဆိပ်ကမ်းအာဏာပိုင်အောက်ရှိ သီလဝါဆိပ်ကမ်းဒေသ ပိတောက်ရွှေဝါစက်သုံးဆီသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းရှိ ဆီသိုလှောင်ကန်မီးဘေးကြိုတင်ကာကွယ်ရေးအတွက် Table Talk ဆောင်ရွက်ခြင်းနှင့် ဇာတ်တိုက်လေ့ကျင့်ခြင်းကို ဇူလိုင် ၁၄ ရက်က ပြုလုပ်သည်။

အဆိုပါဇာတ်တိုက်လေ့ကျင့်ခြင်းကို ကျောက်တန်းမြို့နယ်မီးသတ်ဦးစီးဌာနမှ မြို့နယ်မီးသတ်ဦးစီးမှူး ဦးစီးအရာရှိ ဦးအောင်ကျော်ဝင်း ဦးဆောင်၍ ဆီမီးငြိမ်းသတ်ယာဉ်၊ မီးသတ်ရေသယ်ယာဉ်တို့ဖြင့် ဆောင်ရွက်ခဲ့ရာ ဆီသိုလှောင်ကန်ရှိ တာဝန်ရှိသူများ၊ Emergency Response Team အဖွဲ့ဝင်များနှင့် ပူးပေါင်း၍ လက်တွေ့သရုပ်ပြဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **သန့်ဇင်ထွန်း**



## ဇလွန်မြို့နယ်၌ မိုးရာသီရေဘေးကာကွယ်ရေးသရုပ်ပြပွဲနှင့် ဇာတ်တိုက်လေ့ကျင့်



**ဇလွန် ဇူလိုင် ၁၅**

ဧရာဝတီတိုင်းဒေသကြီး ဇလွန်မြို့နယ် ဆန်တန်းရပ်ကွက် ကျီးပင်ဆိပ်ကမ်းရေကင်း အမှတ်(၃)တွင် ယနေ့နံနက်ပိုင်းက ဟင်္သာတခရိုင်ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ မိုးရာသီရေဘေးကာကွယ်ရေးသရုပ်ပြပွဲနှင့် ဇာတ်တိုက်လေ့ကျင့်ခြင်း အခမ်းအနားကျင်းပသည်။

အခမ်းအနားတွင် ဇလွန်မြို့နယ် မီးသတ်ဦးစီးမှူး ဦးရန်လင်းထွဋ် ဦးဆောင်မှုဖြင့် ရှာဖွေကယ်ဆယ်ရေးတပ်ဖွဲ့ဝင်များသည် ရေကြီးရေလျှံဖြစ်ပွားသည့်ဒေသမှ မိဘပြည်သူများအား ဘေးလွတ်ရာ ကယ်ဆယ်ကူညီရွှေ့ပြောင်းခြင်းနှင့် ရှာဖွေကယ်ဆယ်ရေးတပ်စု ၃၅ ဦး အသင့်စုဖွဲ့ထားရှိမှုနှင့် ရှာဖွေကယ်ဆယ်ရေးရေယာဉ်များ၊ ရှာဖွေကယ်ဆယ်ရေးသရုပ်ပြဇာတ်တိုက်လေ့ကျင့်ခြင်းနှင့် ရှာဖွေကယ်ဆယ်ရေးပစ္စည်းကိရိယာများ ခင်းကျင်းပြသမှုများကို ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးအေးကျော်နှင့် တိုင်းဒေသကြီး ဝန်ကြီးများက ကြည့်ရှုစစ်ဆေးအားပေးခဲ့ကြောင်း သိရသည်။

**မိုးဟိန်းထက်**

## အမရပူရမြို့နယ်၌ ဧရာဝတီမြစ်အတွင်း ငါးသားပေါက်ကောင်ရေ ခုနစ်သိန်း မျိုးစိုက်ထည့်

**အမရပူရ ဇူလိုင် ၁၅**

မန္တလေးတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနက ကြီးမှူး၍ ဧရာဝတီမြစ်အတွင်းသို့ ငါးမျိုးစိုက်ထည့်ခြင်းအခမ်းအနားကို ဇူလိုင် ၁၄ ရက်က အမရပူရမြို့နယ် ရွှေကြက်ကျဘုရားအနီး၌ ကျင်းပသည်။

အဆိုပါ ငါးမျိုးစိုက်ထည့်ပွဲသို့ မန္တလေးတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန ဒုတိယတိုင်းဒေသကြီး ဦးစီးမှူး ဦးထွန်းလှအောင်၊ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးတေဇာအောင်နှင့် ခရိုင်အဆင့်တာဝန်ရှိသူများ၊ မြို့နယ်အဆင့်တာဝန်ရှိသူများ၊ နတ်ရေကန်နှင့် သရက်ကုန်းငါးလုပ်ငန်းစခန်းတို့မှ စခန်းတာဝန်ခံများနှင့် ဝန်ထမ်းများက စုစုပေါင်း ငါးသားပေါက်ကောင်ရေ ၇၀၀၀၀၀ တို့ကို ဧရာဝတီမြစ်အတွင်း ငါးမျိုးစိုက်ထည့်ပေးခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**




## ပေါင်မြို့နယ်၌ ထင်းအစားထိုးစွမ်းအားမြင့်မီးဖိုများတိုးချဲ့သုံးစွဲရေး အသိပညာပေးဟောပြော



**ပေါင် ဇူလိုင် ၁၅**

မွန်ပြည်နယ် ပေါင်မြို့နယ်၌ သဘာဝတောများမှ ထင်းအစားထိုးစွမ်းအားမြှင့်မီးဖိုများတိုးချဲ့သုံးစွဲရေးနှင့် တရားမဝင်သစ်လျှော့နည်းပပျောက်ရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ယမန်နေ့မွန်းလွဲပိုင်းက အထက(နတ်ကြီးချောင်)၌ ပြုလုပ်သည်။

ဦးစွာ ပေါင်မြို့နယ်သစ်တောဦးစီးဌာနမှ တောအုပ်ကြီး ဦးဇော်လွင်ဦးက သဘာဝတောများမှထင်းအစားထိုး စွမ်းအားမြှင့်မီးဖိုများ တိုးချဲ့သုံးစွဲရေး၊ တရားမဝင်သစ်လျှော့နည်းပပျောက်ရေးစသည့် အကြောင်းအရာများကို ဟောပြောဆွေးနွေးပြီး အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။ **မွန်မလေး(ပြန်/ဆက်)**

## နတ်မောက်မြို့၌ နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်ထုတ်ပေး

**နတ်မောက် ဇူလိုင် ၁၅**

မကွေးတိုင်း ဒေသကြီး နတ်မောက်မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဦးစီးဌာနက နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်ထုတ်ပေးခြင်းကို ယနေ့နံနက်ပိုင်းက အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်းခန်းမ၌ ပြုလုပ်သည်။

**ရှင်းလင်းပြောကြား**

ဦးစွာ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး ဇော်မြင့်သူက နိုင်ငံသားစိစစ်ရေးကတ်ကိုင်ဆောင်ခြင်း၏ အရေးပါမှု၊ နိုင်ငံသားစိစစ်ရေးကတ်ပြားဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများနှင့် ပြည်သူများ သိရှိလိုက်နာရမည့် အချက်များကို ရှင်းလင်းပြောကြားသည်။



ထို့နောက် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအဖွဲ့ဝင်များ၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဦးစီးဌာနဦးစီးအရာရှိဦးညီညီလွင်နှင့် ဌာနဆိုင်ရာများက အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်းရှိ အသက် ၁၀ နှစ်ပြည့် ကျောင်းသားကျောင်းသူများနှင့် အသက် ၁၈ နှစ်ပြည့် ကျောင်းသား ကျောင်းသူ စုစုပေါင်း ၉၅ ဦးတို့အား နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် UID ကတ်ထုတ်ပေးခြင်းများဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**လှဝင်း**

## နောင်ချိုမြို့နယ်အတွင်းရှိ မွေးမြူရေးခြံများအား ကွင်းဆင်းဆောင်ရွက်

**နောင်ချို ဇူလိုင် ၁၅**

ရှမ်းပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များနှင့် နောင်ချိုမြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနတို့မှ ရှမ်းပြည်နယ်(မြောက်ပိုင်း) နောင်ချိုမြို့နယ်အတွင်းရှိ အသား၊ ဥ၊ နို့နှင့်နို့ထွက်ပစ္စည်းများ ပိုမိုတိုးမြှင့်ထုတ်လုပ်နိုင်ရေး အရှိန်အဟုန်ဖြင့် ဆောင်ရွက်နေသော မွေးမြူရေးခြံများသို့ ယမန်နေ့က ကွင်းဆင်းစစ်ဆေးသည်။

ရှမ်းပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များ ဖြစ်သော ဦးကျော်အောင်သန်း၊ ဦးသီဟလှိုင်နှင့် ဒေါ်ခိုင်သန္တာထွေးတို့သည် နောင်ချိုမြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာဇော်လွင်တို့နှင့်အတူ ခဲထိတ်ကျေးရွာရှိ နို့စားနွား ၃၆၅ ကောင် မွေးမြူထားရှိသော PEP ခေတ်မီနို့စားနွား မွေးမြူရေးခြံ၊ ဆင်လမ်းစုကျေးရွာရှိ ဥစားကြက်အကောင် ၇၅၆၀၀ မွေးမြူထားရှိသော ရွှေကောင်းကင် ခေတ်မီ ဥစားကြက် မွေးမြူရေးခြံနှင့် ခြေမြစ်ပင်ကျေးရွာရှိ ဦးဇော်မျိုးဦး၏ ဒေသဆိတ် ၇၄ ကောင် မွေးမြူထားရှိသော ဒေသဆိတ်မွေးမြူရေးခြံများသို့ ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။



**မြို့နယ်(ပြန်/ဆက်)**

☆ ကျောဖုံးမှ

ထိုသို့ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လျက်ရှိရာ ကရင်ငြိမ်းချမ်းမှု ထိန်းသိမ်းရေးတပ်ဖွဲ့(KPMF)နှင့် KNLA အဖွဲ့တို့မှ အဖွဲ့ဝင် အမျိုးသား ၄၁ ဦးတို့သည် လက်နက်ခဲယမ်းများနှင့်အတူ ဥပဒေဘောင်အတွင်းသို့ ထပ်မံဝင်ရောက်ခဲ့ကြပြီး မိဘအုပ်ထိန်းသူများထံ ပြန်လည်လွှဲပြောင်းအပ်နှံခြင်းကို ယနေ့နံနက်ပိုင်းတွင် အရှေ့တောင်တိုင်း စစ်ဌာနချုပ် အောင်ဆန်းခန်းမ၌ပြုလုပ်ရာ မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဝင်းသန်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး ကျော်လင်းမောင်၊ တိုင်းမှူး ဗိုလ်မှူးချုပ် သူရဇော်လွင်စိုးနှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာခဲ့ကြသူများနှင့် ၎င်းတို့၏ မိဘအုပ်ထိန်းသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး တိုင်းမှူးက တရားဥပဒေများနှင့်ပတ်သက်၍ အသိပညာပေး ရှင်းလင်းဆွေးနွေး ပြောကြားသည်။ ထို့နောက် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့ကြသူများက ၎င်းတို့နှင့်အတူပါရှိလာသည့် အမ်(၁၆)သေနတ် တစ်လက်၊ အမ်(၄)သေနတ် နှစ်လက်၊ အူဇီသေနတ် တစ်လက်၊ ပွိုင့်-၂၂ လက်လုပ်သေနတ် တစ်လက်၊ လက်လုပ် ကိုးလုံးထိုးကျည်သေနတ် နှစ်လက်၊ Sigsauer ပစ္စတိုသေနတ် သုံးလက်၊ ၉ မမ ပစ္စတိုသေနတ် နှစ်လက်၊ လက်လုပ်ပစ္စတိုသေနတ် တစ်လက်၊ အမ်ဂျီ(၁)လက်ပစ်ဗုံး ၁၀ လုံး၊ လမ်းလျှောက်စကားပြောစက် ခြောက်လုံး၊ ကျည်အိမ် ၁၁ ခုနှင့် ကျည်မျိုးစုံ ၁၈၈ တောင့်တို့ကို လွှဲပြောင်းအပ်နှံရာ ပြည်နယ်ဝန်ကြီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး ကျော်လင်းမောင်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက လက်ခံရယူသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး ကျော်လင်းမောင်နှင့် တိုင်းမှူးတို့က မောင်းပြန်ရိုင်ဖယ် လေးလက်အတွက် ငွေကျပ် သိန်း ၂၀၀၊ လက်လုပ်သေနတ် သုံးလက်အတွက် ငွေကျပ် ၁၅ သိန်း၊ ပစ္စတိုသေနတ် ငါးလက်အတွက် ငွေကျပ်သိန်း ၁၀၀၊ လက်လုပ်ပစ္စတိုသေနတ်တစ်လက်အတွက် ငွေကျပ် ငါးသိန်း၊ အမ်ဂျီ-၁ လက်ပစ်ဗုံး ၁၀ လုံးအတွက် ငွေကျပ်သိန်း ၃၀၊ လမ်းလျှောက်စကားပြောစက် ခြောက်လုံးအတွက် ငွေကျပ် ၁၂ သိန်းနှင့် ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူများအတွက် ငွေကျပ် သိန်း ၂၀ ငါးသောင်း၊ စုစုပေါင်း ကျပ်၃၈၂သိန်း ငါးသောင်းနှင့်လက်ဆောင်ပစ္စည်းများ ပေးအပ်ရာ ဥပဒေဘောင်အတွင်း ဝင်ရောက်လာကြသူများက လက်ခံရယူကြသည်။ ထို့နောက် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာကြသူများအား ခံဝန်ကတိလက်မှတ်ရေးထိုးစေပြီး မိဘအုပ်ထိန်းသူများထံ စနစ်တကျ ပြန်လည်လွှဲပြောင်းအပ်နှံပေးကြရာ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာသူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ယနေ့အခမ်းအနားတွင် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို လက်ခံယုံကြည်လျက် ဒေသတည်ငြိမ်အေးချမ်းရေးကို အမှန်တကယ်လိုလားကြသည့် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာကြသူများအား မိဘအုပ်ထိန်းသူများထံ လွှဲပြောင်းအပ်နှံခဲ့မှုအနေဖြင့် ကရင်ပြည်နယ် ကော့ကရိတ်မြို့နယ်မှ ၁၀ ဦး၊ လှိုင်းဘွဲ့မြို့နယ်မှ တစ်ဦး၊ ကမမောင်းမြို့နယ်မှ တစ်ဦး၊ မွန်ပြည်နယ် ဘီးလင်းမြို့နယ်မှ သုံးဦး၊ သထုံမြို့နယ်မှ ကိုးဦး၊ ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ်မှ နှစ်ဦး၊ ဒဂုံဆိပ်ကမ်းမြို့နယ်မှ တစ်ဦး၊ ဒဂုံအရှေ့ပိုင်းမြို့နယ်မှ သုံးဦး၊ တောင်ဥက္ကလာပမြို့နယ်မှ တစ်ဦး၊ မြောက်ဥက္ကလာပမြို့နယ်မှ တစ်ဦး၊ ရန်ကင်းမြို့နယ်မှ နှစ်ဦး၊ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ်မှ တစ်ဦး၊ မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ်မှ နှစ်ဦး၊ မိတ္ထီလာမြို့နယ်မှ နှစ်ဦး၊ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ်မှ တစ်ဦး၊ ပန်းတောင်းမြို့နယ်မှတစ်ဦး စုစုပေါင်း ၄၁ ဦးဖြစ်သည်။

ထိုသို့ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာကြသူများအား ပြန်လည် ကြိုဆိုလက်ခံ၍ လိုအပ်သည့်ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးပြီး မိဘအုပ်ထိန်းသူများထံသို့ စနစ်တကျပြန်လည်လွှဲအပ်ပေးလျက်ရှိရာ ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန်ဆန္ဒရှိသူများ များစွာကျန်ရှိနေသေးကြောင်း သိရှိရပြီး ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လိုသူများအနေဖြင့် နီးစပ်ရာ ခရိုင်၊ မြို့နယ်အုပ်ချုပ်ရေးအဖွဲ့များ၊ တပ်စခန်းများနှင့် ရဲစခန်းများသို့ ဆက်သွယ် သတင်းပေးပို့လာပါက ကြိုဆိုလက်ခံကာ လိုအပ်သည့် ကူညီထောက်ပံ့မှုများ ပေးအပ်သွားမည်ဖြစ်ကြောင်းနှင့် လက်နက်/ ခဲယမ်းများအတွက် ဆုကြေးငွေများ ထိုက်တန်စွာ ပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## ○ နေရာစိပ်စိပ်မှ အကြံပြုချက်





သို့ဖြစ်ပါ၍ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားကောင်းနေခြင်းကြောင့် လည်းကောင်း၊ ဘင်္ဂလား ပင်လယ်အော် မြောက်ပိုင်းနှင့် ယင်းနှင့် ဆက်စပ်လျက်ရှိသော အိန္ဒိယနိုင်ငံ၊ အနောက် ဘင်္ဂလားပြည်နယ်-ဘင်္ဂလားဒေ့ရှ်နိုင်ငံ ကမ်းခြေတို့တွင် ဖြစ်ပေါ်လာနိုင်သည့် လေဖိအားနည်းရပ်ဝန်း၏ အရှိန်ကြောင့်လည်းကောင်း မိုးသည်းထန်စွာ ရွာသွန်းခြင်းနှင့်အတူ လေပြင်း တိုက်ခတ်ခြင်း၊ ရုတ်တရက် ရေကြီးခြင်းနှင့် မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ် နိုင်ပါသဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်နှင့် မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုနိုင်ပါရန်နှင့် ပြည်တွင်း လေကြောင်းပျံသန်းရေး၊ မြန်မာ့ကမ်းရိုးတန်း တစ်လျှောက်နှင့် ကမ်းလွန် ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေး ငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန် အသိပေး နှိုးဆော်အပ်ပါသည်။ **မိုး/ဇလ**

# ကျောက်မဲမြို့၌ မီးဘေးလုံခြုံရေး လက်တွေ့သရုပ်ပြ

**ကျောက်မဲ ဇူလိုင် ၁၅**

ရှမ်းပြည်နယ် (မြောက်ပိုင်း) ကျောက်မဲမြို့ အခြေခံပညာ အထက်တန်းကျောင်း (အထက-၁) သီရိရတနာခန်းမ၌ ယနေ့နံနက် ၉ နာရီခွဲက မီးဘေးလုံခြုံရေး အသိပညာပေး ဟောပြောပွဲနှင့် လက်တွေ့ သရုပ်ပြသခြင်း ဆောင်ရွက်သည်။



ဟောပြောပွဲတွင် ကျောက်မဲခရိုင် မီးသတ်ဦးစီးဌာနမှ ခရိုင်ဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးကိုကိုဦးက အမှာစကား ပြောကြားပြီး ဦးစီးအရာရှိ ဦးညာဏ်မြင့်ထွန်းက မီးဘေးကြိုတင်ကာကွယ်ရေး ရှောင်ရန်/ဆောင်ရန်များကို ရှင်းလင်း ဟောပြောသည်။ ဆက်လက်၍ ခရိုင်ဦးစီးမှူး ဦးကိုကိုဦးက မီးဘေးအန္တရာယ်နှင့် သဘာဝဘေးအန္တရာယ်များ ကြုံတွေ့ရပါက အချိန်နှင့်တစ်ပြေးညီ သတင်းပေးပို့ တိုင်ကြားနိုင်ရေးအတွက် “191 Application” ကို လက်ကိုင်ဖုန်းများတွင် ထည့်သွင်းအသုံးပြုကြရန် လှုံ့ဆော်ပြောကြားပြီး ရှာဖွေကယ်ဆယ်ရေးပစ္စည်းများ၏ အသုံးဝင်ပုံကို ရှင်းလင်းပြသသည်။

ထို့နောက် မီးသတ်တပ်ဖွဲ့ဝင်များက ကျောင်းဝင်းအတွင်း၌ မီးသတ်ဆေးဘူးဖြင့် မီးငြိမ်းသတ်နည်း၊ ရေစိုဝတ်(စောင်)ဖြင့် အောက်ဆီဂျင် ဖြတ်တောက်ငြိမ်းသတ်နည်း အဆင့်ဆင့်တို့ကို လက်တွေ့သရုပ်ပြသကြကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

# သာပေါင်းမြို့နယ်၌ ပြည်သူများအား သက်သာသောဈေးနှုန်းဖြင့် ဆန်၊ ဆီ၊ ကြက်ဥများ ရောင်းချပေး

**သာပေါင်း ဇူလိုင် ၁၅**

ဧရာဝတီတိုင်း ဒေသကြီး သာပေါင်းမြို့နယ် ကုန်ဈေးနှုန်း တည်ငြိမ်ကျဆင်းရေးကော်မတီက ယနေ့နံနက်ပိုင်းတွင် သီရိရွှေသာဈေးရှေ့ ဧရာဝတီဘဏ်မျက်နှာစာ၌ ပြည်သူများအား သက်သာသောဈေးနှုန်းဖြင့် ဆန်၊ ဆီ၊ ကြက်ဥများ ရောင်းချပေးကြသည်။





သာပေါင်းမြို့နယ် ကုန်ဈေးနှုန်း တည်ငြိမ်ကျဆင်းရေး ကော်မတီဥက္ကဋ္ဌ ဦးမင်းဇော်ထိုက်၊ အမှတ်(၁) တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးကိုကိုဇင်၊ အတွင်းရေးမှူး မြို့နယ်စားသုံးသူရေးရာ ဦးစီးမှူး ဦးထွန်းမင်းလတ်၊ မြို့နယ်မွေးမြူရေးနှင့် ကုသရေး ဦးစီးဌာန ဒေါက်တာကျော်စိုးလင်းနှင့် စည်ပင်သာယာရေးအဖွဲ့တို့ ပူးပေါင်း၍ ဆန်တစ်ပြည်၊ ဆီ ၅၀ ဆယ်သား၊ ကြက်ဥငါးလုံး စုစုပေါင်း တန်ဖိုးငွေကျပ် ၁၀၀၀၀ ဖြင့် အိမ်ထောင်စု ၆၆၀ အား ရောင်းချပေးခဲ့ကြောင်း သိရသည်။

**သာပေါင်း(ပြန်/ဆက်)**

# ရေတာရှည်မြို့နယ်၌ သစ်ပင်စိုက်ပျိုးပွဲကျင်းပ



**ရေတာရှည် ဇူလိုင် ၁၅**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် ကျန်သနွယ်ကျေးရွာအုပ်စု မြန်မာ့သစ်လုပ်ငန်း နန်ချွန်သင်တန်း ကျောင်းဝင်းအတွင်း၌ ယနေ့နံနက်ပိုင်းက မြို့နယ်အဆင့် ဒုတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ကျင်းပသည်။

အဆိုပါ သစ်ပင်စိုက်ပျိုးပွဲတွင် မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ မြို့နယ် သစ်တောဦးစီးဌာနမှ ဝန်ထမ်းများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ၊ ဒေသခံပြည်သူလူထုများက ကျွန်း၊ ပျဉ်းကတိုး၊ ပိတောက်၊ ကံ့ကော်၊ မဟော်ဂနီ၊ ခရေ၊ ယမနေ၊ စုစုပေါင်း အပင် ၃၀၀ စုပေါင်း စိုက်ပျိုးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ်၌ ဇူလိုင် ၁၅ ရက်က နိုင်ငံ့စီးပွား မြှင့်တင်ရေး ရန်ပုံငွေကျပ် ၁၆၇ ဒသမ ၇၅ သန်းကို နွေစပါးစိုက်ပျိုးသည့် အခြေခံသမဝါယမ အသင်းသား တောင်သူ ၁၁၁ ဦးအား ထုတ်ချေးပေးရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထိုက်ထိုက်ဇော်နှင့် တာဝန်ရှိသူများက ပေးအပ်စဉ်။ သက်မောင်(ကျောက်ဆည်)

နေရောင်အောက်က သက်ရှိတွေကို စောင့်ရှောက်ဖို့ အိုဇုန်းလွှာကို ထိန်းသိမ်းစို့

## မြစ်ကြီးနားမြို့၌ ကျောင်းသား ကျောင်းသူများအား နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်များထုတ်ပေး



မြစ်ကြီးနား ဇူလိုင် ၁၅

ကချင်ပြည်နယ် အနေဖြင့် နိုင်ငံတော်(သို့မဟုတ်) ပြည်နယ်အတွက် အကျိုးရှိနိုင်မည့် ရေအားလျှပ်စစ်စီမံကိန်းများ၊ မွေးမြူရေးလုပ်ငန်းနှင့် ဈေးအဆင့်မြှင့်တင်ခြင်းများပါဝင်သည့် ရေတို/ရေရှည် လုပ်ငန်းစီမံကိန်းများ အကောင်အထည် ဖော်နိုင်ရေးအတွက် ပြည်နယ်အစိုးရအဖွဲ့၏ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ယနေ့နံနက်ပိုင်းက ပြည်နယ်အစိုးရအဖွဲ့ရုံး မလိခခန်းမ၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန် တက်ရောက်အမှာစကားပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးများက စီမံကိန်းများအလိုက် ဆွေးနွေးတင်ပြကြပြီး ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူး ဦးခင်မောင်လွင်က အကောင်အထည်ဖော်ရမည့် လုပ်ငန်းစီမံကိန်းများနှင့် စပ်လျဉ်း၍ လုပ်ထုံးလုပ်နည်းနှင့်အညီ ရေးဆွဲတင်ပြနိုင်ရေး အကြံပြုရှင်းလင်းတင်ပြရာ ပြည်နယ်ဝန်ကြီးချုပ်က လုပ်ငန်းစီမံကိန်းများအပေါ် ဆွေးနွေးဆုံးဖြတ်ပေးကာ လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ယင်းနောက် မြစ်ကြီးနားမြို့ အမှတ်(၉) အခြေခံပညာ အထက်တန်းကျောင်း ရွှေသွေးခန်းမ၌ နိုင်ငံသား စိစစ်ရေးကတ်များကို ကျောင်းသား ကျောင်းသူများ လက်ဝယ်အရောက် ပေးအပ်ကာ One Stop Service စနစ်ဖြင့် နိုင်ငံသား စိစစ်ရေးကတ်များ နှင့် UID ကတ်ထုတ်ပေးခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုတို့ကို လှည့်လည်ကြည့်ရှုသည်။

ထိုမှတစ်ဆင့် မြစ်ကြီးနားမြို့ မန်ခိန်ရပ်ကွက်နှင့် ရွှေစက်ရပ်ကွက် ခရစ်တော်၏အသင်းတော် ဘုရားကျောင်း၌ ယာယီတိမ်းရှောင်နေထိုင်လျက်ရှိသော အိမ်ထောင်စုများအတွက် ဆန် ၂၄ ပြည်ပါ ဆန်အိတ်များနှင့်ဆီပုံးများကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

## လင်းခေးမြို့နယ်၌ KGနှင့် Grade-1 ကျောင်းသား ကျောင်းသူများအား နေ့လယ်စာအာဟာရကျွေးမွေး

လင်းခေး ဇူလိုင် ၁၅

ရှမ်းပြည်နယ်(တောင်ပိုင်း) လင်းခေးမြို့နယ်၌ ကျန်းမာရေးဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာနတို့ပူးပေါင်း၍ “အနာဂတ်ကြယ်ပွင့်ကလေးများ ကျန်းမာဖွံ့ဖြိုးဖို့ ကျောင်းတွင်းအာဟာရမြှင့်တင်စို့” အစီအစဉ်ဖြင့် ယနေ့မွန်းလွဲပိုင်းတွင် အခြေခံပညာကျောင်းများရှိ KG နှင့် Grade–1 ကျောင်းသား ကျောင်းသူများအား နေ့လယ်စာ အာဟာရ(ထမင်းဟင်း)ကျွေးမွေးသည်။

အာဟာရအစားအစာများ မကျွေးမွေးမီ မြို့နယ်ကျန်းမာရေးဦးစီးဌာန မြို့နယ်ဆရာဝန်ကြီး ဒေါက်တာမောင်မောင်သန်းက အစာမစားမီ အစားအစာထဲသို့ အာဟာရဆေးမှုန့်ခပ်ထည့်ခြင်း လက်တွေ့ပြသရှင်းလင်းပေးပြီး ကလေးငယ်များအား နေ့လယ်စာအာဟာရကျွေးမွေးခဲ့ကြသည်။

ယနေ့တွင် လင်းခေးမြို့ အခြေခံပညာအထက်တန်းကျောင်း၊ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ) တောင်ရွာနှင့် အခြေခံပညာအလယ်တန်းကျောင်း(ခွဲ) ပုန်းထွန်တို့ရှိ KG နှင့် Grade–1 ကျောင်းသားကျောင်းသူများအား နေ့လယ်စာ အာဟာရများကျွေးမွေးကြကြောင်း သိရသည်။

စိုင်းဇော်လတ်(လင်းခေး)



## အင်းစိန်မြို့နယ်၌ ပြည်သူ့စကားဝိုင်း ကျင်းပ

ရန်ကုန် ဇူလိုင် ၁၅

ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ်တွင် မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေးခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းကို ယနေ့နံနက်ပိုင်းက ထန်းပင်ကုန်းရပ်ကွက် Majestic Academy ကိုယ်ပိုင်အထက်တန်းကျောင်း၌ ကျင်းပသည်။



ဦးစွာ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးသူရိန်လင်းနှင့် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမျိုးမြင့်တို့က အမှာစကားပြောကြားပြီး Majestic Academy ကိုယ်ပိုင်အထက်တန်းကျောင်း Founder ဒေါ်နန်းသဉ္ဇာအောင်က မုဒိတာစကားပြောကြားသည်။

ဆက်လက်၍ ပြည်သူ့စကားဝိုင်းကို ကျင်းပရာ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဝင်းနိုင်ထွန်း၊ ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မေသန္တာ၊ မူးယစ်တပ်ဖွဲ့စု(၄၀)မှ ရဲမှူးသန်းထွဋ်၊ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါ်ခင်ခင်ဝင်း၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးဆန်းယု၊ ဒုတိယမြို့နယ်တရားသူကြီး ဦးမင်းသန့်ဖြိုးနှင့် ဒုတိယမြို့နယ်ဥပဒေအရာရှိ ဦးဝင်းမြတ်သူတို့က မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေးခေါင်းစဉ်ဖြင့် သက်ဆိုင်ရာကဏ္ဍအလိုက် ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

ဇင်မင်းထိုက်(ပြန်/ဆက်)

## ဒလမြို့နယ်၌ မိုးစပါးစံပြကွက် ကွင်းသရုပ်ပြစိုက်ပျိုးပွဲ ကျင်းပ

ရန်ကုန် ဇူလိုင် ၁၅

ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ်၌ ၂၀၂၄ ခုနှစ် မျိုးစေ့ချကိရိယာဖြင့် မိုးစပါးစံပြကွက်စိုက်ပျိုးပြသခြင်း ကွင်းသရုပ်ပြခြင်း စိုက်ပျိုးရေးဦးစီးဌာနက ထောက်ပံ့သော သဘာဝမြေဩဇာ၊ ဟင်းသီးဟင်းရွက်မျိုးစေ့များ ပေးအပ်ခြင်းနှင့် Rice Export Zone တွင်ပါဝင်သော တောင်သူများအား Rice Exporter ကုမ္ပဏီများက ပံ့ပိုးငွေပေးအပ်ခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းက ကျင်းပသည်။

အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီး ဒေါက်တာထူးမောင်က အမှာစကားပြောကြားပြီး တိုင်းဒေသကြီးစိုက်ပျိုးရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးတင့်နိုင်က စိုက်ပျိုးရေးဆိုင်ရာကိစ္စရပ်များကို ရှင်းလင်းတင်ပြသည်။ ဆက်လက်၍ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးညွန့်နွယ်က တွံတေးခရိုင်အတွင်း စိုက်ပျိုးရေးလုပ်ငန်းဆောင်ရွက်နေမှုများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီး၊ တိုင်းဒေသကြီးဦးစီးမှူးများ၊ ခရိုင် စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် Rice Exporter (MAPCO)ကုမ္ပဏီမှ Executive Director တို့က တောင်သူများသို့ စိုက်ပျိုးရေးဦးစီးဌာနမှ ပေးအပ်သော သဘာဝမြေဩဇာ၊ ဟင်းသီးဟင်းရွက် မျိုးစေ့များ ပေးအပ်ခြင်းနှင့် Rice Export Zone တွင် ပါဝင်သော တောင်သူများအား ပံ့ပိုးငွေများပေးအပ်ခဲ့ကြောင်း သိရသည်။

ခင်စန္ဒာမြင့်(ပြန်/ဆက်)



## ကျွန်းလှမြို့နယ်၌ ဆပ်ပြာဆီ၊ ဆပ်ပြာခဲနှင့် ခေါင်းလျှော်ရည်ပြုလုပ်နည်း သင်တန်းဆင်း

ကျွန်းလှ ဇူလိုင် ၁၅

စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ပြုလုပ်သည့် ဆပ်ပြာရည်၊ ဆပ်ပြာခဲနှင့် ခေါင်းလျှော်ရည်ပြုလုပ်နည်း သင်တန်းဆင်းပွဲကို ယနေ့တွင် တပ်ကုန်းကျေးရွာ၌ ကျင်းပသည်။

ဦးစွာ ကန့်ဘလူခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးစိုးခိုင်က အမှာစကားပြောကြားပြီး မြို့နယ်ဦးစီးမှူး ဒေါ်ခိုင်မာလာဝင်းက သင်တန်းဖွင့်လှစ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြား သည်။

ထို့နောက် သင်တန်းနည်းပြဆရာအား လက်ဆောင်ပစ္စည်းပေးအပ်သည်။ သင်တန်းတွင် ဆုရရှိသည့် သင်တန်းသားများအား ဆုများပေးအပ်ချီးမြှင့်ပြီး သင်တန်းသူများအား ကာလလွန်ပစ္စည်းများ ပေးအပ်ခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။



ဖြိုးကျော် (ပုံတောင်မြေ)

## မူဆယ်မြို့၌ အသိပညာပေးဟောပြော



မူဆယ် ဇူလိုင် ၁၅

ရှမ်းပြည်နယ် (မြောက်ပိုင်း) မူဆယ်မြို့ အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်း စံပယ်ခန်းမဆောင်၌ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဟောပြောပွဲကို ယနေ့နံနက်ပိုင်းက ပြုလုပ်သည်။

အဆိုပါဟောပြောပွဲတွင် အမှတ်(၁၂၅)ယာဉ်ထိန်းတပ်ဖွဲ့စု(မူဆယ်) မှ တပ်ဖွဲ့စုမှူး ဒုတိယရဲမှူး ကျော်ဇင်လတ်က လမ်းဖြတ်ကူးလျှင် လိုက်နာရမည့်အချက်များ၊ ဆိုင်ကယ်စီးလျှင် လိုက်နာရမည့်အချက်များ၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့် သက်ဆိုင်သည့် သိသင့်သိထိုက်သည်များကို ရှင်းလင်းဆွေးနွေးဟောပြောသည်။

ယင်းနောက် တက်ရောက်လာသည့်ကျောင်းသား ကျောင်းသူများအား ယာဉ်/လမ်း အန္တရာယ်ကင်းရှင်းရေး အသိပညာပေးလက်ကမ်းစာစောင်များကို အခမဲ့ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။ ခရိုင်(ပြန်/ဆက်)

# မဟာဗျူဟာမြောက် စွမ်းအင်စီမံကိန်းနှင့် အမြင်သစ် မြန်မာနိုင်ငံ၏ အနာဂတ် အပိုင်း (၁)

ကောင်းပြည့်

**ယနေ့ကမ္ဘာတွင် လူဦးရေတိုးပွားလာမှုနှင့်အတူ စက်မှုကဏ္ဍသည်လည်း အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးလာရာ စွမ်းအင်လိုအပ်ချက်မှာ ယခင်ကထက် အဆမတန် မြင့်မားလျက်ရှိပါသည်။ ထိုလိုအပ်ချက်ကို ဖြည့်ဆည်းရန်အတွက် လူသားတို့သည် ကျောက်မီးသွေးနှင့် ရေနံကဲ့သို့သော ရုပ်ကြွင်းလောင်စာများကို ဆယ်စုနှစ်ပေါင်းများစွာ အားကိုးခဲ့ကြသော်လည်း ရာသီဥတုပြောင်းလဲမှုနှင့် သဘာဝပတ်ဝန်းကျင်ပျက်စီးမှုများကြောင့် ယခုအခါ ကမ္ဘာကြီးသည် "ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်" (Renewable Energy)ကို အသုံးချ၍ စွမ်းအင်ထုတ်လုပ်သည့်စနစ်သို့ အလေးအနက် ဦးတည်ပြောင်းလဲလာပြီ ဖြစ်ပါသည်။**

ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်အရင်းအမြစ်များစွာထဲတွင် ရေအားလျှပ်စစ်သည် ကမ္ဘာပေါ်၌ အသုံးအများဆုံးနှင့် ယုံကြည်စိတ်ချရဆုံးသော ပတ်ဝန်းကျင်ကို အကျိုးပြုသည့် စွမ်းအင်တစ်ခုအဖြစ် ရပ်တည်နေပါသည်။ ရေအားလျှပ်စစ်စွမ်းအင်သည် ကမ္ဘာ့လျှပ်စစ်ထုတ်လုပ်မှု စုစုပေါင်း၏ ၁၅ ရာခိုင်နှုန်းကျော်ကို ဖြည့်ဆည်းပေးနေပြီး ကာဗွန်ထုတ်လွှတ်မှုအနည်းဆုံးဖြစ်စေသည့်အတွက် ကမ္ဘာကြီးပူနွေးမှုကို တိုက်ဖျက်ရာတွင်လည်း အဓိကအခန်းကဏ္ဍမှ ပါဝင်နေပါသည်။

**လက်ရှိကမ္ဘာပေါ်တွင် ရေအားလျှပ်စစ်ကို အဓိကထားထုတ်လုပ်နေသည့် ထိပ်တန်းနိုင်ငံများကို လေ့လာကြည့်မည်ဆိုပါက တရုတ်နိုင်ငံသည် ကမ္ဘာ့ပထမနေရာမှနေ၍ နိုင်ငံ၏ရောမစက်မှုကဏ္ဍကြီးကိုလည်ပတ်စေရန် ရေအားလျှပ်စစ်ကို အသုံးချလျက်ရှိသကဲ့သို့ ဘရာဇီးနိုင်ငံသည်လည်း ထိုနိုင်ငံရှိ လျှပ်စစ်လိုအပ်ချက် ၆၀ ရာခိုင်နှုန်းကျော်ကို ရေအားမှ ရယူကာ တောင်အမေရိကတိုက်၏ စွမ်းအင်အချက်အချာ ဖြစ်လာပါသည်။**

ထို့အတူ နော်ဝေနိုင်ငံသည် သူ့နိုင်ငံ၏ လျှပ်စစ်ထုတ်လုပ်မှု ၉၀ ရာခိုင်နှုန်းကျော်ကို ရေအားဖြင့်သာ လည်ပတ်နေသည့် စံပြနိုင်ငံဖြစ်ပြီး ကနေဒါနိုင်ငံသည်လည်း ပိုလျှံသောလျှပ်စစ်ဓာတ်အားများကို ပြည်ပသို့ တင်ပို့နိုင်သည်အထိ အောင်မြင်မှုများ ရရှိနေသည်ကို တွေ့ရှိရမည် ဖြစ်ပါသည်။ စီမံကိန်းကြီးများက ရိုးရှင်းသောကွန်ကရစ်တံတိုင်းကြီးများ မဟုတ်ဘဲ လူသားတို့၏ ဆန်းသစ်သော အင်ဂျင်နီယာအတတ်ပညာနှင့် သဘာဝပတ်ဝန်းကျင် ရေရှည်တည်တံ့ရေးမူဝါဒတို့ကို ဟန်ချက်ညီညီ ပေါင်းစပ်ထုဆစ်ထားသည့် ကမ္ဘာ့အံ့ဖွယ်များ ဖြစ်ပါသည်။ ဖွံ့ဖြိုးတိုးတက်မှုနှင့် ဂေဟစနစ်ထိန်းသိမ်းမှုကို မည်သို့မျှတစွာ လုပ်ဆောင်နိုင်သည်ဆိုသည့် သင်ခန်းစာကို ကမ္ဘာကျော်စီမံကိန်းကြီးများဖြစ်သော အီတိုင်းပု

> **အီတိုင်းပုစီမံကိန်းသည် နည်းပညာစွမ်းပကားနှင့် သဘာဝပတ်ဝန်းကျင် ရေရှည်တည်တံ့ရေးကို မည်သို့ဟန်ချက်ညီအောင် တည်ဆောက်ရမည်ဆိုသည့် ပြယုဂ်တစ်ခုပင် ဖြစ်ပါသည်။ မြန်မာနိုင်ငံအနေဖြင့်လည်း ထိုသို့သော စံပြ စီမံကိန်းကြီးများ၏ အတွေ့အကြုံကိုရယူကာ စွမ်းအင်လိုအပ်ချက်နှင့် သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေးကို အချိုးညီညီပေါင်းစပ်နိုင်ပါက ရေအားလျှပ်စစ် ကဏ္ဍသည် တိုင်းပြည်၏ စီးပွားရေးအရှိန်အဟုန်ကို မြှင့်တင်ပေးမည့် အဓိက မောင်းနှင်အားဖြစ်လာမည်မှာ မလွဲကေန်ဖြစ်**

(Itaipu) နှင့် မြစ်ကျဉ်းသုံးသွယ်ရေကာတာ (Three Gorges Dam) တို့က သက်သေပြလျက်ရှိပါသည်။

### အနာဂတ်စွမ်းအင်ကဏ္ဍအတွက် မရှိမဖြစ်လိုအပ်သော မြစ်ဆုံစီမံကိန်း

စာရေးသူက ထိုကမ္ဘာကျော်စီမံကိန်းကြီးများ၏ အောင်မြင်မှုများကို လေ့လာပြီး မြန်မာနိုင်ငံ၏ အနာဂတ်စွမ်းအင်ကဏ္ဍအတွက် မရှိမဖြစ်လိုအပ်သော မြစ်ဆုံစီမံကိန်းအပေါ် မည်သို့အကျိုးပြုနိုင်မည်ကို အသေးစိတ်တင်ပြသွားမည် ဖြစ်ပါသည်။

**ဘရာဇီးနှင့် ပါရာဂွေးနိုင်ငံတို့၏ နယ်စပ်ရှိ ပါရာနားမြစ် (Paranã River)ပေါ်တွင် ခံ့ညားထည်ဝါစွာ တည်ရှိနေသော အီတိုင်းပု(Itaipu) ရေအားလျှပ်စစ်စီမံကိန်းသည် လူသားတို့၏ ဆန်းသစ်သော အင်ဂျင်နီယာအတတ်ပညာနှင့် သဘာဝပတ်ဝန်းကျင်ရေရှည်တည်တံ့ရေးမူဝါဒတို့ကို ဟန်ချက်ညီညီ ပေါင်းစပ်ထုဆစ်ထားသည့် ကမ္ဘာ့အံ့ဖွယ်တစ်ခု ဖြစ်ပါသည်။ အဆိုပါစီမံကိန်းသည် ဆယ်စုနှစ်များစွာတိုင်အောင် ကမ္ဘာ့အကြီးဆုံး လျှပ်စစ်ဓာတ်အားထုတ်လုပ်ရာ အချက်အချာနေရာအဖြစ် ဂုဏ်ယူစွာ ရပ်တည်နိုင်ခဲ့ပြီး ယနေ့ထက်တိုင်အောင်ပင် တောင်အမေရိကတိုက်၏ စွမ်းအင်ကဏ္ဍတွင် မရှိမဖြစ်အရေးပါသော ကျောရိုးတိုင်အဖြစ် ခိုင်မာစွာ တည်ရှိနေပါသည်။**

သဘာဝမြစ်ကြောင်း၏ အရှိန်အဟုန်ကို အသုံးချကာ နိုင်ငံနှစ်နိုင်ငံ၏ စီးပွားရေးအနာဂတ်ကို လင်းထိန်စေခဲ့သည့် အဆိုပါစီမံကိန်းသည် ဖွံ့ဖြိုးတိုးတက်မှုနှင့် ဂေဟစနစ်ထိန်းသိမ်းမှုကို မည်သို့မျှတစွာ ဖော်ဆောင်နိုင်သည်ဆိုသည့် သင်ခန်းစာကို ကမ္ဘာကို ထင်ရှားစွာပြသလျက်ရှိပါသည်။

၁၉၆၀ ပြည့်နှစ်များအတွင်း ဘရာဇီးနှင့် ပါရာဂွေး နှစ်နိုင်ငံစလုံးသည် လျင်မြန်စွာ တိုးတက်လာသော စက်မှုကဏ္ဍအတွက် လိုအပ်သည့် စွမ်းအင်လိုအပ်ချက်ကို ဖြည့်ဆည်းရန် နယ်စပ်မြစ်ကြောင်းကို အသုံးချနိုင်မည့်နည်းလမ်းများကို အဖြေရှာခဲ့ကြပါသည်။ ထိုသို့ ကြိုးပမ်းခဲ့ရာမှ ၁၉၆၆ ခုနှစ်တွင် "Iguaçu Act" ကို အောင်မြင်စွာလက်မှတ်ရေးထိုးနိုင်ခဲ့ပြီးနောက် ၁၉၇၃ ခုနှစ်တွင် "Itaipu Binacional" အမည်ရှိ အဖွဲ့အစည်းကို ပူးပေါင်းဖွဲ့စည်းကာ ရောမဆည်ကြီး တည်ဆောက်ရေးလုပ်ငန်းကို စတင်ခဲ့ပါသည်။ ယင်းစာချုပ်သည် နိုင်ငံနှစ်နိုင်ငံအကြား သဘာဝအရင်းအမြစ်များကို တန်းတူညီမျှခွဲဝေသုံးစွဲခြင်းဆိုင်ရာ ကမ္ဘာ့အကောင်းဆုံးစံနမူနာတစ်ခု ဖြစ်လာခဲ့ပါသည်။

အီတိုင်းပုဆည်ကို တည်ဆောက်ရာတွင် အသုံးပြုခဲ့သည့် ကုန်ကြမ်းပစ္စည်းပမာဏမှာ အံ့မခန်းဖွယ်ရာ ဖြစ်ပါသည်။ ဆည်တစ်ခုလုံးအတွက် အသုံးပြုခဲ့သော ကွန်ကရစ်ပမာဏသည် ကုဗမီတာ ၁၂ ဒသမ ၃ သန်းရှိပြီး ထိုပမာဏမှာ အင်္ဂလန်နှင့် ပြင်သစ်ကို ဆက်သွယ်ထားသည့် ချန်နယ်ဥမင်လိုဏ်ခေါင်း (Channel Tunnel) ၂၁ ခုစာ တည်ဆောက်နိုင်သည့် ပမာဏနှင့် ညီမျှပါသည်။ ထို့ပြင် အသုံးပြုခဲ့သည့် သံနှင့် သံမဏိပမာဏမှာလည်း ပဲရစ်မြို့ရှိ အီဖယ်မျှော်စင်(Eiffel Tower)ပေါင်း ၃၈၀ ခန့် တည်ဆောက်နိုင်သည်အထိ များပြားလှပါသည်။ ဆည်၏အမြင့်မှာ ၁၉၆ မီတာ (အထပ် ၆၅ ထပ်ရှိသော အဆောက်အအုံခန့်)ရှိပြီး အရှည်အားဖြင့် ၇ ဒသမ ၉ ကီလိုမီတာကျော်အထိ ရှည်လျားသဖြင့် လူသားတို့၏ အင်ဂျင်နီယာစွမ်းပကားကို ထင်ဟပ်စေသောပြယုဂ်တစ်ခုဖြစ်ပါသည်။

၁၉၇၈ ခုနှစ်တွင် အင်ဂျင်နီယာများက ကမ္ဘာ့အကြီးဆုံးမြစ်ကြောင်း လမ်းလွှဲမှုတစ်ခုကို ပြုလုပ်ခဲ့ပါသည်။ ကမ္ဘာ့အကြီးဆုံးမြစ်ကြောင်းများထဲမှ တစ်ခုဖြစ်သော ပါရာနားမြစ်ကို လမ်းလွှဲရန်အတွက် အရှည် ၂ ကီလိုမီတာ၊ အကျယ်မီတာ ၁၅၀ ရှိသော လမ်းကြောင်းသစ်ကို ကျောက်တောင်ကြီးများအတွင်း ဖောက်ခွဲဖန်တီးခဲ့ရပါသည်။ ယင်းသို့သော ကြိုးပမ်းအားထုတ်မှုသည် ထိုခေတ်အခါက အင်ဂျင်နီယာလောက၏ အကြီးမားဆုံးစိန်ခေါ်မှုတစ်ခု ဖြစ်ခဲ့ပါသည်။

အီတိုင်းပုတွင် တစ်ခုလျှင် မဂ္ဂါဝပ် (MW) ၇၀၀ ထုတ်လုပ်နိုင်သော ရေမတာဘိုင်စက်ကြီး အလုံး ၂၀ တပ်ဆင်ထားသဖြင့် စုစုပေါင်းထုတ်လုပ်နိုင်စွမ်းမှာ မဂ္ဂါဝပ် ၁၄၀၀၀ ရှိပါသည်။ ထူးခြားချက်မှာ ဘရာဇီးသည် 60Hz စနစ်ကို အသုံးပြုပြီး ပါရာဂွေးသည် 50Hz စနစ်ကို အသုံးပြုခြင်းဖြစ်ပါသည်။ ထို့ကြောင့် တာဘိုင်စက် ၁၀ လုံးသည် 50Hz နှင့် ကျန် ၁၀ လုံးသည် 60Hz ဖြင့် လည်ပတ်လျက်ရှိကာ စွမ်းအင်များကို လိုအပ်သလို ပြောင်းလဲပေးပို့နိုင်သောနည်းပညာစနစ်ကို ကျင့်သုံးပါသည်။

**အီတိုင်းပုစီမံကိန်းသည် ပါရာဂွေးနိုင်ငံ၏ စုစုပေါင်းလျှပ်စစ်လိုအပ်ချက် ၇၅ ရာခိုင်နှုန်းကျော်နှင့် ဘရာဇီးနိုင်ငံ၏ လိုအပ်ချက် ၁၅ ရာခိုင်နှုန်းခန့်ကို ဖြည့်ဆည်းပေးလျက်ရှိပါသည်။ အဆိုပါစီမံကိန်းမှ နှစ်စဉ်ပျမ်းမျှအားဖြင့် လျှပ်စစ်ဓာတ်အားမဂ္ဂါဝပ်နာရီ (MWh) သန်း ၉၀ ကျော် ထုတ်လုပ်ပေးနေပြီး ယင်းပမာဏသည် နှစ်နိုင်ငံစလုံး၏ စက်မှုကဏ္ဍနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် မရှိမဖြစ်လိုအပ်သော အဓိကမဏ္ဍိုင်ဖြစ်လာခဲ့ပါသည်။**

အီတိုင်းပုစီမံကိန်း၏ အထူးခြားဆုံးအောင်မြင်မှုတစ်ခုမှာ သဘာဝပတ်ဝန်းကျင်ပြန်လည်ထိန်းသိမ်းရေး လုပ်ငန်းများဖြစ်ပါသည်။ ဆည်ပတ်လည်တွင် "ဇီဝမျိုးစုံမျိုးကွဲစင်္ကြံ" (Biodiversity Corridor) ကို တည်ထောင်ခဲ့ပြီး သစ်ပင်ပေါင်း သန်း ၄၀ ကျော်ကို ပြန်လည်စိုက်ပျိုးခဲ့ပါသည်။ သစ်တောများသည် ဆည်အတွင်း နုန်းဝင်ရောက်မှုကို ကာကွယ်ပေးသကဲ့သို့ တောရိုင်းတိရစ္ဆာန်များအတွက် ဘေးမဲ့တောသဖွယ်ဖြစ်ပေါ်စေခဲ့ပါသည်။

ထို့အပြင် ငါးသယံဇာတများ မပြုန်းတီးစေရန်အတွက် "Canal da Piracema" ဟု ခေါ်သော ၁၀ ကီလိုမီတာ ရှည်လျားသည့် ငါးကူးလမ်းကြောင်းကို တည်ဆောက်ခဲ့ပါသည်။ ထိုလမ်းကြောင်းသည် ငါးများအတွက် မီတာ ၁၂၀ မြင့်သော ဆည်ကြီးကို ဘေးကင်းစွာကျော်ဖြတ်ကာ မြစ်အထက်ပိုင်းသို့ သဘာဝအတိုင်း ဆန်တက်နိုင်ရန် လမ်းဖွင့်ပေးထားခြင်းဖြစ်ပါသည်။ ရေအရည်အသွေးကို ထိန်းသိမ်းရန်နှင့် နုန်းပို့ချမှုကို လျှော့ချရန်အတွက် ခေတ်မီနည်းပညာများကို အသုံးပြုထားခြင်းကြောင့်လည်း မြစ်ကြောင်း၏ ဂေဟစနစ်မှာ ရေရှည်တည်တံ့နေခြင်းဖြစ်ပါသည်။ ထိုသို့ ဆောင်ရွက်ချက်များကြောင့် အီတိုင်းပုသည် စွမ်းအင်ထုတ်လုပ်မှုနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းမှုကို အကောင်းဆုံးပေါင်းစပ်နိုင်သည့် စံပြစီမံကိန်းတစ်ခုအဖြစ် ရပ်တည်နေပါသည်။

ဆည်တစ်ခု၏ ရေရှည်တည်တံ့ခိုင်မြဲမှုသည် နုန်းမြေပို့ချမှုကို မည်မျှထိရောက်စွာ ထိန်းချုပ်နိုင်သည်ဆိုသည့် အချက်အပေါ်တွင် များစွာမူတည်ပါသည်။ ဆည်အတွင်းနုန်းမြေများ ပိတ်မိမှုကို လျှော့ချရန်နှင့် မြစ်အောက်ပိုင်းရှိ မြေဆီလွှာအရည်အသွေးကို မထိခိုက်စေရန်အတွက် ခေတ်မီနုန်းထုတ်ပြွန်စနစ်များ (Sediment Management Systems) ကို အသုံးပြုလျက်ရှိပါသည်။ ထိုကဲ့သို့ စနစ်တကျစီမံခန့်ခွဲမှုများကြောင့် ဆည်၏သက်တမ်းကို နှစ်ပေါင်း ၂၀၀ နီးပါးအထိ ရှည်ကြာစေရန် ရည်မှန်းထားခြင်း ဖြစ်ပါသည်။

ထို့အပြင် လက်ရှိတွင် လည်ပတ်မှုသက်တမ်း ဆယ်စုနှစ် လေးခုနီးပါးရှိလာပြီဖြစ်သော စက်ကိရိယာများကို ခေတ်မီဒီဂျစ်တယ်စနစ်များဖြင့် အစားထိုးသည့် "Technological Modernization" အစီအစဉ်ကို အကောင်အထည်ဖော်ဆောင်ရွက်လျက် ရှိပါသည်။ ယခုကဲ့သို့ နည်းပညာအဆင့်မြှင့်တင်ခြင်းသည် လျှပ်စစ်ထုတ်လုပ်မှု စွမ်းဆောင်ရည်ကို ပိုမိုမြင့်မားစေရုံသာမက ဆည်ကြီးအား နောင်လာမည့် ဆယ်စုနှစ်ပေါင်းများစွာအထိ ဘေးကင်းချောမွေ့စွာဖြင့် ရေရှည်တည်တံ့ခိုင်မြဲစွာ လည်ပတ်နိုင်စေမည် ဖြစ်ပါသည်။

### အာရုံခံကိရိယာပေါင်း ၂၅၀၀ ကျော် တပ်ဆင်

**ဆည်အတွင်းတွင် အာရုံခံကိရိယာ (Sensors) ပေါင်း ၂၅၀၀ ကျော် တပ်ဆင်ထားပြီး ဆည်၏ကြံ့ခိုင်မှု၊ ရေဖိအားနှင့် မြေငလျင်ဒဏ်ခံနိုင်ရည်ရှိမှုတို့ကို ၂၄ နာရီပတ်လုံး စောင့်ကြည့်နေပါသည်။ ထိုသို့ စနစ်တကျ ဂရုတစိုက်ထိန်းသိမ်းခြင်းကြောင့် အီတိုင်းပုသည် ကမ္ဘာ့ဘေးအကင်းဆုံးဆည်များထဲတွင် ပါဝင်နေပါသည်။ အီတိုင်းပုသည် "Itaipu Technological Park" (PTI) ကို တည်ထောင်ကာ စွမ်းအင်နှင့် နည်းပညာဆိုင်ရာသုတေသနများကို ပံ့ပိုးပေးလျက်ရှိပါသည်။ အဆိုပါနည်းပညာဥယျာဉ်သည် ကျောင်းသားများနှင့် သုတေသီများအတွက် ခေတ်မီနည်းပညာများကို လေ့လာနိုင်မည့်ဗဟိုချက် တစ်ခုဖြစ်ပါသည်။**

စီမံကိန်းသည် နှစ်နိုင်ငံအစိုးရထံသို့ နှစ်စဉ် "Royalty" ခေါ် အခွန်ငွေအမြောက်အမြားပေးဆောင်လျက်ရှိပြီး ထိုရန်ပုံငွေများကို ကျန်းမာရေး၊ ပညာရေးနှင့် အခြေခံအဆောက်အအုံ ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် အသုံးချလျက်ရှိပါသည်။ ထိုသို့ လုပ်ဆောင်နိုင်ခြင်းသည် ဒေသခံပြည်သူများ၏ လူနေမှုဘဝကို တိုက်ရိုက်မြှင့်တင်ပေးနိုင်ခဲ့ပါသည်။ ထို့ပြင် အီတိုင်းပုသည် ခရီးသွားလုပ်ငန်းအတွက်လည်း အထူးဆွဲဆောင်မှုရှိသော နေရာတစ်ခုလည်း ဖြစ်ပါသည်။ ဆည်ကြီး၏ ခံ့ညားထည်ဝါမှု၊ ရေပိုလွှဲ (Spillway) မှရေများ အဟုန်ပြင်းစွာစီးဆင်းပုံ နှင့် ညဘက်တွင် လျှပ်စစ်မီးအလှများဖြင့် ဝေဝေဆာဆာဆင်ယင်ထားမှုတို့သည် နှစ်စဉ်ကမ္ဘာလှည့်ခရီးသွားသန်းပေါင်းများစွာကို ဆွဲဆောင်လျက်ရှိပါသည်။

ကာဗွန်ထုတ်လွှတ်မှု လျှော့ချရေးတွင်လည်း အီတိုင်းပု၏ အခန်းကဏ္ဍမှာ အလွန်ကြီးမားလှပါသည်။ အဆိုပါစီမံကိန်းမှထုတ်လုပ်သော ရေအားလျှပ်စစ်သည် နှစ်စဉ် ကာဗွန်ဒိုင်အောက်ဆိုက်တန်ချိန်သန်းပေါင်းများစွာ လေထုအတွင်းရောက်ရှိမှုကို ဟန့်တားပေးထားပါသည်။ ယင်းကဲ့သို့သော လက်တွေ့ဆောင်ရွက်ချက်များသည် ကမ္ဘာကြီးပူနွေးမှုကို တိုက်ဖျက်ရာတွင် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်သည် မည်မျှအရေးပါကြောင်း သက်သေပြနေသည့် ပြယုဂ်တစ်ခုပင် ဖြစ်ပါသည်။

အနှစ်ချုပ်အားဖြင့် **အီတိုင်းပုစီမံကိန်းသည် နည်းပညာစွမ်းပကားနှင့် သဘာဝပတ်ဝန်းကျင် ရေရှည်တည်တံ့ရေးကို မည်သို့ဟန်ချက်ညီအောင် တည်ဆောက်ရမည်ဆိုသည့် ပြယုဂ်တစ်ခုပင် ဖြစ်ပါသည်။ မြန်မာနိုင်ငံအနေဖြင့်လည်း ထိုသို့သော စံပြစီမံကိန်းကြီးများ၏ အတွေ့အကြုံကို ရယူကာ စွမ်းအင်လိုအပ်ချက်နှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးကို အချိုးညီညီ ပေါင်းစပ်နိုင်ပါက ရေအားလျှပ်စစ်ကဏ္ဍသည် တိုင်းပြည်၏ စီးပွားရေး အရှိန်အဟုန်ကို မြှင့်တင်ပေးမည့် အဓိကမောင်းနှင်အားဖြစ်လာမည်မှာ မလွဲကေန် ဖြစ်ပေတော့သည်။** ။

# ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးနိုင်ဦး အခြေခံပညာကျောင်းပေါင်းစုံ အမျိုးသားပိုက်ကျော်ခြင်းပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ တက်ရောက်

**စစ်တွေ ဇူလိုင် ၁၅**

၂၀၂၆ ခုနှစ် အခြေခံပညာကျောင်းပေါင်းစုံ အမျိုးသားပိုက်ကျော်ခြင်းပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကို ယနေ့နံနက်ပိုင်းက စစ်တွေမြို့ ဓညဝတီအားကစားခန်းမ၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးနိုင်ဦး၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာများ၊ အားကစားအသင်းများနှင့် အားကစားဝါသနာရှင်များ တက်ရောက် ကြည့်ရှုအားပေးကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် အခြေခံပညာကျောင်းပေါင်းစုံ အမျိုးသား ပိုက်ကျော်ခြင်းပြိုင်ပွဲ ဗိုလ်လုပွဲစဉ်ဖြစ်သည့် အမှတ်(၆) အခြေခံပညာ အထက်တန်းကျောင်းအသင်းနှင့် အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်းအသင်းတို့ ယှဉ်ပြိုင်ကစားနေမှုကို ကြည့်ရှုအားပေးကြသည်။



ထို့နောက် ဆုချီးမြှင့်ပွဲကို ကျင်းပရာ ဒုတိယဆုနှင့် တတိယဆုရရှိသည့် အသင်းများအား ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးနှင့် ပြည်နယ်လူမှုရေးရာဝန်ကြီးတို့က တစ်ဦးချင်းဆုတံဆိပ်နှင့် ဆုငွေများကို ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် ပထမဆုရရှိသည့် အမှတ်(၆) အခြေခံပညာအထက်တန်းကျောင်းအသင်းအား ရခိုင်ပြည်နယ်ဝန်ကြီးချုပ်က တစ်ဦးချင်းလည်ဆွဲဆုတံဆိပ်၊ ဆုငွေများနှင့် တံခွန်စိုက်ဆုဖလားကို ပေးအပ်ချီးမြှင့်သည်။

တင်ထွန်း(ပြန်/ဆက်)

# နိုင်ငံတော်သမ္မတ၏ လမ်းညွှန်ချက်များဖြင့် ပဲမျိုးစုံသီးနှံသုတေသနလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ လိုက်နာဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များဆွေးနွေး

**နေပြည်တော် ဇူလိုင် ၁၅**

နိုင်ငံတော်သမ္မတ၏ လမ်းညွှန်ချက်များဖြင့် ပဲမျိုးစုံသီးနှံ သုတေသနလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ လိုက်နာဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ ဆွေးနွေးခြင်းကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော် ဇေယျာသီရိမြို့နယ် ရေဆင်းရှိ စိုက်ပျိုးရေး သုတေသနဦးစီးဌာန နဝရတ်ခန်းမ၌ ကျင်းပသည်။



**တက်ရောက်**

အစည်းအဝေးသို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာရဲတင့်ထွန်း၊ စိုက်ပျိုးရေးဦးစီးဌာန၊ စိုက်ပျိုးရေးသုတေသနဦးစီးဌာနတို့မှ ညွှန်ကြားရေးမှူးချုပ်များ၊ စိုက်ပျိုးရေးတက္ကသိုလ် ပါမောက္ခများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ သုတေသနပညာရှင်များ တက်ရောက်ကြသည်။

ဦးစွာ ဒုတိယဝန်ကြီးက ယနေ့အချိန်တွင် အဓိကအားဖြင့် လိုချင်သော ရလဒ်မှာ မတ်ပဲသီးနှံတွင် အစေ့အရွယ်အစား (3.25mm) ၏အထက် ၅၀ ရာခိုင်နှုန်း ရရှိစေရန်နှင့် အဝါရောင်မိုစေ့ရောဂါဒဏ်ခံနိုင်ပြီး အစေ့အရောင် ညီညာတောက်ပမှု ရှိရမည်ဖြစ်ကြောင်း၊ ပဲပုပ်သီးနှံတွင်လည်း ဆီထွက်ပဲပုပ်နှင့် အစေ့စားပဲပုပ်ဟူ၍ ဒေသအလိုက် ကွဲပြားလျက်ရှိသည်ကိုတွေ့ရပြီး ဆီထွက်ပဲပုပ်ကိုအဓိကထား၍ စပါးအပြီး ပဲပုပ်စိုက်ပျိုးစေလိုကြောင်း၊ အထွက်နှုန်းကောင်း ရောဂါဒဏ်ခံမျိုးများကိုအတွဲလိုက် သုတေသနပြုလုပ်ရန်နှင့် ခိုင်ခိုင်မာမာနှင့် မြန်မြန်ဆန်ဆန်ဖြစ်ရန် လိုအပ်ကြောင်း ဆွေးနွေးပြောကြားပြီး ဆွေးနွေးပွဲတက်ရောက်လာကြသော ပညာရှင်များ၊ သုတေသီများက မိမိတို့ဆောင်ရွက်မည့် သုတေသနလုပ်ငန်းစဉ်များကို တင်ပြကြရာ ဒုတိယဝန်ကြီးက လိုအပ်ချက်များ ဖြည့်စွက်ဆွေးနွေး မှာကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ပြည်မြို့၌ အရန်သားဖွားဆရာမများ လုပ်ငန်းဆောင်ရွက်ခြင်းဆိုင်ရာ ဆွေးနွေးပွဲကျင်းပ

**ပြည် ဇူလိုင် ၁၅**

ပဲခူးတိုင်းဒေသကြီး ပြည်မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနက မြို့နယ်အတွင်းရှိ "အရန်သားဖွားဆရာမများ လုပ်ငန်းဆောင်ရွက်ခြင်းဆိုင်ရာ ဆွေးနွေးပွဲ" ကို ပြည်မြို့ရှိ ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ယမန်နေ့က ကျင်းပသည်။

ဆွေးနွေးပွဲဖွင့်ပွဲအခမ်းအနားတွင် ပြည်မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဦးစီးဌာနမှူးက အဖွင့်အမှာစကားပြောကြားသည်။

ထိုသို့ ဆွေးနွေးပွဲ ဆောင်ရွက်ရာတွင် ပြည်မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ တာဝန်ခံဆရာများက ဦးဆောင်၍ မိခင်နှင့်ကလေးကျန်းမာရေး စောင့်ရှောက်မှုနည်းစနစ်များ၊ သားဖွားခြင်းဆိုင်ရာ အရေးပေါ်အခြေအနေများတွင် တုံ့ပြန်ဆောင်ရွက်ရမည့်နည်းလမ်းများ၊ အရန်သားဖွားဆရာမများ လိုက်နာရမည့် ကျန်းမာရေးဆိုင်ရာ လမ်းညွှန်ချက်များနှင့် မြေပြင်လုပ်ငန်းခွင်၌ ကြုံတွေ့ရသည့် အတွေ့အကြုံ အခက်အခဲများကို အပြန်အလှန် ဝိုင်းဝန်းဆွေးနွေးကြသည်။



အဆိုပါ ဆွေးနွေးပွဲသို့ ပြည်မြို့နယ်အတွင်းရှိ ကျေးရွာအသီးသီးမှ အရန်သားဖွားဆရာမ ၄၁ ဦး တက်ရောက်ဆွေးနွေးလျက်ရှိပြီး ဆွေးနွေးပွဲကာလမှာ ဇူလိုင် ၁၃ ရက်မှ ၁၇ ရက်အထိ စုစုပေါင်း ငါးရက်တာ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ဝဏ္ဏထွန်း(ပြန်/ဆက်)

❖ မြန်မာအမျိုးသမီးလိဂ်မှ

နိုင်ငံခြားသားကစားသမား သုံးဦး အပါအဝင် အမာခံကစားသမားများ အသုံးပြုခဲ့သည်။ ရန်ကုန်ယူနိုက်တက်အသင်းသည် ခြေအသာဖြင့် ကစားကာ အနိုင်ဂိုးများကို ၄၀၊ ၈၉ မိနစ်တွင် ဇင်မိုးပြည့်၊ ၅၉ မိနစ်တွင် နန်းချိုမွှေးတို့က သွင်းယူခဲ့သည်။ ယခုပွဲအတွက် အကောင်းဆုံးကစားသမားဆု (AYA Pay player of the Match) ကို ရန်ကုန်ယူနိုက်တက်အသင်းမှ နန်းချိုမွှေးက ရရှိပြီး အမှတ်တရဆုနှင့် ဆုကြေးကျပ် ငါးသိန်းရရှိသည်။

ပွဲစဉ် (၅) အပြီးတွင် အား/ကာသိပ္ပံ (ISPE) အသင်းက ရမှတ် ၁၅ မှတ်ဖြင့် ထိပ်ဆုံးတွင် ဆက်လက်ဦးဆောင်နေပြီး ရှေ့ဝတီနှင့် ရန်ကုန်ယူနိုက်တက်အသင်းက ၁၂ မှတ်စီ၊ ရှမ်းယူနိုက်တက်အသင်းက ၁၀ မှတ်၊ ရတနာပုံအသင်းက ကိုးမှတ်၊ Young Lionesses အသင်းက ခြောက်မှတ်၊ သစ္စာအားမာန်အသင်းက လေးမှတ်၊ မြဝတီနှင့် ဖွဲ့ကပင်ယူနိုက်တက်အသင်းက သုံးမှတ်စီရရှိထားကာ ရန်ကုန်စီးတီးအသင်းမှာမူ ငါးပွဲစလုံးရှုံးကာ အမှတ်မရသေးပေ။

**သတင်း-ကိုညီလေး**
**ဓာတ်ပုံ-MWL**

✣ ပြင်သစ်အသင်းမှ

ပက်ဒရိုပေါ်ရိုကတစ်ဂိုးသွင်းယူပေးခဲ့တာဖြစ်ပါတယ်။

ပြင်သစ်အသင်းဟာ ၂၀၁၈ ခုနှစ်ကမ္ဘာ့ဖလားပြိုင်ပွဲမှာ ချန်ပီယံဖြစ်ခဲ့ပြီး ၂၀၂၂ ခုနှစ်ကမ္ဘာ့ဖလားပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲစဉ်မှာ အာဂျင်တီးနားအသင်းကို ပင်နယ်တီအဆုံးအဖြတ်မှာ ရှုံးနိမ့်ကာ ချန်ပီယံဆုနဲ့လွဲခဲ့ရသလို ယခု ၂၀၂၆ ခုနှစ်ကမ္ဘာ့ဖလားမှာတော့ ဆီမီးဖိုင်နယ်မှာ စပိန်အသင်းကို ဂိုးပြတ် ရှုံးနိမ့်ကာ ပြိုင်ပွဲကို နှုတ်ဆက်ခဲ့ရတာဖြစ်ပါတယ်။

ဒါကြောင့် ပြင်သစ်အသင်းကို ၂၀၁၂ ခုနှစ်ကတည်းက တာဝန်ယူကိုင်တွယ်ခဲ့တဲ့ နည်းပြဒက်ချမ့်ဟာလည်း ပြင်သစ်နည်းပြဘဝကနေ နှုတ်ဆက်ထွက်ခွာတော့မှာလည်းဖြစ်ပါတယ်။

စပိန်အသင်းကတော့ ယခုကမ္ဘာ့ဖလားပြိုင်ပွဲမှာ ဗိုလ်စွဲဖို့ ရေပန်းစားနေတဲ့ ပြင်သစ်အသင်းကို အနိုင်ရရှိကာ ဗိုလ်လုပွဲကို တက်လှမ်းနိုင်ခဲ့ပြီဖြစ်တာကြောင့် ဗိုလ်လုပွဲမှာ လက်ရှိချန်ပီယံအာဂျင်တီးနားအသင်းနဲ့ အင်္ဂလန်အသင်းတို့ပွဲစဉ်မှာ အနိုင်ရတဲ့အသင်းနဲ့ ယှဉ်ပြိုင်ကစားရမှာဖြစ်ပါတယ်။

စပိန်အသင်းဟာ ၂၀၁၀ ပြည့်နှစ်က ကမ္ဘာ့ဖလားကို ပထမဆုံးအကြိမ်ဆွတ်ခူးနိုင်ခဲ့တာဖြစ်ပြီး ယခုကမ္ဘာ့ဖလားမှာ ချန်ပီယံဆု ဆွတ်ခူးကာ ကမ္ဘာ့ဖလားကို ဒုတိယအကြိမ်ဆွတ်ခူးနိုင်ဖို့ မျှော်လင့်ထားတာဖြစ်ပါတယ်။

**ငွေကြယ်**



# မြန်အောင်မြို့နယ် အားကစားနှင့် ကာယပညာကော်မတီ ဥက္ကဋ္ဌဖလား အမျိုးသားဘောလုံးပြိုင်ပွဲ ကျင်းပ

**မြန်အောင် ဇူလိုင် ၁၅**

မြန်အောင်မြို့နယ် အားကစားနှင့်ကာယပညာကော်မတီဥက္ကဋ္ဌဖလား အသက် ၂၂ နှစ်အောက် အမျိုးသား ဘောလုံးပြိုင်ပွဲကို ယနေ့မွန်းလွဲပိုင်းက မြန်အောင်မြို့နယ် ပြည်သူ့အားကစားကွင်း၌ ကျင်းပသည်။

အခမ်းအနားတွင် မြန်အောင်ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးတင်ဝင်းရွှေက အမှာစကားပြောကြားပြီး တာဝန်ရှိသူများအား အားကစားအထောက်အကူပစ္စည်းများ ပေးအပ်သည်။

အဆိုပါပြိုင်ပွဲတွင် မြန်အောင်မြို့နယ်အတွင်းရှိ ရပ်ကွက်နှင့် ကျေးရွာအုပ်စု ၇၃ အုပ်စုအတွင်းရှိ တိုက်နယ်အလိုက် လက်ရွေးစင်အသင်းရှစ်သင်းဖွဲ့စည်းပြီး ဇူလိုင် ၁၅ ရက်မှ ဩဂုတ် ၄ ရက်အထိ ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သိရသည်။

**ရှောဦးသာ**

❖ နိုင်ငံတော် ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။

❖ နိုင်ငံတော် ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော် သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။

# နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို လက်ခံယုံကြည်လာသည့် ကရင်ငြိမ်းချမ်းမှုထိန်းသိမ်းရေးတပ်ဖွဲ့(KPMF)နှင့် KNLA အဖွဲ့တို့မှ အဖွဲ့ဝင် ၄၁ ဦး လက်နက်၊ ခဲယမ်းများနှင့်အတူ ဥပဒေဘောင်အတွင်းသို့ ထပ်မံဝင်ရောက်၊ မိဘအုပ်ထိန်းသူများထံ စနစ်တကျလွှဲပြောင်းအပ်နှံ



မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဝင်းသန်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးကျော်လင်းမောင်၊ တိုင်းမှူးဗိုလ်မှူးချုပ်သူရဇော်လွင်စိုးနှင့် တာဝန်ရှိသူများက ဥပဒေဘောင်အတွင်းသို့ ထပ်မံဝင်ရောက်လာသည့် ကရင်ငြိမ်းချမ်းမှုထိန်းသိမ်းရေးတပ်ဖွဲ့(KPMF)နှင့် KNLA အဖွဲ့တို့မှ အဖွဲ့ဝင် ၄၁ ဦး၏ လက်နက်၊ ခဲယမ်းများအား ကြည့်ရှုစဉ်။

နေပြည်တော် ဇူလိုင် ၁၅

တပ်မတော်အနေဖြင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို အစဉ်တစိုက် အလေးထားဆောင်ရွက်လျက်ရှိသည်နှင့်အညီ အကြမ်းဖက်ချေမှုန်းမှုစစ်ဆင်ရေး(Counter – Terrorism Operation)များတွင် အောင်မြင်မှုများရရှိကာ အကြမ်းဖက်သောင်းကျန်းသူများ ယာယီထိန်းချုပ်ထားသည့် နယ်မြေများအား အပြီးတိုင် ပြန်လည်ထိန်းချုပ်နိုင်ခဲ့မှုများအပေါ် ဒေသခံတိုင်းရင်းသားပြည်သူများအနေဖြင့် ဝမ်းသာအားရ ကြိုဆိုထောက်ခံလျက်ရှိကြပြီး စိတ်အားထက်သန်စွာ အားပေးထောက်ခံမှုများ၊ ယုံကြည်အားကိုးမှုများဖြင့် တပ်မတော်နှင့်အတူ ပူးပေါင်းပါဝင်ဆောင်ရွက်လာခဲ့ခြင်းများကြောင့် လက်နက်ကိုင်အကြမ်းဖက်အဖွဲ့ဝင်များအနေဖြင့်လည်း ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များအပေါ် နားလည်သဘောပေါက်လာကြကာ နီးစပ်ရာနယ်မြေခံတပ်စခန်းများနှင့် လုံခြုံရေးရဲကင်းများတွင် လာရောက်သတင်းပို့ပြီး ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်လျက်ရှိကြသည်။

စာမျက်နှာ ၁၅ ကော်လံ ၁ သို့ ☆

## နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် နေရာကွက်၍မိုးကြီးနိုင်

နေပြည်တော် ဇူလိုင် ၁၅

ယနေ့နံနက် ၆ နာရီခွဲ တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားကောင်းနေခြင်းကြောင့်လည်းကောင်း၊ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော အိန္ဒိယနိုင်ငံ အနောက်ဘင်္ဂလားပြည်နယ်၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံ ကမ်းခြေတို့တွင် ဖြစ်ပေါ်လာနိုင်သည့် လေဖိအားနည်းရပ်ဝန်း၏ အရှိန်ကြောင့်လည်းကောင်း ယနေ့နံနက်မှ ဇူလိုင် ၂၁ ရက်အတွင်း နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် နေရာကွက်၍ မိုးကြီးနိုင်သည်။

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၉ ပေမှ ၁၂ ပေခန့် ရှိနိုင်သည်။

စာမျက်နှာ ၁၅ ကော်လံ ၁ သို့ ○

## မြန်မာအမျိုးသမီးလိဂ်ပြိုင်ပွဲတွင် ရန်ကုန်ယူနိုက်တက်အသင်း အမှတ်ပြည့်ရယူ

ရန်ကုန် ဇူလိုင် ၁၅

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် မြန်မာနေရှင်နယ်လိဂ်က ကြီးမှူး၍ Max Energy ၏ အဓိကပံ့ပိုးကူညီမှုဖြင့် ကျင်းပသည့် ၂၀၂၆–၂၀၂၇ ရာသီ မြန်မာအမျိုးသမီးလိဂ်ပြိုင်ပွဲ ပွဲစဉ်(၅) နောက်ဆုံးနေ့ကို ဇူလိုင် ၁၅ ရက်က YUSC ကွင်း၌ ကျင်းပရာ ရန်ကုန်ယူနိုက်တက်အသင်းက ဖွဲ့ကပင်ယူနိုက်တက်အသင်းကို သုံးဂိုး – ဂိုးမရှိဖြင့် အနိုင်ရရှိသည်။



ဖွဲ့ကပင်ယူနိုက်တက်အသင်းနှင့် ရန်ကုန်ယူနိုက်တက်အသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။

ရန်ကုန်ယူနိုက်တက်အသင်းသည် ဖွဲ့ကပင်ယူနိုက်တက်အသင်းကို အနိုင်ယူပြီး နိုင်ပွဲပြန်ရာတွေ့သော်လည်း ဖွဲ့ကပင်ယူနိုက်တက်အသင်းမှာမူ ရာသီအစ အဖွင့်ပွဲတွင် အနိုင်ရပြီးကတည်းက လေးပွဲဆက်တိုက် ရှုံးပွဲကြုံတွေ့ခဲ့သည်။ ရန်ကုန်ယူနိုက်တက်အသင်းသည် ဆွေမာအောင်၊ ဇင်မိုးပြည့်၊ နန်းစနေမ၊ စုစုကြည်တို့ဖြင့် လူစုံခဲ့သလို ဖွဲ့ကပင်ယူနိုက်တက်အသင်း ကလည်း

စာမျက်နှာ ၁၈ ကော်လံ ၅ သို့ ❖

## ပြင်သစ်အသင်းကို နှစ်ဂိုးပြတ်ဖြင့်အနိုင်ရပြီး စပိန်အသင်း ကမ္ဘာ့ဖလားဗိုလ်လုပွဲတက်လှမ်း



ပြင်သစ်အသင်းနှင့် စပိန်အသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။

ပြင်သစ်အသင်းနဲ့ စပိန်အသင်းတို့ ဇူလိုင် ၁၅ ရက် နံနက်ပိုင်းက ယှဉ်ပြိုင်ကစားခဲ့တဲ့ ကမ္ဘာ့ဖလား ဆီမီးဖိုင်နယ်အဆင့် ပွဲစဉ်မှာ စပိန်အသင်းက နှစ်ဂိုးပြတ်ဖြင့် အနိုင်ရပြီး နောက်ဆုံးဗိုလ်လုပွဲကို တက်လှမ်းနိုင်ခဲ့ပါတယ်။

ပြင်သစ်အသင်းနဲ့ စပိန်အသင်းတို့ပွဲစဉ်မှာ စပိန်အသင်းအတွက် သွင်းဂိုးတွေကို ပထမပိုင်းပွဲကစားချိန် ၂၂ မိနစ်မှာ အိုယာဇာဘယ်က ပင်နယ်တီကနေ သွင်းယူခဲ့တဲ့ သွင်းဂိုးတစ်ဂိုး၊ ၅၈ မိနစ်မှာ

စာမျက်နှာ ၁၈ ကော်လံ ၅ သို့ ✣

## ယနေ့ ဖတ်စရာ


လွှတ်တော်ကိုယ်စားလှယ်များ စွမ်းရည်မြှင့်တင်ရေးအတွက် နိုင်ငံတော်၏ ပညာရေးကဏ္ဍမြှင့်တင်ရေးဆိုင်ရာ ဆောင်ရွက်ချက်များ ပညာရေးဝန်ကြီးဌာန ရှင်းလင်းတင်ပြ စာမျက်နှာ » ၄

တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၂၃ ရက်မြောက်နေ့ ကျင်းပ စာမျက်နှာ » ၅

မြန်မာ့အလုပ်သမားထု သတိပြုဆင်ခြင်နိုင်ကြစေဖို့ ... ဆောင်းပါး စာမျက်နှာ » ၁၀

မဟာဗျူဟာမြောက် စွမ်းအင်စီမံကိန်းနှင့် အမြင်သစ် မြန်မာနိုင်ငံ၏အနာဂတ် အပိုင်း (၁) ဆောင်းပါး စာမျက်နှာ » ၁၇